www.burmeseclassic.com

# အိုစွမ်းပြည့်

## လ ခိုဝင်တဲ့ ရင်ခွင်



Design : Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

# အိုစွမ်းပြည့်

## လခိုဝင်တဲ့ရင်ခွင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၇၅၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၀၀၀၄၀၇

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
[illegible] သာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







ညနေခင်းသည် တဖြည်းဖြည်းနှင့် အလင်းမှိန်ဖျော့ကာ အရောင်ပျောက်လာသည်။ ခပ်ဝါးဝါး အလင်းရောင်အောက်မှာ မြင်နေရသော ဟိုတယ်ငယ်လေးသည် အထီးကျန်စွာ မည်းမှောင်နေ၏။

သူ နာရီကို ငုံ့ကြည့်လိုက်တော့ ခြောက်နာရီကျော်ပြီ။ ဟိုတယ်ငယ်လေးဆီမှ ဘာအလင်းရောင်မှ မထွက်လာသေး။ တပ်စီးနည်း အဘိုးကြီးကတော့ လုပ်ပြီ။

ဒီအချိန် မီးဖွင့်သင့်ပြီ ဆိုတာ သိရက်သားနှင့် တမင်သက်သက် ပေသီးခေါက်ပြီး မဖွင့်သေးတာ ဖြစ်မည်။ ခဏကြာတော့ ဟိုတယ်ထဲမှ မီးအချို့ လင်းလက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်မှဆင်းပြီး ဂနာမငြိမ်စွာပင် ဟိုဘက် ဒီဘက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

သူ စောင့်မျှော်နေသော အလင်းရောင်က ဒီအရောင် မဟုတ်။

"မီးပွိုင့်အစိမ်းရောင် ထွန်းထားရင် မင်း ဝင်လာခဲ့၊ အေး ... အနီရောင် ထွန်းထားရင်တော့ မင်း နောက်ဆုတ်ပြီးပြန် တော့၊ ဒီခြံရှေ့ကို မင်း အရိပ်တောင် မနင်းနဲ့တော့"

သူ့ဘဝအတွက် အရေးကြီးဆုံး ဆုံးဖြတ်ချက်က မီးပွိုင့်အရောင်လေးတွေနှင့် သက်ဆိုင်နေသည်။ ရယ်စရာ ကောင်းသော်လည်း သူ မရယ်နိုင်။

သူ့ရင်တွေ တလှပ်လှပ်နှင့် ခုန်လာသည်။ သူ့တစ်သက်မှာ တစ်ခါမှ ဒီလောက် စိတ်မလှုပ်ရှားဘူး။ အခုတော့ တည်ငြိမ်အောင် ထိန်းချုပ်နေရင်းကပင် နှလုံးခုန် မြန်လာသည်။

ခဏကြာလျှင် ခုနစ်နာရီ ထိုးတော့မည်။ ထိုအခါ သူ စောင့်မျှော်နေသော အရောင်များ လင်းလက်လာပေတော့မည်။





အနီလား ... ? ။

အစိမ်းလား ... ? ။

သူ ... ရင်မောစွာ သက်ပြင်းချလိုက်သည်။

ခင့်မျက်နှာလေးကို ပြေးပြီး မြင်ယောင်မိတော့ သူ စိတ်အေးချမ်းစွာ ကားပေါ် ပြန်ထိုင်မိသွားသည်။

တစ်ခဏအကြာမှာတော့ ဟိုတယ်ငယ်လေး အရှေ့မှာ မီးပွိုင့်များ ထွန်းလင်းလာခဲ့သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် ကောင်းကင်ငယ်တစ်ခုကို သူ မှတ်မှတ်ထင်ထင် ရှာဖွေတွေ့ရှိခဲ့တာက သိပ်ပြီး မဆန်းကြယ်လှသော်လည်း သူ့အတွက်တော့ အပြာရောင် အမှတ်တရလေး ဖြစ်သွားခဲ့သည်။

နောက်ဆုံးနှစ်မှာ ကျကျန်ရစ်ခဲ့သော သူငယ်ချင်း ကျော်နိုင်နှင့် အပြင်မှာ ခဏခဏ တွေ့ဖြစ်သော်လည်း ကျောင်းမှာတွေ့တာတော့ ဒီတစ်ခါ ပထမဦးဆုံးဖြစ်၏။

အထက်တန်းကျောင်းတုန်းက အတူတူတွဲဖြစ်ခဲ့ကြသော်လည်း တက္ကသိုလ်ရောက်တော့ သူနှင့် ကျော်နိုင် ကွဲသွားခဲ့ကြသည်။





ဒဂုံတက္ကသိုလ်မှာပျော်သော ကျော်နိုင်က နောက်ဆုံးနှစ်မှာ နှစ်နှစ်နေလိုက်သေးသည်။

"လာစမ်းပါကွာ၊ ငါတို့ကျောင်းက ကောင်မလေးတွေက ချောပါတယ်"

ကျော်နိုင် ဖိတ်ခေါ်ချက်က စိတ်ဝင်စားစရာ။ သူ လွယ်လွယ်ကူကူပဲ လက်ခံလိုက်သည်။

ကျော်နိုင်ဆီ ရောက်တော့မှ ကျော်နိုင် အပိုပြောတာ မဟုတ်မှန်း သူ လက်တွေ့သိရသည်။ သူ့ကျောင်းမှာရှိသည့် ကောင်မလေးတွေနှင့် ဘာမှမဆိုင်။

အင်ဂျင်နီယာတွဲ့ယူမည့် ကျောင်းသူတွေဆိုတော့ ပုံစံက သတ်မှတ်ပြီးထားသလို ဖြစ်နေသည်။ စာတော်သည့် ကျောင်းသူတွေ၏ ပုံစံအတိုင်း အများစုက ဆံပင်တိုကပ်ကပ်နှင့် မျက်မှန်ပိုင်ရှင်တွေသာ ဖြစ်၏။

နည်းနည်းမှ ရင်ခုန်လှုပ်ရှားဖွယ် မကောင်း။ သူသဘောကျစွာ ရှိခနဲ လေချွန်လိုက်တော့ ကျော်နိုင်က ပြုံးစိစိ။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာ မမှန်ဘူးလား ဆိုသည့် သဘော။ တက္ကသိုလ်ရှိနေသည့် ခရီးအကွာအဝေးကို သူ စိတ်ပျက်ခဲ့သော်လည်း အခုတော့ လာရကျိုးနပ်ပြီ။

"အယ်လိုလဲ မင်းစည်၊ မင်း လိုက်လာရတာ တန်တယ် မဟုတ်လား"

"အေး ... တန်သွားပြီ"

သူနှင့် ကျော်နိုင်၊ လူငယ်သဘာဝ နောက်ပြောင်နေကြသော် သူ့ရင်ထဲမှာ ဘာမှမရှိ။

"လာစမ်းပါကွာ၊ ငါ့ဆီကို မင်း ခဏခဏလာရင် တစ်ယောက်မဟုတ် တစ်ယောက်တော့ စွဲမှာပဲ"

"တော်ပါတော့ကွာ၊ မစွဲခင်ပဲ ခတ်ဆီဖိုးနဲ့ မွဲလိမ့်မယ်"

"ဟား ဟား ဟား ... ခတ်ဆီဖိုးနဲ့ မွဲလည်း တစ်ယောက်တော့ အဖတ်တင်မှာပါကွာ၊ ဟော ... ပြောရင်း ဆိုရင်း တစ်ယောက် လာပြန်ပြီ"





ကျော်နိုင် အကြည့်ခသွားသည့် နေရာသို့ သူပါ လိုက်ကြည့်မိသည်။ ဆလွန်းကား အပြာရောင်လေးက သူတို့ အရှေ့မှာ ထိုးရပ်လာကာ ကောင်မလေးတစ်ယောက် ဆင်းသက်လာသည်။

သူ့မျက်ဝန်းတွေက ကောင်မလေးဆီ သက်ရောက်သွားသည့် အချိန်မှာတော့ လောကကြီးကို သူ မေ့လျော့သွားသည်။

စမ်းချောင်းလေး တစ်စင်း သူ့ရင်ထဲသို့ ဖြတ်ဆင်းသွားသည်။

ကားပေါ်မှာပါလာသော လူကြီးတစ်ယောက်က သူမလေးကို တတွတ်တွတ်နှင့် ဘာတွေ မှာနေမှန်းမသိ။ ကောင်မလေးက ခေါင်းတညိတ်ညိတ်နှင့် ပုတ်သင်ညိုလေး ဖြစ်နေရှာသည်။

ကားနောက်ခန်းမှ အညာသူပုံစံ အဒေါ်ကြီးတစ်ယောက် ဆင်းလာသည်။ ကျော်နိုင်က မထိန်းနိုင်သလို တက်ခနဲ ရယ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးဆီမှာ လှစ်ခနဲ ညွှတ်ဆင်းသွားသည့် ခံစားချက်တွေကို ပြန်ဖမ်းဆုပ်ရင်း ...

"ဘာဖြစ်တာလဲကွ"

မင်းစည် ... မင်း တွေ့တယ်မဟုတ်လား၊ အဲဒီအဒေါ်ကြီး က အဲဒီကောင်မလေးရဲ့ ဆော်ဒီဂတ်ပဲ၊ အဲဒီကောင်မလေး စာသင်ရင် အခန်းရှေ့မှာ တစ်ချိန်လုံး ထိုင်စောင့်ရတယ်၊ အိမ်သာသွားရင်လည်း အိမ်သာ လိုက်ရတယ်၊ ကန်တင်း သွားရင်လည်း ကန်တင်း လိုက်ရတယ်၊ ရှင်းရှင်းပြောရ ရရင် ဘယ်နေရာသွားသွား လိုက်ရတယ်ကွာ"

"အဆန်းပါလား"

"ဆန်းတာတွေကတော့ အများကြီးပဲ၊ နောက်ဆုံးနှစ် ကျောင်းသူ ဖြစ်နေပြီ အခုထိ အိမ်ကလူကြီးတွေက လိုက် စောင့်တုန်းပဲ"

မည်းမှောင်နေသော ဆံပင်ဖြောင့်စင်းစင်းတွေက ဖြူဖွေးနေသော ဖောင်းအိအိ မျက်နှာလေးကို ဘောင်ခတ်ထား





သည်။ ဝိုင်းစက်စက် မျက်ဝန်းလေးတွေက အရည်တစ်ခု ထည့် ထားသလို ရွှန်းလဲ့နေ၏။

"သူ့နာမည် ဘယ်လိုခေါ်လဲ ကျော်နိုင်"

"ခင်ရာဆွေတဲ့၊ ခင်ရာဆွေရဲ့ အကြောင်းကတော့ ငါတို့ ကျောင်းမှာ နာမည် အကြီးဆုံးပဲ"

"ပြောစမ်းပါဦး"

ဒီတစ်ခါတော့ သိချင်စိတ် ပြင်းပြစွာ မေးမိသွား သည်။ ကျော်နိုင်က လက်ကာပြပြီး စကားကို ခဏရပ်ထားသည်။ ခင်ရာဆွေက သူတို့နှစ်ယောက် အရှေ့မှ ခေါင်းလေးငုံ့ပြီး ဖြတ် လျှောက်သွားသည်။

အညာသူပုံစံ အံ့ဒေါ်ကြီးက ထီးရိုးရှည်ကြီး တယမ်း ယမ်းကိုင်ပြီး ခင်ရာဆွေ အနောက်ကနေ ထက်ကြပ်မကွာ လိုက် ပါလာသည်။

"ခင်ရာဆွေ အဖေက သူ့သမီးကို သိပ်ချစ်တာကွာ၊ လုံးဝစိတ်မချဘူး၊ ခင်ရာဆွေ ငယ်ငယ်လေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေမပါဘဲ ဘယ်မှ မသွားရဘူး၊ ခင်ရာဆွေက အမေမရှိတော့ဘူး၊ အဖေတစ်ခု သမီးတစ်ခုပေါ့ကွာ၊ အခု ဒီအရွယ် ရောက်တာတောင် သူ့သမီးကို ကျောင်းလိုက်ပို့တုန်း၊ တွေ့တယ် မဟုတ်လား၊ ခင်ရာဆွေ ဘေးနားက အဘိုးကြီး၊ အဲဒီ အဘိုးကြီးကလည်း ခင်ရာဆွေအဖေက လစာကောင်းကောင်းပေးပြီး ခန့်ထားတာ၊ တစ်နေ့တာ အဖြစ်အပျက်အားလုံးကို သူ့အဖေဆီ တစ်ခုမကျန် ပြန်ပြောရတာ၊ အင်း ... ကြည့်ရတာ အိမ်သာဘယ်နခေါက်သွားလဲ ဆိုတာကအစ ရီပို့စ်တင်ရတယ် ထင်တယ်"

ကြားနေရတာတွေ အားလုံးက သူ့အတွက် အဆန်းတကြယ်။ ဒီနေ့ သူ့နှလုံးသားက ထူးဆန်းစွာ ရင်ခုန်လာသည်။ ပြီးတော့ သူမအကြောင်း ထူးထူးဆန်းဆန်းတွေကို ကြားနေရသည်။

"ခင်ရာဆွေကို စိတ်ဝင်စားတဲ့လူတွေ ဘာတွေ မရှိဘူးလား"





"ရိုက်သတ်လို့တောင် မကုန်ဘူး၊ ဒါပေမဲ့ သူ့အဖေကို ကြောက်လို့ ဘယ်သူမှ မကပ်ရဲကြဘူး"

ကြားရသော သတင်းက သူ့အတွက် အခြေအနေ မကောင်း။ သူမ အရှေ့မှာရှိသော တောင်တန်းကြီးက ရောမ။ ပြီးတော့ ရိုးရိုးတောင်တန်း မဟုတ်။ ဘယ်အချိန် ပေါက်ကွဲမှန်း မသိသည့် မီးတောင်။

"တစ်ခါကလည်းကွာ ကျောင်းသားတစ်ယောက် သူ့သမီးကို လိုက်စကားပြောတာ၊ အဘိုးကြီး တွေ့သွားလို့ ဘယ်ပြောကောင်းမလဲ၊ ထိုးနဲ့လိုက်ရိုက်တာ အဲဒီ ကျောင်းသား ရှက်ပြီး တစ်လလောက် ကျောင်းမတက်ရဲတော့ဘူး"

အခုမှ သူက ခင်ရာဆွေ အဖေကို စိတ်ဝင်စားလာသည်။ ကားအပြာလေးထဲ လှမ်းကြည့်လိုက်တော့ အညိုရောင်မှန်များကြောင့် သဲကွဲစွာ မမြင်ရ။

"သူလုပ်ပုံနဲ့တော့ သူ့သမီး ဒီတစ်သက် ယောကျ်ားရတော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးကွာ၊ အဘိုးကြီးက သူ့သမီးကို ဒီလောက် တွန့်တိုနေရအောင် သူတို့က အရမ်းချမ်းသာလို့လား"

သူ ကြားဖူးတာက အရမ်းချမ်းသာသည့် သူဌေးကြီးတွေက သူတို့သားသမီးတွေကို ဘယ်သူနှင့်မှ သဘောမတူနိုင်အောင် တွန့်တိုပြီး သည်းသည်းလှုပ်တတ်ကြသည်။

"မချမ်းသာပါဘူးကွာ၊ စားနိုင် သောက်နိုင်တော့ ရှိတာပေါ့၊ သူတို့အိမ်မှာ ဟိုတယ်အသေးစားလေးတစ်ခု ဖွင့်ပြီး အသက်မွေးတယ်ကွာ၊ စီးပွားရေးက ဒါပဲရှိတာ၊ သူတို့ဟိုတယ်က ငါတို့လမ်းရဲ့ အနောက်ကလမ်းပဲ"

မထင်မှတ်ဘဲ သူမ အကြောင်းကို ပြည့်စုံစွာ သူ သိလိုက်ရသည်။

"ဟော့ကောင် ... နေပါဦး။ မင်းက ဒါတွေ ဘာဖြစ်လို့ မေးနေရတာလဲ၊ ခင်ရာဆွေကိုများ ..."

သူ ကျေနပ်စွာ ပြုံးလိုက်ပြီး ...





"အေး ... သူ့ကိုလည်း စိတ်ဝင်စားတယ်၊ သူ့အဖေကိုလည်း စိတ်ဝင်စားတယ်"

"မင်းစည် ... မင်း ..."

"အေး ... ငါက ဒီလိုပြိုင်ပွဲတွေကို စိတ်ဝင်စားတယ်"

"ပြိုင်ပွဲ ဟုတ်လား"

"ဟုတ်တယ်၊ ဒါက ခက်ခဲတဲ့ ပြိုင်ပွဲတစ်ခုပဲ၊ အဲဒီပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ ငါ ဆုံးဖြတ်လိုက်ပြီ"

သူ့ရင်ထဲ အမှတ်မထင် ဝင်လာသော မြားလေးတစ်စင်းက ဆူးပေါင်းများစွာ ခြံရံလျက်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း သူ အမြဲလာဖို့ စိတ်ပျက်ခဲ့သော ကျောင်းက လာချင်စဖွယ်ဖြစ်အောင် သူ့ကို ဆွဲဆောင်နိုင်ခဲ့ပြီ။

ခင်ရာဆွေ အနား ချဉ်းကပ်နိုင်မည့် အခွင့်အရေးကို ရှာခဲ့သော်လည်း မတွေ့ခဲ့။ လမ်းသွားလျှင် ခေါင်းကြီးငုံ့ပြီး သွားတတ်သော သူမက ဘေးနားမှာ ဘယ်သူရှိလို့ ရှိနေမှန်းတောင် မသိ။

သူမအနားကို ရောက်နိုင်ဖို့ကလည်း လုံးဝမလွယ်။ ဘော်ဒီဂတ်လုပ်နေသည့် ဝတုတ်တုတ် အဒေါ်ကြီး ပုံစကလည်း ထီးကြီးတယမ်းယမ်းနှင့် မာန်အပြည့်။ စိတ်မထင်လျှင် အဲဒီ အဒေါ်ကြီး ဆွဲဆောင့်တာနှင့် သူ လွင့်ထွက်သွားနိုင်သည်။





"ကိုး ... မင်းစည်၊ မင်း ဘယ်လိုလုပ်မလဲ"

လေးရက်ဆက်တိုက် သူမကို စောင့်ကြည့်နေခဲ့သော်လည်း အခြေအနေမထူး။ အနားကပ်နိုင်သည့် အခွင့်အရေးအဆ ယောင်လို့တောင် မမြင်။

သူ့မှာသာ သူမကို မြင်တွေ့ပြီး နှလုံးခုန်သံတွေ တိုး၊ ရင်ခုန်သံတွေ မြန်ကာ ရောဂါပိုပြင်းလာသည်။

"ဘယ်လိုလုပ်ရမှန်း မသိပါဘူးကွာ၊ ခင်ရာဆွေ ဆိုတဲ့ ကောင်မလေးက မင်းစည် ဆိုတဲ့ လူတစ်ယောက် ရှိတယ် ဆိုတာ သတိတောင် ထားမိမှာ မဟုတ်ပါဘူးကွာ"

"အသေအချာပေါ့"

"ဒါပေမဲ့ အခု ငါ စဉ်းစားမိပြီ၊ ပထမ လုပ်မှာက ခင်ရာဆွေ ငါ့ကို သတိပြုမိဖို့ပဲ"

"ဘော်ဒီဂတ်ကြီး ရှိတယ်နော်"

ပိန်ပိန်ပါးပါး ကျော်နိုင်က သူမလေး၏ ဘော်ဒီဂတ်ကြီးကို အမြင်နှင့်ပင် ကြောက်ရွံ့နေရှာ၏။

www.burmeseclassic.com



"ရှိတော့ရော ဘာဖြစ်လဲကွာ၊ ငါတို့ကို ဘာလုပ်နိုင်မှာလဲ၊ အနည်းဆုံး သတ်ဝစ်ရုံပေါ့"

"အေး ... မင်းကမွန်ပြီး အသတ်ခံနိုင်ပေမဲ့ ငါက ဘာမှမဆိုင်တော့ အသတ်မခံနိုင်ဘူး"

"ဟဲ ဟဲ ဟဲ ... စိတ်ချကွာ၊ ငါ ကာကွယ်ပေးပါ့မယ်၊ လာသွားမယ်"

"ဘယ်ကိုလဲ"

"လာစမ်းပါကွာ၊ မင်း ဟိုရောက်တော့ သိမှာပေါ့"

ခင်ရာဆွေ စီးနေကျ ဆလွန်းကား အပြာလေးနားသို့ သူတို့ ချီတက်ခဲ့ကြသည်။ ကားသမား အဘိုးကြီးက သစ်ပင်ရိပ်တစ်ခုမှာ အေးအေးလူလူထိုင်ပြီး ကွမ်းဝါးနေ၏။

"ကျော်နိုင် ကားသမား ဦးလေးကြီးကို တွေ့တယ်မဟုတ်လား၊ မင်း စကားရောဖောရောနဲ့ လေသွားပေးနေလိုက်၊ ငါ ကားဘီး လေသွားလျှော့လိုက်မယ်"

"ဘာလုပ်ဖို့လဲ"





"မင်းကလည်းကွာ၊ ကားဘီး နှစ်ဘီးလောက် လေလျှော့လိုက်ရင် ပြီးပြီပေါ့၊ ဒါ ခေတ်လမ်းတစ်ခုပဲပေါ့"

ကျော်နိုင်က စိတ်ပျက်လက်ပျက် နှာခေါင်းရှုံ့ပြီး ...

"ရိုးရိုးကြီး" ဟု ညည်းတွားလေ၏။

မဆန်းပြားသော ဖန်တီးမှုတစ်ခုမှန်း သိသော်လည်း သူ လက်လျှော့မည် မဟုတ်။ အဓိက သူလိုချင်တာက သူမ သူ့ဆို အသိအမှတ်ပြုဖို့ ဖြစ်၏။

"ကျော်နိုင် ... မင်း သေချာမှတ်ထား၊ အရိုးဆုံးက အဆန်းပြားဆုံးပဲကွာ"

"အေးပါကွာ၊ အေးပါ"

ကျော်နိုင် စိတ်ပျက်လက်ပျက်နှင့် တွန့်လိမ်ပြီး လျှောက်သွားကာ ကားသမားဦးလေးကြီးကို သွားပြီး စကားစနေသည်။

"ဦးလေး မီးခြစ်ပါလား"

"မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကွမ်းရောပါလား"

"ပါတယ်"

"ကျွန်တော့်ကို တစ်ယာလောက်"

ကားသမား အဘိုးကြီးက ထိုင်နေရာမှ ကျော်နိုင်ကို သူ့ဆန်းသလို မော့ကြည့်ပြီး ဘုတောချလိုက်သည်။

"နေပါဦး၊ မင်းက ငါ့ကို စားပြတိုက်နေတာလား"

သစ်ပင်နောက်ကွယ်မှာ ရပ်နေသော သူက ကျော်နိုင်ပြောတာ အားလုံး ကြားနေရသည်။ ကျော်နိုင့်လေသံက အဘိုးကြီး မပြောနှင့် သူတောင် ထရိုက်ချင်စရာ။

သူ ကျော်နိုင်ကို တိတ်တဆိတ် ကျိန်ဆဲပြီး သစ်ပင်နောက်ကွက်ကနေ အဘိုးကြီး မမြင်အောင်ထွက်ပြီး ကျော်နိုင်ကို လက်ဟန်ခြေဟန်နှင့် အပြစ်တင်မိသည်။

"ဟဲ ဟဲ ဟဲ ... ကျွန်တော်က နောက်တာပါ၊ ဒီလိုလုပ် ဦးလေးက ကျွန်တော့်ကို ကွမ်းတစ်ယာကျွေး၊ ကျွန်တော်က ဦးလေးကို လက်ဖက်ရည်တစ်ခွက် တိုက်မယ်"





ကားသမား ဦးလေးကြီးကလည်း မလွယ်။ လုံးဝ လျှော့တွက်၍ မရ။

"နေပါဦး ... မင်းဘာသာမင်း သွားဝယ်စားလို့ မရဘူးလား"

"ဟာ ... ဦးလေးကလည်း၊ ဒီကျောင်းထဲမှာ ကွမ်းယာဆိုင် ဘယ်လိုလုပ် ရှိမှာလဲ၊ ကျွန်တော်က ကွမ်းသမား ဦးလေးရ၊ ကွမ်းမစားရရင် မနေနိုင်ဘူး၊ လက်ဖက်ရည် မသောက်ရရင် နေနိုင်သေးတယ်"

"ရော့ ... ရော့ ... ဒီမှာ တစ်ယာယူလိုက်"

ကားသမားဦးလေးကြီးက ကွမ်းသမား အချင်းချင်း စာနာနားလည်စွာ ကွမ်းတစ်ယာ ထုတ်ပေးသည်။ ကျော်နိုင်က ကွမ်းယာလေးကို အဘိုးတန်ရတနာတစ်ခုလို ခါးပုံစထဲ ဂရုတစိုက် ထည့်ပြီး ...

"စားဝစ်ရမှာ နမြောစရာပဲ၊ လာ ဦးလေး၊ လက်ဖက်ရည် သွားသောက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ကျော်နိုင် အောင်မြင်သွားပြီ။ သူ့ကို သွားခါနီး လက်မထောင်ပြသွားသည်။ ကွမ်းယာကို အနံ့တောင် မခံနိုင်သော ကျော်နိုင် တစ်ယောက် အောင့်အီးသည်းခံပြီး ကွမ်းယာစားရပေဦးမည်။

ကျော်နိုင်တို့ ထွက်သွားတာနှင့် သူ လူရိပ်လူခြည် အကဲခတ်ပြီး ကားအပြာလေးနား ထိုင်ချပြီး ကားဘီးကို လေလျှော့ပစ်လိုက်သည်။

"ရှူး" ခနဲ လေထွက်လာသော အသံက သူ့အတွက် နားဝင်ချိုလွန်းလှသည်။

"ဟဲ့ ... ဟဲ့ ... ဒီမှာ မင်း ဘာလုပ်တာလဲ"

ထိုခဏလေးမှာ သူ လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားသည်။

နဂိုကမှ မလုံချင်သော လိပ်ပြာက လွင့်လုလု။

သူ တုန်လှုပ်စွာ မော့ကြည့်လိုက်တော့ သူမလေး၏ ဘော်ဒီဂတ် အဒေါ်ကြီး။





"ကျွန်တော် ဘာမှ မလုပ်ပါဘူး"

သူ ကမန်းကတန်းထပြီး ငြင်းဆန်လိုက်သည်။

"ဘာမလုပ်ရမှာလဲ၊ ဟိုမှာ ကားဘီးလေလျှော့နေပြီ၊ မင်း လုပ်လိုက်တာ မဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး၊ ကျွန်တော်က ကားဘီးလေလျော့နေတာတွေ့လို့ ဝင်ကြည့်တာပါ"

အခုချိန်မှာ သူ သိရမှာက တစ်အချက်လည်း ငြင်းဆန်ဖို့၊ နှစ်အချက်လည်း ငြင်းဆန်ဖို့၊ သုံးအချက်လည်း ငြင်းဆန်ဖို့ ဖြစ်၏။

"ကားဘီးလေလျှော့တာ မင်းနဲ့ ဘာဆိုင်လို့လဲ"

ဘော်ဒီဂတ် အဒေါ်ကြီးကလည်း ဒီရာထူးနှင့် ထိုက်တန်ပါသည်။

သူ့ကို ထွက်ပေါက်မရှိအောင် စေ့စေ့စပ်စပ် မေးမြန်းနိုင်သည်။

သူကလည်း မင်းစည်ပဲဟာ၊ ဘယ်ခေပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်နှ ကားဘီးလဲပေးရင် ကောင်းမလားလို့ စဉ်းစားပြီး ကြည့်နေတာပါ"

ဘော်ဒီဂတ် အခေါကြီးက သူ့ကို မယုံသင်္ကာကြီး စွာကြည့်ပြီး အကြီးဆုံး စွပ်စွဲချက်နှင့် ပစ်ပေါက်လိုက်သည်။

"မင်း ... မင်း ကားခိုးမလို့ မဟုတ်လား"

"ဗျာ"

"ဟုတ်တယ်၊ မင်း ကားခိုးမလို့ ကြံနေတာ မဟုတ်လား"

ဒီတစ်ခါတော့ သူ ကံခေပြီ။

"ဟာ ... မဟုတ်ပါဘူး၊ ဒီမှာ အခေါကြီး၊ ကျွန်တော့်ပုံစံကိုလည်း သေချာကြည့်ဦး၊ ကားသူခိုးနဲ့ တူလို့လား"

"သူခိုးက ချိုမပါဘူးလေ၊ ဘယ်သိနိုင်မလဲ၊ မင်း မှန်မှန်ပြောစမ်း၊ မင်း ကားသူခိုး မဟုတ်လား"

သူ့မှာ နည်းလမ်းတစ်ခုသာ ရှိတော့သည်။ ဒီ အခေါကြီးကို ခပ်တည်တည်နှင့် လိမ်ညာဖို့ဆိုတာ သူ့ရဲ့အရည်အချင်းပေါ် မူတည်လေ၏။





"ဒီမှာ အခေါကြီး၊ ဒီကားက ခင်ရာဆွေရဲ့ကား မဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော်က ခင်ရာဆွေရဲ့ ဆရာပဲ၊ ကားဘီးလေလျော့နေတာ တွေ့လို့ ခင်ရာဆွေကို သွားပြောမလို့ ကြံနေတုန်း ဒေါ်ကြီးနဲ့ တွေ့တာပဲ"

သူ့ရဲ့ မဟုတ်လုပ်ကြံဇာတ်က အောင်မြင်ပါသည်။ ဘော်ဒီဂတ် အခေါကြီး ချက်ချင်း မျက်နှာထား ပြောင်းသွားသည်။

"ကန်တော့ပါကွယ် ... ကန်တော့ပါ၊ ဒေါ်ကြီး မသိလို့ပါ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ခင်ရာဆွေကို ဒေါ်ကြီးပဲ ပြောလိုက်ပါတော့၊ ကျွန်တော် အတန်းရှိလို့ သွားတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ကားအပြာလေးနှင့် ဝေးနိုင်သမျှ ဝေးအောင် လျှောက်လာခဲ့မိသည်။ သူ့ရဲ့ ပထမဦးဆုံး ဓာတ်လမ်းမှာပင် သူ ကျဆုံးခဲ့ပြီ။ ကွယ်ယာတစ်ယာ စားလိုက်ရသော ကျော်နိုင်သာ သိလျှင် သူ့ကို ပက်ပက်စက်စက် အပြစ်တင်ပေဦးမည်။

၀





နောက်တစ်ခါ ကားဘီးလေလျှော့မည့် အစီအစဉ် မျိုးကိုတော့ သူ ထပ်ပြီးမစဉ်းစားတော့။

နောက်တစ်ခါ ကားသူခိုးဟု အထင်ခံရလျှင် သူ လွတ်လမ်းမရှိတော့။

"ကဲ ... ပြောပါဦး၊ မင်း ဘာဆက်လုပ်မလဲ"

"ဒီနေ့တော့ ကန်တင်း လိုက်သွားမယ်ကွာ"

"အဒေါ်ကြီးကို ဘယ်လိုလုပ်မလဲ"

"ဟဲ ဟဲ ... ဒီတစ်ခါလည်း မင်း ကူညီရဦးမယ်"

"မင်း ငါ့ကို ရိုက်ပေါက်မလုပ်နဲ့၊ မနေ့ကလည်း ကွယ်ယာ စားပြီး ခေါင်းကို မူးနေတာပဲ၊ စာတောင်မကျက်နိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီလောက် အပင်ပန်းခံပြီး လုပ်ပေးတာတောင် မင်းက အသုံးမကျဘူး"

"အေးပါကွာ၊ မင်းပြောလည်း ခံရမှာပဲ၊ ဒီတစ်ခါတော့ မဖြစ်စေရပါဘူး"

ဒီတစ်ခါတော့ လျှပ်တစ်ပြက် တိုက်စစ်နှင့် သူမကို အနိုင်ဖမ်းဖို့ စဉ်းစားထားသည်။ နေ့လယ်ဘက် ခင်ရာဆွေ ကန်တင်းသွားသည့် အခါမှာတော့ သူနှင့် ကျော်နိုင် အနောက်က နေ အသာလိုက်ပါလာခဲ့ကြသည်။

"ကျော်နိုင် ... ရော့၊ မင်း ဒီသားရေကွင်းတွေနဲ့ အဲဒီ အဒေါ်ကြီးကို ထိအောင်သာပစ်၊ အေး ... အဒေါ်ကြီး ထွက်လာရင် မင်း ဖြည်းဖြည်းပြေး၊ သူ နောက်ကလိုက် လာလိမ့်မယ်၊ မီကာနီးကျမှ အမြန်ပြေး၊ ဟုတ်ပြီလား"

"မိသွားရင် ဘယ်လိုလုပ်မလဲ"

လူဖလံလေး ကျော်နိုင်က လွတ်အောင် မပြေးနိုင် မှာကို စိုးကြောက်နေရှာသည်။





"ဟာ ... မင်းကလည်း လွတ်အောင်ပြေးပေါ့၊ ယောက်ျား မဟုတ်တဲ့ အတိုင်းပဲ"

"အေးပါကွာ၊ မင်းကို လာလည်ဖို့ ငါ ဖိတ်တာဆိုတော့ ငါ့မှာ တာဝန်ရှိပါတယ်"

သူက အိတ်ထဲမှာပါသော မျက်မှန်တစ်လက်ကို ကောက်တပ်ပြီး ခင်ရာဆွေ ထိုင်နေသည့် စားပွဲနှင့် ကပ်လျက် စားပွဲမှာ ဝင်ထိုင်လိုက်သည်။

ခဏကြာတော့ ကျော်နိုင် လက်စွမ်းပြတာကို သူ မြင်တွေ့ရသည်။ ကျော်နိုင် တစ်ချက်ပစ်လိုက်တိုင်း တွန့်ခနဲ ဖြစ်သွားသော ဘော်ဒီဂတ်အဒေါ်ကြီး ပုံစံက ရယ်ချင်စရာ။

"အဒေါ်ကြီး ဘာဖြစ်နေတာလဲ"

"ဒေါ်ကြီးကို တစ်ယောက်ယောက်က သားရေကွင်းနဲ့ ပစ်နေသလိုပဲ"

"မဟုတ်နိုင်ပါဘူး ဒေါ်[illegible]ည်၊ ဒေါ်ကြီးကို ဘယ်သူက စမှာလဲ"

www.burmeseclassic.com



သူ အားလုံး ကြားနေရသော်လည်း မသိချင်ယောင် ဆောင်ပြီး စာအုပ်ကို မျက်နှာနှင့်ကွယ်ကာ စာဖတ်နေလိုက်သည်။

ဒီတစ်ခါတော့ ကျော်နိုင် ပစ်လိုက်သော သားရေကွင်းက ဘော်ဒီဂတ် အဒေါ်ကြီးကို ထိထိမိမိ ထိမှန်သွားခဲ့သည်။

"ခင်လေး ဒီမှာ တွေ့တယ် မဟုတ်လား သားရေကွင်း၊ ဒေါ်ကြီးကို ပစ်နေတာ သေချာပြီ"

"ဟုတ်ပါရဲ့၊ ဒေါ်ကြီးကို ဘယ်သူ ပစ်နေတာပါလိမ့်"

သူက မျက်နှာရှေ့မှာ ကွယ်ထားသော စာအုပ်လျှော့ချပြီး ...

"ဒေါ်ကြီး ... ဒေါ်ကြီး ... ဟိုမှာတွေ့လား၊ သစ်ပင်နောက်ကလူ၊ ဒေါ်ကြီးကို သားရေကွင်းနဲ့ ပစ်နေတာ၊ ဟိုမှာလေ၊ နံပြည်စုတ်လို ခပ်ပိန်ပိန်နဲ့လူ၊ ဒေါ်ကြီး တွေ့တယ်မဟုတ်လား"

ဘော်ဒီဂတ် အဒေါ်ကြီးက သူ့ကို တစ်ချက်လှမ်းကြည့်ကာ ...





"ဟော ... ဆရာပါလား၊ ကျေးဇူးပါပဲ ဆရာရယ်၊ ကျွန်မ လိုက်သွားလိုက်ဦးမယ် ဆရာ"

ဘော်ဒီဂတ် အဒေါ်ကြီး သူ့ကို မှတ်မိနေသည့်အတွက် သူ တော်တော်လေး စိတ်ပျက်သွားသည်။ ဒီလောက် မျက်မှန်တပ်ပြီး ရုပ်ဖျက်ထားတောင်တောင် သူ့ကို မှတ်မိနေသေးသည်။

အင်း ... အဒေါ်ကြီးကိုလည်း လျှော့တွက်၍မရ။

"ဟိတ် ... ကောင်လေး၊ နှင် ငါ့ကို ဘာဖြစ်လို့ သားရေကွင်းနဲ့ ပစ်တာလဲ၊ လာခဲ့စမ်း"

အဒေါ်ကြီးက မြန်ဆန်သလို ကျော်နိုင်ကလည်း လျင်မြန်ပါသည်။ မြန်မြန်ဆန်ဆန် လျှောက်သွားတာက စက်ရုပ်နှင့်တောင် အတူသား။

*သူက သဘောကျစွာပြုံးပြီး သူမရှိသော စားပွဲမှာ ထိုင်လိုက်သည်။ မျက်ခုံးနဲ့ မော့ကြည့်သော သူမကို နှစ်လိုဖွယ်ကောင်းစွာ ပြုံးပြလိုက်ပြီး ...*

www.burmeseclassic.com



"ဘယ်လိုစပြီး မိတ်ဆက်ရမှန်းတောင် မသိဘူး၊ ကျွန်တော် မင်းစည်ပါ၊ ခင်ရာဆွေနဲ့ ခင်ချင်လို့ပါ"

"ဒေါ်ကြီးကို ရှင် ပ,ထုတ်လိုက်တာ မဟုတ်လား"

"ဟုတ်တယ်၊ မင်း စိတ်မဆိုးပါဘူးနော်"

ခပ်သဲ့သဲ့ ပြုံးလိုက်သော အပြုံးတစ်ခုကြောင့် သူ စိတ်သက်သာရာ ရသွားသည်။

"နေပါဦး၊ ဒေါ်ကြီးက ရှင့်ကို ဆရာဆိုပြီး ခေါ်လိုက်ပါလား"

"ဒေါ်ကြီး အထင်မှားနေတာပါ၊ ကျွန်တော်က ဆရာမဟုတ်ပါဘူး"

သူ မလုံမလဲ ဖြေရှင်းချက်ထုတ်ရင်း အပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။ ဘော်ဒီဂတ် အဒေါ်ကြီးကို အရိပ်အယောင်တောင် မမြင်ရသေး။ ကျော်နိုင် ဘယ်နေရာအထိတောင် မျှားပြီး ခေါ်သွားသလဲ မသိ။

"ခင်ရာဆွေ ကျွန်တော့် အမေးကို ပြန်မဖြေသေးဘူးနော်"





"ဘာကိုလဲ"

စိတ်ကျဉ်းကျပ်သည့် အမူအရာ သူမ မျက်နှာပေါ်မှာ ပေါ်လာသည်။ ပန်းပွင့်လေးရယ် ... ငါ့ကို ဒီလိုအမူအရာတွေနဲ့ မနှိပ်စက်ပါနဲ့။

"ကျွန်တော် ခင်ရာဆွေနဲ့ ခင်ချင်တယ်၊ ခင်ရာဆွေရော ကျွန်တော့်ကို ပြန်ခင်နိုင်မလား"

"မခင်နိုင်ဘူး"

လေတိုက်ရင် လဲတော့မတတ် နူးညံ့ရှာသော သူမဆီမှာ ထွက်လာသော နှုတ်ခွန်းတွေကတော့ ပြင်းထန်လွန်းသည်။

"ဘာဖြစ်လို့လဲ၊ ခင်ရာဆွေ အမေကြောင့်လား"

"မဟုတ်ပါဘူး၊ ကျွန်မကိုက မခင်ချင်တာ"

သူ စိတ်ဓာတ်ကျသွားပေမဲ့ လက်တော့မလျှော့။ ဒီလောက်နှင့် လက်လျှော့လျှင် မင်းစည် မဟုတ်တော့။

"ရပါတယ်၊ ခင်ရာဆွေ မခင်ချင်လည်း နေပါ၊ ကျွန်တော်ကတော့ ခင်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"No ... မခင်ပါနဲ့၊ ရှင့်ကို မခေါ်ချင်ဘူး၊ ပြောပြီးပြီ မဟုတ်လား"

"ကျွန်တော်က ခင်ချင်တာကို ဘယ်တတ်နိုင်မလဲ"

"မခင်နဲ့ ... မခင်နဲ့၊ ကျွန်မ ဘယ်သူနဲ့မှ သူငယ်ချင်း မဖြစ်ချင်ဘူး၊ ပြီးတော့ ကျွန်မဒယ်ဒီသိရင်လည်း အသတ်ခံရလိမ့်မယ်"

"သတ်ပါလေစေ၊ ကိစ္စမရှိဘူး"

သူ့စိတ်ထဲမှာ သူမအဖေနှင့် တကယ်ပင် ရင်ဆိုင်ချင်မိသည်။ ကြားခဲ့ရသော စကားနှင့် လက်တွေ့ ဟုတ်မဟုတ် စမ်းသပ်ချင်နေမိသည်။

"ရှင် တော်တော် ပြောရဆိုရ ခက်ပါလား၊ ရတယ်လေ၊ ရှင် ကျွန်မနဲ့ သူငယ်ချင်း ဖြစ်ချင်တယ်ဆို ကတိတစ်ခု တော့ ပေးရလိမ့်မယ်"

"ဘာကတိလဲ"

"ကျွန်မကို ဘယ်တော့မှ ရည်းစားစကား မပြောရဘူး"





ဟိုက် ... အခုမှ အခက်တွေ့ပြီ။ သူ့ရဲ့နံပါတ်တစ် ရည်ရွယ်ချက်ကလည်း ဒါ၊ နံပါတ်နှစ် ရည်ရွယ်ချက်ကလည်း ဒါ၊ နံပါတ်သုံး ရည်ရွယ်ချက်ကလည်း ဒါသာဖြစ်၏။

"ကတိမပေးနိုင်ဘူး ခင်ရာဆွေ"

"ဘာဖြစ်လို့ မပေးနိုင်တာလဲ"

"မင်းက သိပ်လှတာကိုး၊ ဘယ်လိုလုပ်ပြီး ကတိပေးနိုင်မှာလဲ"

လှစ်ခနဲ ပြောင်းလဲသွားသည့် ပန်းနုသွေးကြွယ်သွားသော မျက်နှာလေးက စွဲမက်ဖွယ်အတိ ပြီးနေသည်။

"ဒေါ်ကြီး လာပြီ၊ မြန်မြန်သွားတော့"

"လာပါလေ့စေ၊ မင်း ကျွန်တော့်ကို ခင်ခွင့်မပေးရင် မသွားဘူး"

ဘော်ဒီဂတ် အဒေါ်ကြီး မောကြီးပန်းကြီးနှင့် လျှောက်လှမ်းလာတာကို မြင်နေရသည်။ သူမ ပျာယာခတ်သွားသည်။

"ခင်မယ် ... ခင်မယ် ... သွားတော့ ... သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်စွာ ပြုံးလိုက်သည်။

"ကျေးဇူးပဲ ခင်"

သူမ မျက်ဝန်းလေးက ချစ်စဖွယ် ဝိုင်းစက်သွားသည်။





ခင်ရာဆွေနှင့် သူငယ်ချင်း ဖြစ်ရတာ မလွယ်ကူလှ။ အင်မတန် ခိုးကြောက်ခိုးဝှက် နိုင်လှသည့်အပြင် ဖော်တော်ကြီးလည်း သည်းခံရသေးသည်။

ဘော်ဒီဂတ် အဒေါ်ကြီးကို ပ,ထုတ်ရတာလည်း မလွယ်ကူတော့။

သားရေကွင်း အသေးလည်း မတိုးတော့၊ အကြီးလည်း မတိုးတော့။ အဒေါ်ကြီးကလည်း တဖြည်းဖြည်းနှင့် ပါးနပ်လာသည်။

ခင်ရာဆွေ့ နံဘေးကနေ တစ်ဖဝါးမှ မခွာတော့။ ခင်ရာဆွေနှင့် သူငယ်ချင်းဖြစ်ပြီဟု စတင်သတ်မှတ်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှစ၍ သူမနှင့် စကားပြောဖြစ်သည်မှာ မှတ်မှတ်ရရ သုံးခေါက်သာ ရှိသေးသည်။

သူမအပေါ် အရူးအမူး ချစ်မိသည့်သူက ဒီလောက်နှင့် မတင်းတိမ်နိုင်တော့။ သူမ မျက်နှာလေးကိုကြည့်ပြီး တစ်ဝကြီး စကားပြောချင်သည်။ မဟုတ်မဟတ် အကြံဉာဏ်တွေလည်း စဉ်းစားရလွန်း၍ ခေါင်းတွေ ပူလှပြီ။

ဒီတစ်ခါတော့ သူက ခင်ရာဆွေ ကျောင်းတစ်ပတ် ပျက်ခဲ့သော အချက်ကို အသုံးချဖို့ ဆုံးဖြတ်လိုက်သည်။

ခင်ရာဆွေနှင့် ဘော်ဒီဂတ် အဒေါ်ကြီးက ကန်တင်း သွားဖို့ ဟန်ပြင်နေစဉ်ပင် သူက လမ်းမှ ပိတ်ထားလိုက်သည်။

"ခင်ရာဆွေ ... ခင်ရာဆွေ"

အဒေါ်ကြီး ရှေ့မှာပင် ပြောင်ပြောင်တင်တင်းခေါ်လိုက်သဖြင့် သူမလေး မျက်နှာပျက်သွား၏။ သူက ဆရာတစ်ယောက်၏ ဟန်ပန်အပြည့်နှင့် ...

"ခင်ရာဆွေ ... မင်းကို ပါမောက္ခ ခေါ်နေတယ်"





"ရှင်"

ခင်ရာဆွေ အံ့ဩနေခိုက်ပင် ဘော်ဒီဂတ် အဒေါ်ကြီးက တာဝန်ကျေစွာ မေးမြန်းတော့၏။

"ဩော် ... ဆရာ မသိလို့ မေးတာနော်၊ အဲဒီ ပါမုန့်ခကြီးဆိုတာ ဘယ်သူလဲ၊ ဘာဖြစ်လို့ သမီးကို ခေါ်ရတာလဲ"

"ဟာ ... ပါမုန့်က မဟုတ်ပါဘူး၊ ပါမောက္ခပါဗျာ၊ ပါမောက္ခဆိုတာ ဆရာတွေကို အုပ်ချုပ်ရတဲ့လူ၊ ရာထူးကြီးတယ်၊ ဘာကြောင့် ခေါ်တွေ့လဲ ဆိုတာတော့ ကျွန်တော်လည်း သေချာမသိဘူး၊ ဖြစ်နိုင်တာကတော့ သူ့ ကျောင်းတစ်ပတ်ပျက်ထားလို့ ခေါ်တွေ့တာဖြစ်မယ်"

သူက ဟိတ်ဟန်အပြည့်နှင့် ဟိန်းဟောက်လိုက်တော့ အဒေါ်ကြီး ကုပ်သွားသည်။ အဒေါ်ကြီးက သူ့ကိုအခုချိန်ထိ ဆရာတစ်ယောက်ဟု ထင်နေဆဲဖြစ်၏။

"ဩော် ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ ကျွန်မ မသိလို့ပါ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရာဆွေ သွားမယ်"

ခင် လိုက်ပါလာမည်ဆိုတာ သိသဖြင့် သူ ခပ်အေးအေးပင် လှည့်ထွက်လိုက်သည်။

သို့သော် ခြေသံနှစ်ခု ကြားရသဖြင့် သူ လှည့်ကြည့်လိုက်မိသည်။

"ဟောဗျာ" ဆိုပြီးသာ သူ ညည်းလိုက်ချင်တော့သည်။ ဘော်ဒီဂတ် အဒေါ်ကြီးက သူတို့နောက်မှ လိုက်ပါလာဆဲ။

"ဒီမှာ ဒေါ်ကြီး၊ ဒေါ်ကြီး လိုက်လို့မရဘူးနော်၊ ပါမောက္ခ ရုံးခန်းသွားမှာ"

"ဘာဖြစ်လို့လဲ ဆရာ၊ သမီးလေးခင်ကို ကျွန်မ စိတ်မချဘူး"

အခုမှ အခက်တွေ့ပြီ။ ဓာတ်ကြိုး(?)တဲ့လို တွယ်ကပ်နေသော အဒေါ်ကြီးကို မာန်တင်းတင်းနှင့် အနိုင်ယူမှ ဖြစ်မည်။

"ခင်ရာဆွေကို စိတ်မချရအောင် သူက ကလေးလား ဒေါ်ကြီး၊ ပါမောက္ခရုံးခန်းဆိုတာ အပြင်လူ မပြောနဲ့





ဆရာတွေ ကျောင်းသူကျောင်းသားတွေတောင် ခေါ်တွေ့မှ သွားရတာ၊ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်လို့ မရဘူး၊ ဒေါ်ကြီး ဟိုနားမှာ ထိုင်စောင့်ပါ၊ ခင်ရာဆွေ ပါမောက္ခနဲ့ တွေ့ပြီး ပြန်လာလိမ့်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဒီတော့မှပဲ ဘော်ဒီဂတ် အဒေါ်ကြီးကို အောင်မြင်စွာ ထားနိုင်ခဲ့သည်။ သူ့စိတ်ထဲကနေ ခင်ဟု အဖျားဆွတ်ခေါ်မိသော သူမက စိတ်ညစ်ပုံနှင့် ...

"မင်းစည် ... ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒေါ်ကြီး ဒယ်ဒီ့ကို ပြောရင် ဒုက္ခပါပဲ"

"ဩော် ... ပြောတော့လည်း ပါမောက္ခ ခေါ်တွေ့တယ် ပြောလိုက်ပေါ့"

"ဒယ်ဒီက တော်း မဟုတ်ဘူးရှင့်"

ခင် စိတ်ညစ်နေတော့လည်း သူ မနေနိုင်။ ခင့်ကို ဘာစိတ်ညစ်စရာမှ မရှိစေဘဲ ပျော်စေချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တောင်းပန်ပါတယ် ခင်ရယ်၊ ကျွန်တော်က ခင်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"ဒါဆိုရင်လည်း ပြောစရာရှိတာ ပြော"

"ခင့်မျက်နှာကို မြင်လိုက်ရတော့ ဘာတွေ ပြောရမှန်းတောင် မသိတော့ဘူး၊ အကုန်မေ့သွားတယ်"

အမှန်တကယ်မှာလည်း အကြောစိမ်းလေးများ ပေါ်နေသော ခင့်မျက်နှာလေးကို သူ ကြည့်မဝ။ စဉ်းစားကြည့်လေ ခင့်ကို ပိုချစ်လေ ဖြစ်၏။ အမယ်လေး ... ခင်နှင့်သာ ဝေးရမယ် ဆိုလျှင် သူ ရူးရပေလိမ့်မည်။

"အပိုတွေ ... မင်းစည် တစ်ခုမေးမယ်နော်၊ ရှင် ကျွန်မကို ဘာဖြစ်လို့ ခင်ချင်ရတာလဲ၊ အမှန်အတိုင်းပြော"

ပွင့်ပွင့်လင်းလင်းရှိသော ခင့်မေးခွန်းကြောင့် သူ အခက်တွေ့သွားသည်။ သိပ်မဝေးသော အနာဂတ်မှာ ပြောရမည့် စကားတွေကို အခု သူ ပြောရတော့မည်။

သူ လေကို ဝဝရှူသွင်းပြီး ...





"သိပ်ပြီး မဆန်းကြယ်ပါဘူး ခင်၊ အဖြေက ရိုးရိုးရှင်းရှင်း လေးပါ၊ ခင့်ကို ချစ်လို့ပေါ့"

"ကျွန်မကို မချစ်ပါနဲ့ မင်းစည်၊ ရှင် ဒုက္ခများလိမ့်မယ်"

"ဘာဖြစ်လို့လဲ ခင်၊ ခင့် အဖေကြောင့်လား"

"ဟုတ်တယ် မင်းစည်၊ ဒယ်ဒီက ကျွန်မကို ဘယ်သူနဲ့မှ သဘောတူမှာ မဟုတ်ဘူး၊ ကျွန်မကို အရမ်းချစ်တာ၊ ကျွန်မ ကလေးဘဝကတည်းက မာမီက ကွယ်လွန်ခဲ့တာ၊ မာမီ မရှိကတည်းက ဒယ်ဒီက နောက်အိမ်ထောင် မပြုဘဲ ကျွန်မကို ပြုစုစောင့်ရှောက်ခဲ့တာ၊ ဒယ်ဒီ စိတ်ဆင်းရဲအောင် ကျွန်မ ဘာမှ မလုပ်ချင်ဘူး"

ခင်သည် လေးစားဖွယ်ကောင်းသော သမီးလိမ္မာလေး ဖြစ်၏။

ခက်နေတာက သူကလည်း ဒီသမီးလိမ္မာလေး၏ စကားကို နာခံဖွယ်ရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ခင့်ရဲ့ဒယ်ဒီ သဘောတူရင် ရပြီပေါ့"

ခင်သည် မပြုံးချင် ပြုံးချင်နှင့် ပြုံးပြီး ...

"စိတ်ကူးယဉ်မနေနဲ့၊ ဒယ်ဒီက သဘောတူမှာ မဟုတ်ဘူး"

သူကလည်း ခင်ကို ချစ်သည့်စိတ်နှင့် ဘယ်စိန်ခေါ်မှုမျိုးမဆို လက်ခံဖို့ အသင့်ဖြစ်နေသည်။

"ခင့် ဒယ်ဒီ သဘောတူအောင် လုပ်ဖို့က ကျွန်တော့်တာဝန်ပါ၊ အခုလောလောဆယ် အရေးကြီးတာက ခင် ကျွန်တော့်ကို ပြန်ချစ်ဖို့ပဲ"

"ကျွန်မ မချစ်နိုင်ဘူး မင်းစည်၊ ဘယ်သူ့ကိုမှ မချစ်မိဖို့လည်း ကျွန်မ ဆုံးဖြတ်ထားတယ်၊ ဒယ်ဒီ့ဘဝမှာ ကျွန်မတစ်ယောက်တည်းရှိတာ၊ ကျွန်မဘဝထဲမှာလည်း ဒယ်ဒီတစ်ယောက်ပဲ ရှိရမယ်၊ နောက်တစ်ယောက်ကို ကျွန်မ ဆွဲမသွင်းချင်ဘူး"





စိတ်ပျက်စရာ ကောင်းလောက်အောင် အင်မတန်ခေါင်းကြောမာသည့် ကောင်မလေး ဖြစ်သည်။

သို့သော် သူကလည်း သူ့ရဲ့အမြတ်နိုးဆုံး ကြယ်ပွင့်လေးကို အဆုံးရှုံးမခံနိုင်။

"ခင် မင်း မှားနေပြီ၊ အချစ်ကို ပိတ်ပင်တားဆီးလို့ရမယ်လို့ မင်း ထင်နေလား၊ ဘာပုံသေနည်းမှ မရှိဘဲ ရောက်လာတတ်တဲ့ အချစ်ကို မင်း ကာကွယ်မယ် ဆိုရင်တော့ မင်း ရှုံးလို့ပဲ ခင်"

"အို ... မသိဘူး၊ ကျွန်မကတော့ ဒယ်ဒီ စိတ်ဆင်းရဲအောင် မလုပ်ဘူး"

ခင့်အဖေရဲ့ လွှမ်းမိုးမှုက ခင့်အပေါ် ဘယ်လောက်တောင် သက်ရောက်နေလဲ ဆိုတာ သူ တွက်ဆ၍တောင် မရနိုင်။

"ကျွန်တော် လက်လျှော့မှာ မဟုတ်ဘူးခင်၊ ခင် အေးအေးဆေးဆေး စဉ်းစားပါ၊ ခင့်ကို ကျွန်တော် အပင်းမတိုက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းပါဘူး။ ခင် ကြည်ကြည်ဖြူဖြူနဲ့ အဖြေပေးလာတဲ့ တစ်နေ့ကို ကျွန်တော် စောင့်နေမယ်"

သူ့စကား အဆုံးမှာ ခင့်မျက်နှာလေးသည် သနားစဖွယ် ကောင်းလောက်အောင် ဖျော့ဆင်းသွားခဲ့သည်။

❦ ○ ❦





သိပ်မကြာသော အချိန်ကာလတစ်ခုမှာပင် ကျောင်းပိတ်ရက်သို့ ရောက်ရှိလာသဖြင့် သူ့မှာ ခင်နှင့် ဝေးခဲ့ရသည်။

ခင် နေထိုင်သည်ဆိုသော ဟိုတယ်ငယ်လေးရှေ့မှ ဖြတ်လျှောက်သော်လည်း ခင့်ကို အရိပ်အယောင်တောင်မတွေ့။

အခုမှပဲ အချစ်ဆိုတာ ဘယ်လောက် ပင်ပန်းဆင်းရဲမှန်း သူ သိတော့သည်။ သူမကို တွေ့ချင်သည့် ဆန္ဒက မြစ်ရေလိုပင် သူ့ခန္ဓာကိုယ်မှာ အမြဲစီးဆင်းနေသည်။

ကံကောင်းချင်တော့ သတင်းစာမှ ကြော်ငြာတစ်ခုကို သွားဖတ်မိသည်။ အလုပ်ခေါ်ထားသည့် ကြော်ငြာ။ အဲဒီ အိမ်(?)



www.burmeseclassic.com

www.burmeseclassic.com



အိုအေစစ် ဟိုတယ်တဲ့။ ဒါ သူမတို့ရဲ့ ဟိုတယ်ငယ်လေးရဲ့ နာမည်ပဲ။

ဘဲလ်ဘွိုင်းတဲ့။ အနည်းငယ် အောက်ကျနောက်ကျနိုင်သော အလုပ်ဖြစ်ပေမဲ့ ကိစ္စမရှိ။

နောက်ဆုံးတော့ ဒီအလုပ်ကို သွားလျှောက်ဖို့ သူဆုံးဖြတ်လိုက်သည်။ အင်း ... သူလျှောက်သော အလုပ်ကို ဖေဖေနှင့် မေမေသာ သိလျှင်တော့ ရင်ကျိုးပေလိမ့်မည်။

အလုပ်သွားလျှောက်တော့ နည်းနည်း ရယ်ရသေးသည်။ လာလျှောက်တဲ့သူက သူနှင့်ပေါင်းမှ စုစုပေါင်းသုံးယောက်တည်းသာရှိ၏။

အလုပ်လာလျှောက်သောသူ နည်းနေသည့်အတွက် သူက ခြံစောင့်ဦးလေးကြီးကို စပ်စုလိုက်သေးသည်။

"ဦးလေး အလုပ်လာလျှောက်တဲ့သူက နည်းလှချည်လား"

"အေးလေ ... ဒီလစာနဲ့တော့ ဒီလောက်ပဲ လျှောက်မှာပေါ့၊ လျှောက်တဲ့သူ ရှိတာတောင် ကံကောင်း"





"လစာက ဘယ်လောက်ပဲ ပေးမှာလဲ ဦးလေး"

"... ... ..."

နည်းပါးလှသော ပမာဏတစ်ခုကြောင့် သူ တွန့်ဆဲ့ ဖြစ်သွား၏။

ဒီလစာက သူ သုံးလေးရက် သုံးသလောက်သာရှိသည်။

"အဲဒီလောက်ပဲလား ဦးလေး"

"အေး ... လစာကတော့ နည်းတယ်၊ ဒါပေမဲ့ အလုပ်တော့ ပန်ကာလိုပဲ မွှတ်ထွက်နေအောင် လုပ်ရလိမ့်မယ်"

"ဧည့်သည်များလို့လား ဦးလေး"

"ဧည့်သည်ကတော့ မများပါဘူး၊ ဒါပေမဲ့ အလုပ်ကတော့ များတယ်"

အိပ်ခန်းကျဉ်းလေး ဆယ်ခန်းနှင့် ဖွဲ့စည်းထားသော ဟိုတယ်ငယ်လေး၏ အခြေအနေကို သူ တွက်ဆကြည့်ပြီး စိတ်ညစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်း ... သူ့အတွက်ကတော့ လစာအရေးမကြီး။ အလုပ်ရဖို့သာ အရေးကြီးသည်။

"ဧည့်သည်တွေဆီက မုန့်ဖိုးလေး ဘာလေးတော့ ရမှာပေါ့ နော် ဦးလေး"

"မုန့်ဖိုးပေးနိုင်တဲ့ ဧည့်သည်က ဒီမှာလာတည်းမလားကွ မင်း စဉ်းစားကြည့်ပါလား၊ အေး ... ဒီမှာ ငါရှင်းရှင်းပြော မယ်၊ မင်းလိုပဲ အလုပ်အကြောင်း လာမေးမြန်းပြီး မလျှော့ ဘဲ ပြန်သွားတဲ့သူတွေ တစ်ပုံကြီးပဲ၊ မင်း အလုပ်လျှော့ မယ် ဆိုရင်လည်း သွားလျှော့က်၊ မလျှော့က်ဘဲ ပြန်မယ် ဆိုရင်လည်းပြန်၊ ငါပြောရတာ ဒီနေ့ အာညောင်းလှပြီ"

သူ ခေါင်းကုတ်ပြီး ဟိုတယ်ခန်းမထဲ ပြန်ဝင်လာ တော့ အင်တာဗျူးဖို့ သူ့အလှည့် ရောက်နေပြီ။

ခင့်ကို ရှာဖွေကြည့်သော်လည်း အရိပ်အယောင် တောင် မတွေ့။

"ကိုမင်းစည် ... ခင်ဗျားအလှည့်ရောက်ပြီ"



နောက်ဆိုလျှင် သူနှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်လာ နိုင်သော ဝန်ထမ်းတစ်ယောက်က ပြောသည်။

"ဟုတ်ကဲ့"

"ဒီအခန်းထဲ ဝင်သွားလိုက်ပါ"

ညွှန်ပြသော အခန်းထဲကို စတင်ဝင်လိုက်သည်နှင့် ခံစားရတာက အိုက်စပ်စပ် ခံစားမှု ဖြစ်သည်။ အလုံပိတ်ထား သော အခန်းဖြစ်သဖြင့် အိုက်စပ်ပူလောင်လွန်းနေသည်။

သူ့အကြည့်က အလိုလိုပင် အဲယားကွန်းရှိနေသည့် နေရာကို ကြည့်မိလျက်သားဖြစ်နေသည်။

"ကြည့်မနေနဲ့ အဲယားကွန်း ပျက်နေတယ်"

ထိုခဏမှာပင် သူသည် ခင့်အဖေနှင့် ရင်ဆိုင်နေပါ သားဆိုသည့် အသိ ဝင်ရောက်လာခဲ့သည်။ ဖော်မပြနိုင်သော စိုးရွံ့မှုက သူ့ကို နည်းနည်းတော့ အနေရ ခက်စေသည်။

သူသည် အခုမှပင် အင်မတန် နာမည်ကြီးလှသော ခင့်အဖေကို တည့်တည့်ရင်ဆိုင်မိတော့သည်။ နဖူးပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်မှန်ထူထူအောက်က မျက်လုံးများက သူ့ကို ခပ်စူးစူး ပင် အကဲခတ်နေကြသည်။

အင်မတန် စိတ်တိုလွယ်သည့် လူတစ်ယောက်ဟု သူ တိတ်တဆိတ် ကောက်ချက်ချဆဲ။

"ဘာလဲ ... မင်းက ငါ့ကိုကြည့်ပြီး အကဲခတ်နေတာလား"

အတော်ကြီး ဖြောင့်ကျသော မေးခွန်းတစ်ခုနှင့် ခင့်အဖေက စတင်လိုက်သည်။ သူက ကြားဖူးထားသော သတင်း အချက်အလက်တွေအရ ကိုယ့်ကိုယ်ကိုယ် အားထည့်လိုက်သည်။

"မဟုတ်ပါဘူး အန်ကယ်လ်၊ ကျွန်တော်က အန်ကယ့်လ် ကို မြင်ဖူးသလားလို့ ကြည့်နေတာပါ"

"အပိုပြောမနေနဲ့၊ မင်းနဲ့ မြင်ဖူးစရာ အကြောင်းမရှိဘူး ထိုင်စရာရှိတာထိုင်"

ဒါ သိပ်ပြီး အပိုမပြောတတ်သော အဘိုးကြီးရဲ့ စတိုင် ဖြစ်ပေလိမ့်မည်။

"ဟုတ်ကဲ့"





အဘိုးကြီးက သူ့ရဲ့ကိုယ်ရေးရာဇဝင်ကိုဖတ်ပြီး သူ့ အားမျက်လုံးများ မှေးစင်းလျက် စေ့စေ့စပ်စပ် ကြည့်နေသည်။

"မင်းက ၂၀၀၅ ခုနှစ်မှာ ဖူးနဲ့ ဘွဲ့ရတာနော်၊ ဟုတ်လား"

"ဟုတ်ကဲ့"

အမှန်တကယ် သူ ရရှိခဲ့သောဘွဲ့က B.E ဘွဲ့ဖြစ် သော်လည်း ဘဲလ်ဘွိုင်းရာထူးနှင့် မသင့်တော်သဖြင့် လျှော့ပေါ့ ပြီး ရေးထားခဲ့သည်။

"အခု ၂၀၀၆ ခုနှစ် ရောက်နေပြီ၊ မင်း ဒီကြားထဲမှာ ဘာ အလုပ် လုပ်ခဲ့သလဲ"

"ကျွန်တော် ဘာအလုပ်မှ မလုပ်ခဲ့ပါဘူး"

"ဟေ ... မင်း အလုပ်မလုပ်ဘဲ ဘာနဲ့စားလဲ"

အမှန်တကယ် သူ ပိုင်ဆိုင်သော သူ့ရဲ့ပိုင်ဆိုင်မှု သာ ချပြလျှင် အဘိုးကြီး အံ့အားသင့်သွားပေလိမ့်မည်။

"ကျွန်တော် ဘုန်းကြီးကျောင်းမှာ နေတာပါ၊ ဘာဘုန်းကြီး က ကျွန်တော့်ကို ကျွေးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဘဝဇာတ်ကြောင်းကို မှင်သေသေနှင့်ပင် ဆက်ပြီး ဖြီးဖြန်းမိသည်။ အနည်းငယ် သနားစရာကောင်းသော ဘဝလေးကို သူ ချပြနိုင်မှ အလုပ်ရမည်။

"ကျွန်တော်ရဲ့ မိဘတွေက နယ်မှာပါ၊ ဘွဲ့ရပြီးကတည်းက အလုပ်လိုက်ရှာခဲ့တာ တစ်ခုမှ အဆင်မပြေခဲ့ပါဘူး"

"အခုထိ ဘုန်းကြီးကို အားကိုးနေတုန်းပဲ ဆိုပါတော့"

"ဟုတ်ကဲ့"

"မင်းက ဘုန်းကြီးကျောင်းသား ဆိုတော့ ဘုရားစာတွေ ရမှာပေါ့"

အခုမှ သူ အခက်တွေ့ပြီ။ ဘုရားစာဆိုလျှင် သူက ငါးပါးသီလကလွဲလျှင် ဘာမှမရ။ မရဘူး ဆိုလျှင်လည်း သိက္ခာက ကျဦးမည်။

"နည်းနည်းပါးပါးတော့ ရပါတယ် အန်ကယ်လ်၊ အများကြီးတော့ မရပါဘူး"

"နည်းနည်းပါးပါး ဆိုတော့ ဘာတွေရလဲ"





"ငါးပါးသီလပါ"

နောက်ဆုံးတော့ သူ ဝန်မခံချင်ဘဲ ဝန်ခံလိုက်ရသည်။

"အဲဒါပဲ ရတာလား"

ခင့်အဖေက နှုတ်ခမ်းတွန့်ပြီး သရော်ပြုံးနှင့် မေးသဖြင့် သူ အောင့်သက်သက် ဖြစ်သွားသည်။

"လူတစ်ယောက်မှာ ငါးပါးသီလ လုံခြုံဖို့က အရေးကြီးဆုံးပါ အန်ကယ်လ်"

ပြောပြီးတော့မှ သူ ရှက်စွံ့သွားသည်။ ဘုရား ... ဘုရား ... အခုတင်ပဲ မုသာဝါဒကံ ကျူးလွန်ထားပြီးသူ စကားကြီး စကားကျယ် ပြောနေသေးသည်။

"မင်းက ငါးပါးသီလ အမြဲလုံတယ်ပေါ့"

သူ့လေသံ တိုးဖျော့သွားသည်။

"ကျွန်တော် အတတ်နိုင်ဆုံး ထိန်းပါတယ်"

ထပ်ပြီး ကျူးလွန်မိပြန်ပြီ။ ခင့်အဖေက သူ့ရဲ့ ကိုယ်ရေးရာဇဝင် လျှောက်လွှာကို အံဆွဲထဲသို့ ပစ်ထည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရပြီကွာ။ သွားခါးရင် မင်းဆီ အကြောင်းကြားလိုက်မယ်ဟုတ်ပြီလား"

အဘိုးကြီးက သူ ထွက်သွားတာကိုတောင် မစောင့်ဘဲ အခန်းတံခါးဖွင့်ပြီး ထွက်သွားသည်။ အင်တာဗျူးခဲ့ရသူသူက အခန်းထဲမှာ ကြောင်တောင်နှင့် ကျန်ရစ်ခဲ့သည်။

ဟာ ... ဘယ်လိုအင်တာဗျူးကြီးလဲ။ ဘာမှလဲ သေချာမမေး။ ပြီးတော့ သူ့ကို ထားခဲ့ပြီး ထွက်သွားသေးသည်။ ခင့်အဖေ သူ့ကို သဘောမကျဘူး ဆိုသော အချက်က သူ့ခေါင်းထဲ ရောက်လာသည်။

သေချင်လောက်အောင် စိတ်ဓာတ်ကျတယ်ဆိုတာ အခုမှ သူ ခံစားဖူးတော့သည်။

❦ ○ ❦





မမျှော်လင့်သော သက်တံတစ်စင်းက ဖြန်းခနဲ ထွန်းလင်းသက်ဆင်းလာတော့ သူ့မှာ ဝမ်းသာမှုနှင့် အံ့အားသင့်၍ မဆုံး။

"မင်းကို အလုပ်ကိစ္စ စကားပြောစရာရှိတယ်၊ အိုအေစစ်ဟိုတယ်က ဖုန်းဆက်တယ်"

အလုပ်လျှောက်တုန်းက ကျော်နိုင့် ဖုန်းနံပါတ်ပေးခဲ့သဖြင့် ကျော်နိုင်က သူ့ကို ဖုန်းဆက်ပြီး ပြောခြင်းဖြစ်၏။ သိပ်ပြီး မမေးခဲ့ သိပ်ပြီး မဖြေခဲ့ရသော အင်တာဗျူးတစ်ခုကို သူ မျှော်လင့်ချက် မထားခဲ့တာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစည်ရာ အပင်ပန်း မခံစမ်းပါနဲ့၊ စိတ်လျှော့လိုက်စမ်းပါကွာ၊ မိန်းမ ပေါပါတယ်"

"မိန်းမ ပေါပေမဲ့ ခင်ရာဆွေ ဆိုတာ တစ်ယောက်တည်းရှိတယ်လေကွာ၊ တူမလား"

"ကျွတ် ... မင်းကွာ၊ ဂဂျီဂကျောင် အဘိုးကြီးနဲ့ သွားရင် ဆိုင်ဦးမယ်၊ ကျားအမြီးဆွဲတာမှ မင်း သက်သာဦးမယ် သိလား"

"အေး ... ငါကတော့ ကျားအမြီးဆွဲရမယ် ဆိုလည်း ဆွဲဖို့ အသင့်ပဲ"

"မင်းကတော့ ကုရာနတ္ထိ ဆေးမရှိဘဲ"

သူငယ်ချင်းကောင်း ပီသစွာ တားမြစ်သော ကျော်နိုင့်စကားကိုလည်း သူ နားမဝင်။ ကြယ်စင်လေးတစ်ပွင့်လို လှပလွန်းသော ခင့်မျက်နှာလေးကို သူ လုံးဝမမေ့နိုင်ပါ။

ကျော်နိုင် ဖုန်းချသွားသည်နှင့် သူလည်း ရေမိုးချိုး အဝတ်အစားလဲပြီး အိုအေစစ် ဟိုတယ်ငယ်လေးဆီသို့ ထွက်လာ





ခဲ့သည်။ ဟိုတယ်ငယ်လေးဆီ ရောက်တော့ ပို၍ ခြောက်ကပ်လွန်းသော အခြေအနေကို သတိပြုမိသည်။

ဂိတ်ပေါက်ဝမှာ ထိုင်ပြီး အိပ်ငိုက်နေသော လူကြီးတစ်ယောက်ကလွဲ၍ တခြား ဘယ်သူမှ ရှိမနေသဖြင့် အိပ်ငိုက်နေသော လူကြီးကိုပဲ နှိုးပြီးမေးလိုက်ရသည်။

"ဦးလေး ... ဦးလေး"

"ဟာ ... ဘာလဲကွာ၊ အိပ်ရတာ ဖိမ်ပျက်တယ်"

"ဟိုတယ်ပိုင်ရှင် သူဌေးကော၊ သူ ဒီနေ့ ကျွန်တော့်ကို ခေါ်ထားတယ်"

ဂိတ်စောင့်လူကြီးက အမေးအမြန်း ထူခဲ့သော သူ့အား မှတ်မိနေပြီဖြစ်၏။

"ဩော် ... မင်းကိုး၊ ဟိုတယ်ပိုင်ရှင်က အနောက်မှာ မြောင်းပေါက်နေတယ်၊ နေဦး မင်းကို အလုပ်ခန့်လိုက်ပြီလား"

"ဟုတ်ကဲ့ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... သွား ... သွား ... မင်းမှာ ဝဋ်ပါလာတယ် ထင်တယ်"

လှမ်းလက်စ သူ့ခြေလှမ်းတွေ တန့်ခနဲ ဖြစ်သွားသည်။ ဘုရား ... ဘုရား ... ဒီစကားက ဘာစကားလဲ။ ကြားလိုက်ရသော စကားကြောင့် သူ့အခြေအနေက စစ်မရောက်ခင် မြားကုန်လုနီးနီး ဖြစ်သွားသည်။

ဟိုတယ်ကိုပတ်ပြီး အနောက်ဘက် လျှောက်လာတော့ ဟိုတယ်နောက်မှာ မြောင်းပေါက်နေသော ခင့်အဖေကို တွေ့လိုက်ရသည်။ ဟိုတယ်ပိုင်ရှင်တစ်ယောက်က မြောင်းပေါက်နေသည်ဆိုတော့ သူ တော်တော်လေး စဉ်းစားရ ကျပ်သွားသည်။

"အန်ကယ်လ် ... ကျွန်တော် ရောက်ပါပြီ"

သူက အင်မတန် ရိုကျိုးသည့်ပုံစံနှင့် မြောင်းပေါက်နေသည့် ခင့်အဖေအနား တိုးကပ်ပြီး ပြောလိုက်သည်။ ခင့်အဖေ ဦးမိုးသစ်က ဘာမှမထူးဆန်းသလို သူ့ကို တစ်ချက်မော့ကြည့်ပြီး ...





"အေး ... ဟုတ်တယ်၊ မင်းကို ဒီနေ့ပဲ အလုပ်ခန့်လိုက်ပြီ"

"ဟုတ်ကဲ့၊ ကျွန်တော် ဝမ်းသာပါတယ် ခင်ဗျာ"

"ဝမ်းသာမနေနဲ့ဦး၊ အလုပ်အကြောင်း မပြောရသေးဘူး"

"ဟုတ်ကဲ့"

ဦးမိုးသစ်က မြောင်းထဲမှာ ပိတ်ဆို့နေသော အမှိုက်တွေကို တစ်ချက်ဆယ်တင်ပြီး ခဏနားလိုက်သည်။ မြောင်းပုပ်နံ့ဆ ထောင်းခနဲ ထိုးထွက်လာသဖြင့် သူ အသက်အောင့်ထားလိုက်သည်။

"ဟေ့ကောင် ... အသက်အောင့်မထားနဲ့ ပြောတာကို သေချာနားထောင်"

သူ လဲပြီးသေချင်စိတ်တောင် ပေါက်သွားသည်။ အဘိုးကြီးက သူ အသက်အောင့်ထားတာကိုလည်း သိသည်။ ခင်မင်ရင်းနှီးစွာ ဆက်ဆံဖို့ ခက်ခဲသော လူတစ်ယောက် ဆိုတာတော့ သူ စတင်ရိပ်မိစ ပြုလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်လ်၊ ပြောပါ"

"ငါ့ ဟိုတယ်မှာ စဖိုမှူးတစ်ယောက်နဲ့ ဂိတ်စောင့်တစ်ယောက်ပဲ ရှိတယ်၊ အရင်ကတော့ တောက်တိုမယ်ရခိုင်းတဲ့ ကောင်လေးတစ်ယောက် ရှိတယ်၊ စကားလှအောင်ပြောရရင် ဘဲလ်ဘွိုင်းပေါ့ကွာ၊ အခုတော့ အလုပ်ထွက်သွားပြီ၊ အခုလောလောဆယ်မှာတော့ ဒီဟိုတယ်မှာ သူဌေးဆိုလည်း ငါပဲ၊ မန်နေဂျာလည်း ငါပဲ၊ အလုပ်သမားလည်း ငါပဲ၊ ဧည့်သည်တွေကလည်း လာမတည်းကြတော့ ဧည့်သည်လည်း ငါပဲပေါ့"

ဘဲလ်ဘွိုင်းဆိုသော ရာထူးနှင့် မလိုက်ဖက်သော အလုပ်တွေကို သူ အနည်းငယ်တော့ သဘောပေါက်လာပြီ။ ဧည့်သည်ပါးသော ဟိုတယ်ငယ်လေးမှာ အလုပ်ပါးပေလိမ့်မည်ဟု သူ တွေးလို့တောင် မဆုံးသေး။

"အလုပ်ချိန်က မနက်ခုနစ်နာရီကနေ ညခုနစ်နာရီအထိ၊ ဒီဟိုတယ်မှာရှိတဲ့ အောက်ခြေသိမ်း အလုပ်မှန်သမျှ မင်းလုပ်ရမယ်၊ လုပ်နိုင်တယ် မဟုတ်လား"





ဒီဟိုတယ်မှာရှိတဲ့ အောက်ခြေသိမ်း အလုပ်မှန်သမျှ တဲ့။

သူ တွန့်ခနဲ ဖြစ်သွားသည်။ ဘဲလ်ဘွိုင်းဆိုသော ရာထူးနှင့် ဘာမှမဆိုင်။

"အောက်ခြေသိမ်း အလုပ်ဆိုတာ"

ဦးမိုးသစ်က ဘာမှမထူးဆန်းသလို ပြောင်းကို ဆက်ပေါက်ပြီး ...

"အလုပ်က သိပ်မရှိပါဘူးကွာ၊ ဧည့်သည်တွေလာရင် ဧည့်သည်တွေရဲ့အိတ်ကို နေရာချပေးရမယ်၊ ဟိုတယ်မှာ သုံးတဲ့ အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေ ခန်းဆီးတွေ လျှော်ရမယ်၊ ဟိုတယ် သန့်ရှင်းရေး လုပ်ရမယ်၊ ပြီးတော့ ဧည့်သည်တွေခိုင်းရင် ခိုင်းသလို လုပ်ပေးရမယ်"

အလုပ်က သိပ်မရှိရှာပေလို့ပဲ။ ရှိများရှိရင်တော့။ မင်း ... ဒါကြောင့်လည်း အရင်က အလုပ်သမား ထွက်သွားတာ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



“အန်ကယ် ဒီအလုပ်တွေအားလုံး ကျွန်တော် တစ်ယောက်တည်း လုပ်ရမှာဆိုတော့ ထမင်းစားချိန်ကော ရှိပါ့ဦးမလား”

“အေး … တစ်ခါတလေ ဧည့်သည်များရင်လည်း အလုပ်များတာနဲ့ ထမင်းငတ်တတ်တယ်”

သွားပြီ။ မေးမိခါမှ ပိုဆိုးသည်။ မမေးဘဲ နေခဲ့လျှင် ဒီလောက် စိတ်ပျက်လိမ့်မည် မဟုတ်။

“ထမင်းကိုတော့ ဒီမှာပဲ စားပေါ့။ အေး … ဒါပေမဲ့ ဘုန်းကြီးကျောင်းမှာလိုတော့ မင်း ကောင်းကောင်းစားရမှာ မဟုတ်ဘူးနော်”

တော်ရုံတန်ရုံလူ ဆိုလျှင်တော့ ရပိုင်ခွင့်တွေ အရမ်းများနေသော ဒီဟိုတယ်ကနေ ချက်ချင်းပင် ထွက်ပြေးပေလိမ့်မယ်။ သူကတော့ ဘာလစာမှ မရလဲ ထွက်ပြေးနိုင်မည်မဟုတ်။

နှောင်ဖွဲ့ခဲ့ပြီဖြစ်သော မေတ္တာကြိုးမှ သူ ရုန်းမထွက်နိုင်တော့။ ခင့်မျက်နှာလေးသည် သူ့အား အရာရာကို သည်းခံတတ်စေခဲ့သည်။





“ဒါနဲ့ စကားမစပ် အရင်ဘဲလ်ဘွိုင်းက ဒီမှာ ဘယ်လောက်ကြာ အလုပ် လုပ်သွားလဲ အန်ကယ်လ်”

“သုံးလ”

သုံးလတောင် အလုပ်လုပ်ခဲ့သည်ဆိုတော့ ဒီလူရဲ့ ခံနိုင်ရည်စွမ်းအားကိုလည်း လျှော့တွက်လို့မရ။

“ဟူး … ပင်ပန်းလိုက်တာ၊ မင်းစည် ဟိုတယ်အောက်ထပ်ရဲ့ ညာဘက်မှာ စတိုခန်းရှိတယ်၊ အဲဒီမှာ အလုပ်သမား ဝတ်စုံတွေ ရှိတယ်၊ မင်း အခုသွားပြီး မင်းနဲ့တော်မဲ့ ဝတ်စုံတစ်စုံကိုလဲပြီး ဒီမြောင်းကို ဆက်ပေါက်လိုက်”

“ခင်ဗျာ”

သူ အံ့အားသင့်လို့ မဆုံးသေး၊ ဦးမိုးသစ်က ခပ်တည်တည်ပင် ဆက်ပြော၏။

“မင်းကို ငါ ဒီနေ့ပဲ အလုပ်ခန့်လိုက်ပြီလေ၊ ဒီတော့ ဒီအလုပ်တွေက မင်းအလုပ် ဖြစ်သွားပြီ၊ ဆက်လုပ်လိုက်တော့”

www.burmeseclassic.com

မှတ်မှတ်ရရပင်။ အိုအေစစ်ဟိုတယ်မှာ ဘဲလ်ဘွိုင်း ရာထူးနှင့် အလုပ်စဝင်သည့် နေ့မှာပင် မြောင်းပေါက်ခဲ့ရလေသည်။





နောက်တစ်နေ့မှာတော့ ဘယ်တော့မှ အိပ်ရာစော စောမထတတ်သည့် သူက ခုနစ်နာရီအမီ ကြိုးစားပြီး ထသော်လည်း မအောင်မြင်ဘဲ အလုပ်ချိန် နောက်ကျခဲ့ပါသည်။

အလုပ်စဝင်သည့် ပထမဆုံးရက်မှာ အလုပ်နောက်ကျခဲ့သည့်အတွက် မျက်နှာပူလှပါသည်။

ဟိုတယ်ရှိနေသည့် ခြံလေးထဲ လှမ်းဝင်လိုက်သည်နှင့် ဂိတ်စောင့်လူကြီးက သူ့ကိုလှမ်း နှုတ်ဆက်သည်။

"ကောင်လေးရေ ... မင်းကတော့ လပ်ကီးပဲ"

"ဘာဖြစ်လို့လဲ ဦးလေး"

www.burmeseclassic.com



"ဒီမနက်ပဲ အခန်းဘွတ်ကင်လုပ်တဲ့ဖုန်း ဝင်လာတယ်၊ ဆယ်ခန်းစလုံး ပြည့်သွားပြီ၊ မင်းတော့ အလုပ်များဦးမှာပဲ"

သူ့အတွက်ကတော့ မင်္ဂလာသတင်း မဟုတ်။ သူ တစ်ယောက်တည်းနှင့် သေရအောင် လုပ်ရမဲ့အရေး တွေးဝံ့စရာတောင်မရှိ။

ဟိုတယ်ဧည့်ခန်းလေးထဲ ဝင်လိုက်တော့ ကောင်တာမှာ ဖုန်သုတ်နေသော ဦးမိုးသစ်က သူ့ကို မျက်ထောင့်နီကြီးနှင့် ကြည့်ပြီး ...

"ဘယ်နှနာရီ ရှိပြီလဲ"

"ရှစ်နာရီပါ"

"မင်းရဲ့ အလုပ်ချိန်က ဘယ်နှနာရီ စတာလဲ"

"ခုနစ်နာရီပါ"

သူ နောက်ကျနေပြီဆိုတာ ဦးမိုးသစ်က သွယ်ဝိုက်ပြီး အသိပေးနေသည်။



သူ့အပြစ်နှင့်သူ ဖြစ်သဖြင့် သက်ပြင်း အသာချပြီး ကတိပေးလိုက်သည်။

"ကျွန်တော် နောက်နေ့ ခုနစ်နာရီရောက်အောင် လာခဲ့ပါမယ်"

နောက်နေ့တွေမှာ ခုနစ်နာရီရောက်ဖို့ မနက်ငါးနာရီလောက် နာရီနှိုးစက် ပေးထားမှ ဖြစ်တော့မည်။ အအိပ်မက်သော သူ့အတွက်တော့ ကြီးမားသော ဒုက္ခတစ်ခုပင် ဖြစ်သည်။

ကောင်တာနောက်မှ ခန်းဆီးစလေးက လေနှင့်အတူ လွင့်ခနဲ မျောတက်လက်သည်။ ခန်းဆီးနောက်ကွယ်မှာ ခင့်မျက်နှာလေးကို လှစ်ခနဲ မြင်လိုက်ရတော့ သူ ပျော်ရွှင်သွားသည်။

ပန်းအိုးထိုးနေသော ခင်က သူ့ကိုအမြင်မှာ အံ့အားသင့်စွာ မျက်ဝန်းလေး ဝိုင်းစက်သွားသည်။

ကျက်သရေမင်္ဂလာရှိသော နံနက်ခင်းလေး တစ်ခုကို စတင်တွေ့ရှိခဲ့ပြီ။ ကျေနပ်မှုနှင့် ပီတိကို စားသုံးမိသဖြင့် အပြုံးက သူ့မျက်နှာမှာ ပေါ်လွင်သွားပုံ ပေါ်သည်။

"ဘာပြုံးနေတာလဲ၊ ငါ ဒေါသထွက်နေတာကို ပျော်နေတယ် ပေါ့"

အင်း ... စုတ်ရာတခြား ရှရာတခြားပဲ။ သူ ဘာကြောင့် ပြုံးလဲဆိုတာ အဘိုးကြီးသိလျှင် အသေသတ်ပစ်နိုင်သည်။

"ဟာ ... မဟုတ်ပါဘူး အန်ကယ်လ်၊ ကျွန်တော် အလုပ်စတင်တဲ့ နေ့မှာပဲ ဧည့်သည်တွေ ရောက်လာမယ်ကြားလို့ ဝမ်းသာမိတာပါ"

အလျှောက်ကောင်းသဖြင့် အထောင်းသက်သာသွားသည်။

ခန်းဆီးစ နောက်တစ်ကြိမ် လွင့်သွားပြန်သဖြင့် သူ့ရဲ့ လမင်းလေးကို ထပ်တွေ့ရပြန်သည်။

ဦးမိုးသစ်က ကောင်တာအံဆွဲကိုဖွင့်ပြီး ဘာရှာနေမှန်း မသိချိန်မှာ သူက ခင့်ကို ဆတ်ခနဲ လက်ပြလိုက်သည်။ ခင့်အပြုံးကို တွေ့လိုက်ရသဖြင့် သူ အတော်ကြီး စိတ်ကျေနပ်သွားသည်။



"အခန်းထောင့်မှာ ကြမ်းတိုက်တဲ့ဆေးဘူးနဲ့ အဝတ်စုတ်ရှိတယ်၊ ဧည့်ခန်းမတစ်ခုလုံး ပြောင်အောင်တိုက်၊ ဒီနေ့ ဧည့်သည်တွေ လာမယ်"

"ခင်ဗျာ"

"ခင်ဗျာတွေ ဘာတွေ လုပ်မနေနဲ့၊ မင်းလုပ်ရမဲ့ အလုပ်ထဲမှာ ဒါလည်းပါတယ်"

အမှန်တကယ်တော့ သူက သူသဘောကျနေသော ဆောင်မလေးရှေ့မှာ အောင့်သက်သက်နှင့် ကြမ်းတိုက်ရသည့် အလုပ်မျိုး မလုပ်ချင်ပါ။ ကိုယ့်ချစ်သူအရှေ့မှာ ရှိုးစမိုးအပြည့်၊ န်အပြည့်နှင့် နေချင်သည်မှာ ယောကျ်ားတွေ၏ သဘာဝသာ ဖြစ်၏။

အခုတော့ ...

"ဟုတ်ကဲ့ ... ကျွန်တော် တိုက်လိုက်ပါမယ်"

သူ့မှာ ရွေးချယ်စရာလမ်း မရှိတော့။ နောက်ဆုတ်ဖို့လည်း စိတ်မကူးချင်သဖြင့် ကြမ်းတိုက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com



"မင်း ကြမ်းတိုက်ထားနှင့် ငါ အပေါ်ထပ်မှာ သွားရှင်းလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဦးမိုးသစ် ထွက်သွားတော့ သူက ကြမ်းတိုက်ဖို့ ဆေးဘူးနှင့် အဝတ်စုတ်ကိုယူပြီး ကြမ်းစတိုက်လိုက်သည်။

ကြမ်းစတိုက်မှ သတိထားမိသည်။ မနေ့က မြောင်းပေါက်ခဲ့သည့်ဒဏ်ကြောင့် လက်မောင်းနှစ်ဖက်လုံး နာကျင်ကိုက်ခဲနေ၏။

ဒါ့အပြင် ခင့်ကိုလည်း မမြင်ရသဖြင့် ကြမ်းတိုက်ရတာ သူ လုံးဝစိတ်မပါ။

ခင်ရှိနေသော ကောင်တာဟာနောက်ဘက်က ဧည့်ခန်းအလယ်မှာ ရှိလေသည်။ သူ ကြမ်းတိုက်ပုံနှင့် ဧည့်ခန်းအပြည့် မပြောနှင့် ဧည့်ခန်းအလယ် ရောက်ဖို့တောင် အဝေးကြီး လိုသေးသည်။





နောက်ဆုံးတော့ သူက အကြံတစ်ခု ရသွားသည်။ သူ့အကြံအစည်က ခင့်မျက်နှာကိုလည်း မြင်ရမည်။ ကြမ်းတိုက်တာလည်း အမြန်ပြီးမည်။

သူက သူ့ခြေဖဝါးနှစ်ဖက်မှာ အဝတ်စုတ်နှစ်ခုကို ခပ်ထူထူလေး ပတ်ကာ စုစည်းပြီး ကြမ်းတိုက်ဆေးအချို့ကို ဖလော်ပြီး ကြမ်းပြင်ပေါ် ချထားလိုက်သည်။

ပြီးတော့မှ သူက ထိုဆေးတွေအပေါ် ဖြတ်လျှောက်ပြီး ဧည့်ခန်းမ ဟိုဘက်နှင့် ဒီဘက်ကို စကိတ်စီးသလို တရွတ်တိုက် ပြေးနေမိသည်။

သုံးလေးခေါက် ဟိုဘက် ဒီဘက် ပြေးမိတော့ ကြမ်းပြင်လည်း နည်းနည်းချော်လာပြီး သူလည်း စကိတ်စီးရသလို ပင် ရှောခနဲ ရှောခနဲ ဖြစ်ကာ ပြေးလို့ကောင်းလာသည်။

ဒါ့အပြင် ကောင်တာနောက်မှ ခင့်ကိုလည်း တစ်ခေါက် ဖြတ်သွားတိုင်း တစ်ခါမြင်နေရသဖြင့် သူ ကျေကျေနပ်နပ်ကြီးပင် ဟိုဘက် ဒီဘက် ပြေးပြီး ခြေထောက်နှင့် ကြမ်းတိုက်နေမိသည်။

www.burmeseclassic.com



ခင်က သူ့အပြုအမူကို မြင်တော့ မနေနိုင်တော့ သလို ပါးစပ်ကလေးပိတ်ပြီး ခစ်ခနဲ ရယ်လေ၏။ ခင်ရယ်တာ ကို သဘောကျသလို သူ လက်ပြုပြီး ဖြတ်အပြေး ...

"ဟော့ကောင် ... မင်း ဘာလုပ်နေတာလဲ"

မိုးချုန်းသံလို ထွက်ပေါ်လာသော အသံကြောင့် သူ ဗိုင်းခနဲ ချော်လဲသွားသည်။ သူ ကမန်းကတန်း ထရပ်သော် လည်း ဆေးတွေနှင့် ချော်နေသဖြင့် ချက်ချင်း ထမရပ်နိုင်ပြန်။

ခဏကြာမှာ သူ ယိုင်နဲ့နဲ့နှင့် ရပ်လို့ရသွားသည်။

"ငါမေးနေတယ်လေ၊ မင်း ဘာလုပ်နေတာလဲ"

"ကျွန်တော် ကြမ်းတိုက်နေတာပါ"

"မင်းကြမ်းတိုက်တာ ဘယ်လို တိုက်နေတာလဲ"

သူ့အနောက်မှာ ဦးမိုးသစ် ဘယ်တုန်းက ရောက်နေ မှန်း သူ မသိလိုက်။ တစ်ခဏအတွင်း ပျော်မြူးနေသော အပျော် တွေ မှေးမှိန်ကုန်၏။

"ပိုပြီး မြန်မြန်ဆန်ဆန် ပြီးအောင်ပါ အန်ကယ်လ်"





"မလိုချင်ဘူး၊ အဲဒီပုံစံနဲ့ တိုက်နေရင် ဘယ်လိုလုပ်ပြီး ပြောင်မှာလဲ၊ လက်နဲ့ပဲတိုက်"

အလကား အဘိုးကြီး၊ နည်းနည်းမှ ညှာညှာတာတာ မရှိ။ သူ့မှာ ဘဲလ်ဘွိုင်းရာထူး အမည်ခံပြီး ကြမ်းတိုက်နေရ သည်။

"မင်း ခြေထောက်ကဟာတွေ အကုန်ဖြုတ်ပြီး ကြမ်းကို သေချာပြန်တိုက်၊ မြန်မြန်ဆန်ဆန်လည်း လုပ်ဦး။ ဒီနေ့ ဧည့်သည်တွေ လာကြမှာ၊ အပေါ်ထပ်မှာ အိပ်ရာခင်းတွေ၊ ခေါင်းအုံးစွပ်တွေ လဲဖို့ရှိသေးတယ်၊ ရေချိုးခန်းတွေလည်း သန့်ရှင်းရေး လုပ်ရဦးမယ်၊ မြန်မြန်ဆန်ဆန် လုပ်ကွာ၊ မင်း အလုပ်လုပ်တာ နှေးလွန်းတယ်"

ဘုရား ... ဘုရား ...။ ဒါတွေလည်း သူ့အလုပ်ပဲ သား။ သူ ညည်းညူမိပေမဲ့ မငြင်းပယ်နိုင်။ နောက်ဆုံးတော့ ... သူ့ဘက်က စကားနှစ်လုံးတည်းနှင့် အလျှော့ပေးရပြန်သည်။

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်အတန့်မှာပင် ခင်သည် ခန်းဆီးစကို ပင့်ဖယ်ပြီး လှမ်းထွက်လာလေသည်။ သူ့အာရုံနှင့် သူ့အကြည့်သည် ချက်ချင်းပင် ခင့်အပေါ် သက်ဆင်းသွားသည်။ ဒါကို ဦးမိုးသစ်ကလည်း ချက်ချင်း ရိပ်မိသွားပုံပေါ်၏။

လှည့်ထွက်ခါနီး သူ့ကို ချက်ချင်းလမ်းခေါ်ကာ ...

"နေဦး ... မင်းကို ပြောစရာ ရှိသေးတယ်၊ ငါ့မှာ သမီးတစ်ယောက် ရှိတယ်၊ ငါ့သမီးကို မင်း ပတ်သက်ဖို့ အရောဝင်ဖို့ ခင်မင်ဖို့ လုံးဝမစဉ်းစားပါနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

သူ့အတွက်ကတော့ ဟာသမြောက်သော တားဆီးမှုဖြစ်၏။ သူ့မှာ ဒီထက်ကြီးမားသော ရည်ရွယ်ချက်ရှိမှန်း၊ ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေမှန်း ဦးမိုးသစ်သာ သိလျှင် ...။

ဦးမိုးသစ် သူ့ကို ကျောပေးလိုက်ချိန်မှာ သူ ပခုံးတွန့်ပြီး အသာပြုံးလိုက်မိသည်။

❦ ○ ❦





ဦးမိုးသစ် သူ့ကိုခေါ်သည့် နာမ်စားက နည်းနည်းတော့ အောင့်သက်သက်ဖြစ်စရာ။ ဘဲလ်ဘွိုင်းတဲ့။ တစ်ခုခု သူ့ကို ခိုင်းစရာရှိလျှင် ...

"ဟေ့ ... ဘဲလ်ဘွိုင်း၊ လာဦး"တဲ့။

ဒါတွင်မက ဧည့်သည်တွေ လာလျှင် ဦးမိုးသစ်က ထိုင်ရာက မထတော့။ သူ့ကို ခေါ်ဖို့အတွက် ဘဲလ်တစ်ခုကို ကောင်တာမှာ သီးသန့်တပ်ဆင်ထားပြီး ဧည့်သည်လာတိုင်း ထိုခလုတ်ကိုနှိပ်ပြီး ...

"ဘဲလ်ဘွိုင်း"ဟု အသံကျယ်ကြီးနှင့် အော်ခေါ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုဘဲလ်သံကြားတိုင်း လုပ်လက်စ အလုပ်တွေ အားလုံးပစ်ပြီး ကောင်တာကို ရောက်အောင်ပြေးရသည်။ ရောက်အောင် မပြေးလို့ကတော့ ဦးမိုးသစ်၏ ဘဲလ်ဘွိုင်းဆိုသော အသံကြီးနှင့် ထိပ်တိုက်တိုးရတော့မည်။

အခုလည်း သူ့အတွေးတောင် မဆုံးသေး၊ ဘဲလ်သံကြားရသဖြင့် ကောင်တာဆီ ပြေးရပြန်ပြီ။

"ဘဲလ်ဘွိုင်း ဧည့်သည်တွေ လာတယ်၊ အိတ်တွေကို အပေါ်ကို ပို့ပါ"

အခုပဲ တစ်ခေါက်တက်ပြီး ပြန်ဆင်းလာသည်။ နောက်တစ်ခါ ထပ်တက်ရဦးမည်။

"ဟုတ်ကဲ့"

သူ အလုပ်ဝင်ပြီးသည့် နောက်ပိုင်း ဧည့်သည်က မပြတ်။ ခါတိုင်း ဧည့်သည်ပါးသည့် ဟိုတယ်က အခုမှ ကံထလာသည်။ ဒီတော့ သူလည်း မနားရတော့။

"ဘဲလ်ဘွိုင်း ... ဘဲလ်ဘွိုင်း"





ခေါင်းလောင်းသံနှင့်အတူ ခပ်စူးစူး အော်ခေါ်သံကို ကြားရပြန်သည်။

"ဟုတ်ကဲ့"

"ဘဲလ်ဘွိုင်း ... ဟိုမှာ မနက်က သိမ်းထားတဲ့ အိပ်ရာခင်းတွေ၊ ခေါင်းအုံးစွပ်တွေ မလျှော်ရသေးဘူး၊ လျှော်လိုက်ဦး"

မနက်ကိုးနာရီသာ ရှိသေးပေမဲ့ သူ တစ်ချက်မှ မနားရသေး။ သူ့ခန္ဓာကိုယ်မှာ အင်အားတွေ ကုန်လုလု။

"ကျွန်တော် မနက်က ဘာမှ မစားရသေးဘူး အန်ကယ်လ်၊ ကျွန်တော် ဗိုက်အရမ်းဆာနေပြီ"

ဦးမိုးသစ်က မျက်ခုံးနှစ်ခုကို ထိလုနီးပါးကြုတ်ပြီး သူ့ကို စူးစိုက်ကြည့်သည်။

ပြီးမှ ...

"ထမင်းစားခန်းထဲမှာ မင်းအတွက် ကော်ဖီနဲ့ ပေါင်မုန့် ပြင်ပေးထားလိမ့်မယ် ထင်တယ်၊ အမြန်သွားစား"



www.burmeseclassic.com

www.burmeseclassic.com



စားတာတောင် အမြန်စားရဦးမယ်။ ထမင်းစားခန်းထဲ ဝင်လာတော့ အေးစက်နေသော ကော်ဖီတစ်ခွက်နှင့် အဖြူ ထည့်သက်သက် ပေါင်မုန့်နှစ်ချပ်ကို စိတ်မသက်သာစွာ မြင်တွေ့ရသည်။

ဗိုက်အတော်ဆာနေတာကြောင့် ခါတိုင်းလို ငြီးငွေ့လိုက်တာဟု မစဉ်းစားအားပဲ ပေါင်မုန့်နှစ်ချပ်ကို အားရပါးရ စားမိသည်။ ပေါင်မုန့်နှစ်ချပ် ကုန်သွားသော်လည်း သူ့အာသာ မပြေသေး။ မသကာ သူ့အတွက် 'ပေါင်မုန့်လေးချပ်လောက် ထည့်ပေးထားလျှင်' ဟုတ်တုတ်တုတ်။

ခပ်လှမ်းလှမ်းမှာ နံရံကပ်ကြောင်အိမ် ဗီရိုငယ်လေး တွေ့တော့ သူ ဝမ်းသာသွားသည်။ ဒီကြောင်အိမ်ထဲမှာ မုန့်တစ်ခုခုတော့ ရှိပေလိမ့်မည်။

သူ ကြောင်အိမ်ကို အသာဖွင့်လိုက်တော့ ပေါင်မုန့်ထုပ်ကို အသင့်တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ ဝမ်းသာအားရ ပေါင်မုန့်ထုပ်ကို လှမ်းအဆွဲ ...





"ဘဲလ်ဘွိုင်း ဒါ ဘာလုပ်တာလဲ"

တိတ်ဆိတ်နေသော အခန်းထဲကို ထိုးဖောက်ဝင်ရောက်လာသဖြင့် သူ လန့်ဖျပ်သွားရာ လက်ထဲမှ ပေါင်မုန့်ထုပ် ကျလုလု။

သူ့ကို ခါးထောက်ကြည့်ပြီး မေးခွန်းထုတ်နေသော ဦးမိုးသစ် ပုံစံက အေးစက်လွန်းသဖြင့် သူလည်း ခပ်တည်တည်ပင် ပြန်ဖြေလိုက်သည်။

"အြော် ... ပေါင်မုန့် ထပ်ယူမလို့ပါ"

သူက သူ့အိမ် သူ့ရာက မုန့်ကို ယူစားနေသည့်နှယ် ခပ်အေးအေးပင် ဖြေလိုက်၏။

သို့သော် ဦးမိုးသစ်၏ လှုပ်ရှားမှုက မယုံကြည်နိုင်လောက်အောင် မြန်ဆန်လွန်းသည်။ သူ့လက်ထဲမှ ပေါင်မုန့်ထုပ်ကို ဆွဲယူသွားတာ လေ၏အလျင်မျိုးနှင့် ဖြစ်၏။

"အလုပ်သမားတစ်ယောက်ကို ပေါင်မုန့်နှစ်ချပ်ပဲ ကျွေးဖို့ ငါ သတ်မှတ်ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မကောင်းဘူး အန်ကယ်လ်၊ ပေါင်မုန့်နှစ်ချပ်နဲ့ ဘယ်လို ဝနိုင်မှာလဲ"

သူ့ရဲ့ တုံ့ပြန်မှုကလည်း မြန်သည်။

"ကော်ဖီ ပါသေးတယ်လေ"

"ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်နှစ်ချပ်က နံရိုးတောင်မကာပ်ဘူး အန်ကယ်လ်"

"မနက်စာ အဝစားရင် ဗိုက်လေးပြီး အိပ်ချင်လာလိမ့်မယ်၊ မင်း ဘာအလုပ်မှ လုပ်နိုင်တော့မှာ မဟုတ်ဘူး"

ဦးမိုးသစ်ရဲ့ အကြောင်းပြချက်က သူ့အတွက်တော့ စိတ်ပျက်ဖွယ်ဖြစ်၏။ ဗိုက်မပြည့်ဘဲ အလုပ်လုပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

"ဘဲလ်ဘွိုင်း ... မင်း ကော်ဖီသောက်ပြီးရင် လုပ်စရာရှိတာ လာလုပ်ချည်။ အဝတ်တွေလည်း မလျှော်ရသေးဘူး၊ အိပ်ရာခင်း အသစ်တွေလည်း စွပ်ရဦးမယ်၊ ခြံထဲမှာလည်း တံမြက်စည်း လှည်းရဦးမယ်"





အလုပ်တွေ၊ အလုပ်တွေ။ သူ့ကို ဝမ်းသာအားရ ခေါင်ကြိုနေသည်က အလုပ်တွေသာဖြစ်၏။ ဗိုက်မပြည့်ဘဲနှင့် အလုပ် လုပ်ရဦးမည်။

"ဘဲလ်ဘွိုင်း ... မင်း ကော်ဖီမြန်မြန်သောက်ပြီး ထွက်လာခဲ့"

"ဟုတ်ကဲ့"

ဦးမိုးသစ် ထွက်သွားတော့ သူ အေးစက်စက်ကော်ဖီကို မော့ချလိုက်သည်။ ဘယ်က ကော်ဖီမှုန့် အပေါ်စားတွေနှင့် ဖျော်ထားသော ကော်ဖီမှန်း မသိ။ တစ်စက်မှ သောက်လို့မကောင်း။

"မင်းစည်"

မီးဖိုခန်းနှင့် ထမင်းစားခန်းကို ကာထားသော မှန်အညိုရောင် ပြတင်းတံခါးလေးပွင့်ပြီး ခင့်မျက်နှာကို တွေ့လိုက်ရသည်။

"ခင်"

"ရော့ ... ရှင် ဗိုက်မဝဘူး မဟုတ်လား၊ ဒါလေး စားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ခင့်လက်ထဲမှာ ကိုင်ထားတာက ပေါင်မုန့်ထောပတ် သုတ်တွေ ထည့်ထားသော ပန်းကန်ဖြစ်၏။ အခုတော့လည်း ဆာတာတွေအားလုံး မေ့ပျောက်သွားပြီ။

"နေပါစေ ခင်၊ မစားတော့ပါဘူး"

"ရော့ ... မြန်မြန်စားလိုက်၊ တော်ကြာ ဒယ်ဒီ ဝင်လာရင် ကျွန်မ အသတ်ခံရမှာ"

ခင် တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်စိတ်နှင့် ပေါင်မုန့် ထောပတ်သုတ်တွေကို အမြန်စားမိသည်။ စားနေရင်းနဲ့လည်း မရောင့်ရဲနိုင်။ ခင်နှင့် စကားတွေ တစ်ဝကြီး ပြောချင်လှသည်။

"မင်းစည် ... ရှင် ဒီမှာ ဒုက္ခလာခံမနေနဲ့၊ အလုပ်ထွက် ပြီး ပြန်တော့"

"မပြန်ဘူးခင်၊ ခင့်ဘက်က တုံ့ပြန်မှု တစ်ခုခု မရမချင်း ကျွန်တော် မပြန်ဘူး"

"ရှင် ဒီမှာ အရမ်းပင်ပန်းလိမ့်မယ် မင်းစည်၊ ပြန်ပါတော့၊ ကျွန်မ တောင်းပန်ပါတယ်"



"ဒါဆိုရင် ခင် ကျွန်တော့်ကို အဖြေပေးလေ"

"အိုး ... ဒယ်ဒီမကြိုက်တာ ကျွန်မ ဘာမှမလုပ်ချင်ဘူး"

"ကောင်းပြီလေ ... ဒါဆိုရင်လည်း ကျွန်တော် ဒီမှာပဲ အလုပ်ဆက်လုပ်ရမှာပေါ့"

"ရှင် တော်တော် ပြောရခက်ပါလား မင်းစည်၊ ဟော ... ဒယ်ဒီ ခေါ်နေတယ်၊ သွားတော့ ... သွားတော့"

ခင်က မုန့်တံခါးကို ဆတ်ခနဲ ဆွဲပိတ်လိုက်၏။ သူလည်း ဟိုတယ်ခန်းမထဲသို့ အမြန်ဆုံး ထွက်လာခဲ့သည်။ သူ ရောက်ရောက်ချင်း ဦးမိုးသစ်က သူ့ကို လှမ်းခေါ်သည်။

"ဘဲလ်ဘွိုင်း လာဦး"

သူ လန့်သွားသည်။ ခင်နှင့် စကားပြောတာ သိသွားပြီလား။

သူ ရင်တထိတ်ထိတ်နှင့် ဦးမိုးသစ် အနား တိုးကပ်သွားသည်။

"မင်းကို မနက်ဖြန်ကစပြီး ပေါင်မုန့်တစ်ချပ်ပိုကျွေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ရွှင်ရွှင်ပင် သူ ငြင်းပစ်လိုက်သည်။

"ရပါတယ် အန်ကယ်လ်၊ ပေါင်မုန့်နှစ်ချပ်ပဲ ကျွေးပါ၊ ကိစ္စမရှိပါဘူး"

သူ ပေါင်မုန့်သုံးချပ်သာ စားရလျှင် ခင့်ဆီမှ ပေါင်မုန့်ထောပတ်သုတ်ကို စားချင်မှ စားရတော့မည်။ ခင့်ကိုတွေ့ဖို့လည်း ဝေးသွားပေလိမ့်မည်။

"ကျွန်တော် ဗိုက်တင်းလို့ မဖြစ်ဘူး အန်ကယ်လ်"

သူ အဝတ်တောင်းကြီးမ,ပြီး လေချွန်ကာ ထွက်လာတော့ ဦးမိုးသစ်က သူ့ကို နားမလည်နိုင်သလို ငေးကြည့်ပြီး ကျန်ရစ်ခဲ့သည်။

❦ ○ ❦





ပင်ပန်းလွန်းသော ဒီအလုပ်မှာ သူ ပျော်သည်ဟု ပြောလျှင် လူတွေက သူ့ကို အရူးကောင်ဟု ပြောကြပေလိမ့်မည်။ သို့သော် သူကတော့ ခင် ခိုးခိုးကျွေးသော ပေါင်မုန့်ထောပတ်သုတ်လေး နှစ်ချပ်လောက်နှင့်ပင် ရောင့်ရဲတည်ငြိမ်စွာ အလုပ်မှာ ပျော်နေမိသည်။

အလုပ်ပါးသည့် အခါမျိုးမှာတော့ ခြံဝထိပ်မှာ အမြဲလိုလို အိပ်ငိုက်လေ့ရှိသော ဂိတ်စောင့်လူကြီးနှင့် စကားသွားပြောလေ့ရှိသည်။

ဂိတ်စောင့်လူကြီးကလည်း စကားပြောဖော်သူတိုးလာသည့်အတွက် ခါတိုင်းလို သိပ်ပြီးအိပ်မငိုက်တော့။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ကိုယ်တာထဲမှ ဟင်းတွေကို တစ်ဝက်ခွဲပြီး ကျွေးလေ့ရှိတာကြောင့် ဂိတ်စောင့်လူကြီးက သူ့ကို အထူးခင်မင်ရှာလေ၏။

အမှန်တော့ သူ့အတွက်က နိုးဝယ်ပြီး ဖွက်စားလေ့ရှိသော ဟင်းများက အမြဲရှိနေတာကြောင့် လက်နှစ်သစ်လောက်ရသော ဟိုတယ်ဟင်းက သူ့အတွက် ဘာမှမဟုတ်။

"ကောင်လေးရေ ... ဟိုမှာ ကားတစ်စီး လာပြန်ပြီ၊ မင်းဝင်ခံဖို့ သွားဦး"

ခြံထဲကို ကားတစ်စီး ဝင်လာသောကြောင့် သူ ဟိုတယ်ခန်းမဆီ ခြေကုန်သုတ်ပြီး ပြေးမိသည်။ ဒီလောက် သူအမြန်ပြေးတာတောင် ဦးမိုးသစ် အသံကို ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

"ဘဲလ်ဘွိုင်း ... အိတ်တွေ သယ်မယ်"

"ဟုတ်ကဲ့"

သူ ကားနောက်ခန်းမှ ခရီးဆောင်အိတ်တွေကို သယ်ချစဉ်ပင် မထင်မှတ်သော အဖြစ်အပျက်က ဖြစ်ပေါ်လာသည်။





"ဟော့ ... ဟော့ ... လူကလေး နေဦး"

"ခင်ဗျာ"

ကားရှေ့ခန်းမှ ဆင်းလာသော ညှိသည်နှင့် မျက်နှာချင်းဆိုင်လိုက်တော့ သူ ထိတ်လန့်သွားသည်။

ဦးရွှေမြိုင်၊ မေမေနှင့် မောင်နှမ နှစ်ဝမ်း သုံးဝမ်း ဆောက်ကွဲသည့် သူ၏ဦးရီးတော် ဖြစ်သည်။

"မင်း ... မင်း မမှုသား မဟုတ်လား"

သူ မှတ်မိသလောက်ကတော့ ဦးရီးနှင့် မတွေ့ရသည် နှစ်နှစ်လောက် ရှိပြီဖြစ်၏။ အခုမှတော့ ဘာမှမတတ်နိုင်တော့၊ ဦးမိုးသစ် အရှေ့မှာ ဘာဆွေမျိုးမှ စပ်လို့မရ။

"ဟာ ... မဟုတ်ပါဘူး ဦးလေးကလည်း"

စကားကြောရှည်နေမှာစိုး၍ ခရီးဆောင်အိတ်ကြီးကို အမြန်မ,ပြီး ဟိုတယ်ခန်းမထဲ ဝင်လာခဲ့သည်။ သို့သော် သူ့ဦးရီးကလည်း အလျှော့မပေး၊ သူ့နောက်ကနေ တွယ်ကပ်ပြီး ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မင်း မမှူသား မဟုတ်လား။ ငါ မင်း ဦးရီးလေကွာ"

အခုချိန်မှာ ဘယ်လိုမှ ဝန်ခံ၍မဖြစ် ဆိုသော အသိက သူ့ကို သတိပေးနေသည်။

"ဘယ်က မမှူလဲ ဦးလေး၊ ကျွန်တော် မသိဘူး"

မေမေသာ သူ့အနားမှာရှိလျှင် သူ့ကို နားရင်းထ အုပ်ပစ်ပေလိမ့်မည်။

"ဘယ်က မမှူရမှာလဲ၊ မင်းအမေလေကွာ၊ FMI Centre မှာ ရွှေဆိုင်ဖွင့်ထားတယ်လေကွာ"

"ဟာ ... ဦးလေးကလည်း၊ ဦးလေး လူမှားနေပြီ၊ ကျွန်တော့် မိဘတွေက နယ်မှာနေတာဗျ၊ ကျွန်တော် တစ်ယောက်တည်း ရန်ကုန်မှာ ရှိတာ"

"ဟေ ... ဟုတ်လား"

သူ ခပ်တည်တည်နှင့် ပြောလိုက်တော့ ဦးရွှေမြိုင် ဇဝေဇဝါ ဖြစ်သွားသည်။



သူ့ကို မော့ကြည့်လိုက် စဉ်းစားလိုက် နှင့် တစ်ယောက်တည်း အလုပ်ရှုပ်သွား၏။

"မင်းနဲ့ ငါ့တူနဲ့ တော်တော်တူတာပဲ၊ နေပါဦး၊ ငါ့တူ နာမည်က ဘယ်သူပါလိမ့်"

သူ ရင်တွေ တဒိုင်းဒိုင်း ခုန်သွားသည်။ ဘုရား ... ဘုရား ... စဉ်းစား၍ မရပါစေနဲ့။

ဦးရီးပါးစပ်ကသာ သူ့နာမည် ထွက်ပေါ်လာလျှင် အားလုံးသွားပြီ။ သူတို့နှစ်ယောက်ကို ကြည့်နေသော ဦးမိုးသစ် ပုံစံကလည်း စိတ်ဝင်တစား။ သူလည်း ရပ်နေရင်းက ခြေဖျား လက်ဖျားတွေ အေးစက်လာသည်။

"ဒီကောင့်နာမည် ဘယ်သူပါလိမ့်၊ ဒီကောင့်ကို ဦးလေး ခေါ်တာတော့ ငယ်ငယ်က အရမ်းငိုလွန်းလို့ ငိုကြီးလို့ ခေါ်တာ၊ ငိုကြီးနာမည်က ခပ်ဆန်းဆန်းပါပဲ၊ ဘာပါလိမ့်၊ မမှူတို့ကလည်း နည်းနည်း ခေါ်ရလွယ်တဲ့နာမည် ပေးသာ မဟုတ်ဘူး၊ မမှတ်မိတော့ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ သူ သက်ပြင်းချနိုင်တော့သည်။ ခွင့်လွှတ်ပါ ဦးလေး၊ ဦးလေးရဲ့တူ ကျွန်တော် အတောင်ပံတစ်စုံကိုသုံးပြီး လနတ်သမီးကို သိမ်းပိုက်ဖို့ ကြိုးစားနေလို့ပါ၊ ခွင့်လွှတ်ပါ။

"ဒါပေမဲ့ မင်းက ငါ့တူ ငိုကြီးနဲ့ တူတာတော့ အမှန်ပဲ"

"ဟုတ်လား ဦးလေး၊ ကျွန်တော်လည်း ကျွန်တော်နဲ့တူတဲ့ လူကို တွေ့ချင်လိုက်တာ၊ သူက ဒီရန်ကုန်မှာ နေတာပဲ လား၊ ကျွန်တော်နဲ့ မိတ်ဆက်ပေးပါလား"

"အေး ... မိတ်ဆက်ပေးမယ်ကွာ၊ ဒါပေမဲ့ အခုတော့မဟုတ်ဘူး၊ ငါက ဒီမှာ ကိစ္စလေးတွေ ရှိသေးတယ်၊ အဲဒီကိစ္စလေးတွေပြတ်မှ ငါ့အစ်မအိမ်မှာ သွားတည်းမှာ"

"ဘာကိစ္စလဲ ဦးလေး"

"ဟာ ... ဒါတော့ မင်းကို ပြောလို့ဖြစ်မလားကွ"

အမှန်တော့ သူကလည်း ဦးလေးဖြစ်သူ ဘာကြောင့် ဒီမှာတည်းလဲ ဆိုတာ အလွန်သိချင်မိသည်။ ခါတိုင်း ရန်ကုန်ရောက်လျှင် သူတို့အိမ်မှာ အမြဲတည်းလေ့ရှိသော ဦးရိုးက ဒီ





တစ်ခါ ထူးထူးဆန်းဆန်း ဟိုတယ်မှာ မေမေတို့ မသိအောင် လာတည်းနေ၏။

မရိုးသားသော ဓာတ်လမ်းတစ်ပုဒ် ဦးလေးမှာ ရှိရ ချေပ်ဟု သူ ယူဆလိုက်သည်။

"ဘဲလ်ဘွိုင်း ဧည့်သည်ကို အခန်းနံပါ 002 မှာ နေရာချပေးလိုက်ပါ၊ ရော့ ... ဒီမှာ သော့"

"ဟုတ်ကဲ့"

သူက ခရီးဆောင်အိတ်ကြီးကို ကောက်လွယ်ပြီး ...

"ကဲ ... ဦးလေး လာ၊ ကျွန်တော့်နောက် လိုက်ခဲ့"

"အေး ... အေး"

ဦးရိုးကို နေရာချပေးပြီး ပြန်ဆင်းလာတော့ ကောင်တာမှာ သူ့ကို စောင့်ကြည့်နေသော ဦးမိုးသစ်နှင့် ရင်ဆိုင်ရသည်။

သူက ဦးဆုံးမျက်နှာလွှဲပြီး ရှောင်ထွက်ဖို့ ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံသယမေးခွန်းတွေ သူ့ဆီရောက်လာမှာ သူ မလိုလား။

"အဲလိဘ်ဗျိုင်း လာဦး"

"ဟုတ်ကဲ့"

သူ ခပ်လေးလေးပင် ဦးမိုးသစ်ဆီ လျှောက်သွားလိုက်သည်။

"ခုနက လူကြီးက မင်းကို ဘယ်သူနဲ့ မှားနေတာလဲ"

"သူ့တူလို့ ပြောတာပဲ အန်ကယ်လ်၊ ကျွန်တော်လည်း သေသေချာချာတော့ မသိဘူး"

"မင်းနဲ့ ဘာမှမပတ်သက်ပါဘူးနော်"

"ဟာ ... အန်ကယ်လ်ကလည်း ပေါက်ပေါက်ရှာရှာ၊ သူ့တူက ရတနာဆိုင်ပိုင်ရှင် သူဌေးသားတဲ့၊ ကျွန်တော်က ဘုန်းကြီးကျောင်းသား၊ ဘယ်လိုလုပ်ပြီး ဆက်စပ်မှုရှိမှာလဲ၊ အင်း ... ရုပ်ရှင်တွေ ဘာတွေထဲကလို အမြွှာလေး ဘာလေး ဖြစ်နေရင်လည်း အကောင်းသား"





"သွားတော့ ... သွားတော့"

ဦးမိုးသစ်က စိတ်ရှုပ်သွားသလို သူ့ကို နှင်ထုတ်တော့မှ အသာပြုံးပြီး လှည့်ထွက်လာသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ငိုကြီး ... ငိုကြီး ... မင်း ဘာလို့ ငါ့ကို လိမ်ရတာလဲ"

"ကျွန်တော် ဘာလိမ်လို့လဲ ဦးလေးရဲ့"

"အောင်မယ် ... မင်းကများ၊ မင်း ဘာလိမ်လဲ ဆိုတာ မင်းမသိဘူးလား"

သူ သိလိုက်ပြီ။ ဦးလေးဖြစ်သူက သူထင်သလောက် မတုံး။ သူ့ကို သေချာမှတ်မိသွားပြီဖြစ်၏။

"နေပါဦး ချေမြိုင်ရဲ့၊ ငါ့သားက မင်းကို ဘာလိမ်လို့လဲ"

"မမသားလေ ..."

သူက ဆတ်ခနဲပင် ဦးလေးလက်ကို ဖမ်းဆွဲပြီး အလျင်အမြန်ဦးအောင် သတိပေးလိုက်သည်။

"ဦးလေး ... ဦးလေး ရန်ကုန် ဘာကြောင့်လာတယ်၊ ဟိုတယ်မှာ ဘာကြောင့် တည်းတယ်ဆိုတာ ကျွန်တော် သိတယ်နော်၊ ဦးလေးနဲ့ လမ်းထိပ်က အဒေါ်အပျိုကြီးနဲ့လေ"

"ဟော့ကောင် ... တော်တော့"





သူ့ရဲ့သတိပေးချက်က ထိရောက်ပါသည်။ ဦးလေးဖြစ်သူ ချက်ချင်း ပါးစပ်ပိတ်သွားသည်။ ဦးလေးဖြစ်သူ ဟိုတယ်မှာ သုံးရက်တည်းသည့်အတွင်း ဦးလေးအကြောင်း တစ်ဟိုတယ်လုံး သိပြီးဖြစ်၏။

ဦးလေးတို့မြို့ကို လာလည်သွားသော အပျိုကြီးမမနှင့် ဦးလေး ဘာဘာညာညာ စာတ်လမ်းလေးတွေ ဖြစ်သွားကြသည်။

အမျှဉ်မပြတ်နိုင်သော ဦးလေးက ထိုစာတ်လမ်းကို ဆက်က,ရန်အတွက် ရန်ကုန် ရောက်လာခဲ့ခြင်း ဖြစ်၏။

ရန်ကုန် ရောက်သည်နှင့် သုံးရက်စလုံး အပျိုကြီးမမနှင့် ဟိုတယ်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ချိန်းတွေ့တာ သူ ကိုယ်တိုင်မြင်ကိုယ်တွေ့ ဖြစ်သည်။

ဒီအကြောင်းတွေအား ဦးလေးက မေမေတို့အား သိစေချင်မည် မဟုတ်။ ဒါကြောင့်လည်း အိမ်မှာမတည်းဘဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်သန်းရေ ... ဒီမှာ ရှင့်သား ပြန်လာပြီ၊ မှတ်မိအောင် လာကြည့်ထားဦး"

ပုံမှန်အားဖြင့်တော့ သူ့မိဘနှစ်ပါးလုံး သဘောကောင်းပြီး ပျော်ပျော်နေတတ်သူများ ဖြစ်၏။ သူ့ကိုလည်း တုန်နေအောင်ချစ်ပြီး အလိုလိုက်ရှာ၏။

"မင်းစည် ... မင်း ဘယ်တွေသွားနေတာလဲ၊ ဆိုင်လည်းမလာ၊ အိမ်မှာလည်းမရှိ၊ ဘာတွေ လုပ်နေတာလဲ"

"အဖေကလည်း"

"အဖေကလည်း ဘာလဲ လုပ်မနေနဲ့၊ ပြောစမ်း၊ မင်း ဘာတွေလုပ်နေတာလဲ၊ မင်း အခုတလော ခြေလှမ်းပျက်နေတာ ကြာပြီ"

ခါတိုင်း ဒီလို လပြည့်ရက်မျိုးဆို အဖေက ဘုန်းကြီးကျောင်းသွားပြီး သီလယူနေကျဖြစ်သည်။ ဒီနေ့တော့ ကြုံကြုံပြန် လာတိုးနေသည်။



"မပျက်ပါဘူး အဖေကလည်း၊ ကျွန်တော် သူငယ်ချင်းတစ်ယောက်ဆီ သွားသွားနေတာပါ"

"ဘယ်သူငယ်ချင်းလဲ၊ ဘာကိစ္စလဲ ပြော"

အဲဒီလောက် အသေးစိတ်တော့ သူ မပြောပြရဲ။ ပြောပြလျှင် ... "မင်း ဒီလောက်တောင် ကြောင်ရလား" ဆိုသည့် အပြစ်တင်စကားနှင့်အတူ တားမြစ်ခြင်း ခံရပေလိမ့်မည်။

"ဒါနဲ့ ဒီနေ့ လပြည့်နေလေ၊ အဖေ ဘုန်းကြီးကျောင်း မသွားဘူးလား"

"မင်း စကားမလွှဲနဲ့၊ ပြော ... မင်းဘာလုပ်နေလဲ၊ မနက်မိုးမလင်းသေးဘူး အိမ်ကထွက်တယ်၊ ညနေကိုလည်း စောစောမပြန်ဘူး၊ ပြီးတော့ မင်း အရမ်းပိန်သွားတယ်၊ ပြောစမ်း၊ မင်း ဘာမဟုတ်တာတွေ လုပ်နေလဲ"

"အဖေကလည်း အဖေ့သား ကျွန်တော်က မဟုတ်တာတွေ လုပ်မလားဗျာ၊ စိတ်ချ၊ အဖေ့သားက လောင်းကစားလည်း



www.burmeseclassic.com

www.burmeseclassic.com



"ငိုကြီး ... ငိုကြီး ... မင်း ဘာလို့ ငါ့ကို လိမ်ရတာလဲ"

"ကျွန်တော် ဘာလိမ်လို့လဲ ဦးလေးရဲ့"

"အောင်မယ် ... မင်းကများ၊ မင်း ဘာလိမ်လဲ ဆိုတာ မင်းမသိဘူးလား"

သူ သိလိုက်ပြီ။ ဦးလေးဖြစ်သူက သူထင်သလောက် မတုံး။ သူ့ကို သေချာမှတ်မိသွားပြီဖြစ်၏။

"နေပါဦး ချွေမြိုင်ရဲ့၊ ငါ့သားက မင်းကို ဘာလိမ်လို့လဲ"

"မမသားလေ ..."

သူက ဆတ်ခနဲပင် ဦးလေးလက်ကို ဖမ်းဆွဲပြီး အလျှင်အမြန်ဦးအောင် သတိပေးလိုက်သည်။

"ဦးလေး ... ဦးလေး ရန်ကုန် ဘာကြောင့်လာတယ်၊ ဟိုတယ်မှာ ဘာကြောင့် တည်းတယ်ဆိုတာ ကျွန်တော် သိတယ်နော်၊ ဦးလေးနဲ့ လမ်းထိပ်က အဒေါ်အပျိုကြီးနဲ့ လေ"

"ဟော့ကောင် ... တော်တော့"





သူ့ရဲ့သတိပေးချက်က ထိရောက်ပါသည်။ ဦးလေး ဖြစ်သူ ချက်ချင်း ပါးစပ်ပိတ်သွားသည်။ ဦးလေးဖြစ်သူ ဟိုတယ် မှာ သုံးရက်တည်းသည့်အတွင်း ဦးလေးအကြောင်း တစ်ဟိုတယ် လုံး သိပြီးဖြစ်၏။

ဦးလေးတို့မြို့ကို လာလည်သွားသော အပျိုကြီးမမ နှင့် ဦးလေး ဘာဘာညာညာ ဇာတ်လမ်းလေးတွေ ဖြစ်သွားကြ သည်။

အမျှဉ်မပြတ်နိုင်သော ဦးလေးက ထိုဇာတ်လမ်းကို ဆက်က,ရန်အတွက် ရန်ကုန် ရောက်လာခဲ့ခြင်း ဖြစ်၏။

ရန်ကုန် ရောက်သည်နှင့် သုံးရက်စလုံး အပျိုကြီး မနှင့် ဟိုတယ်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ချိန်းတွေ့တာ သူ ကိုယ်တိုင်မြင်ကိုယ်တွေ့ ဖြစ်သည်။

ဒီအကြောင်းတွေအား ဦးလေးက မေမေတို့အား သိစေချင်မည် မဟုတ်။ ဒါကြောင့်လည်း အိမ်မှာမတည်းဘာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုကြီး ... ငိုကြီး ... မင်း ဘာလို့ ငါ့ကို လိမ်ရတာလဲ"

"ကျွန်တော် ဘာလိမ်လို့လဲ ဦးလေးရဲ့"

"အောင်မယ် ... မင်းကများ၊ မင်း ဘာလိမ်လဲ ဆိုတာ မင်းမသိဘူးလား"

သူ သိလိုက်ပြီ။ ဦးလေးဖြစ်သူက သူထင်သလောက် မတုံး။ သူ့ကို သေချာမှတ်မိသွားပြီဖြစ်၏။

"နေပါဦး ချွေမြိုင်ရဲ့၊ ငါ့သားက မင်းကို ဘာလိမ်လို့လဲ"

"မမသားလေ ..."

သူက ဆတ်ခနဲပင် ဦးလေးလက်ကို ဖမ်းဆွဲပြီး အလျှင်အမြန်ဦးအောင် သတိပေးလိုက်သည်။

"ဦးလေး ... ဦးလေး ရန်ကုန် ဘာကြောင့်လာတယ်၊ ဟိုတယ်မှာ ဘာကြောင့် တည်းတယ်ဆိုတာ ကျွန်တော် သိတယ်နော်၊ ဦးလေးနဲ့ လမ်းထိပ်က အဒေါ်အပျိုကြီးနဲ့လေ"

"ဟော့ကောင် ... တော်တော့"





သူ့ရဲ့သတိပေးချက်က ထိရောက်ပါသည်။ ဦးလေးဖြစ်သူ ချက်ချင်း ပါးစပ်ပိတ်သွားသည်။ ဦးလေးဖြစ်သူ ဟိုတယ်မှာ သုံးရက်တည်းသည့်အတွင်း ဦးလေးအကြောင်း တစ်ဟိုတယ်လုံး သိပြီးဖြစ်၏။

ဦးလေးတို့မြို့ကို လာလည်သွားသော အပျိုကြီးမမနှင့် ဦးလေး ဘာဘာညာညာ ဇာတ်လမ်းလေးတွေ ဖြစ်သွားကြသည်။

အမျှင်မပြတ်နိုင်သော ဦးလေးက ထိုဇာတ်လမ်းကို ဆက်က,ရန်အတွက် ရန်ကုန် ရောက်လာခဲ့ခြင်း ဖြစ်၏။

ရန်ကုန် ရောက်သည်နှင့် သုံးရက်စလုံး အပျိုကြီးမမနှင့် ဟိုတယ်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ချိန်းတွေ့တာ သူ မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။

ဒီအကြောင်းတွေအား ဦးလေးက မေမေတို့အား သိစေချင်မည် မဟုတ်။ ဒါကြောင့်လည်း အိမ်မှာမတည်းတာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုကြီး ... ငိုကြီး ... မင်း ဘာလို့ ငါ့ကို လိမ်ရတာလဲ"

"ကျွန်တော် ဘာလိမ်လို့လဲ ဦးလေးရဲ့"

"အောင်မယ် ... မင်းကများ၊ မင်း ဘာလိမ်လဲ ဆိုတာ မင်းမသိဘူးလား"

သူ သိလိုက်ပြီ။ ဦးလေးဖြစ်သူက သူထင်သလောက် မတုံး။ သူ့ကို သေချာမှတ်မိသွားပြီဖြစ်၏။

"နေပါဦး ချွေးမြိုင်ရဲ့၊ ငါ့သားက မင်းကို ဘာလိမ်လို့လဲ"

"မမသားလေ ..."

သူက ဆတ်ခနဲပင် ဦးလေးလက်ကို ဖမ်းဆွဲပြီး အလျှင်အမြန်ဦးအောင် သတိပေးလိုက်သည်။

"ဦးလေး ... ဦးလေး ရန်ကုန် ဘာကြောင့်လာတယ်၊ ဟိုတယ်မှာ ဘာကြောင့် တည်းတယ်ဆိုတာ ကျွန်တော် သိတယ်နော်၊ ဦးလေးနဲ့ လမ်းထိပ်က အဒေါ်အပျိုကြီးနဲ့လေ"

"ဟောကောင် ... တော်တော့"





သူ့ရဲ့သတိပေးချက်က ထိရောက်ပါသည်။ ဦးလေးဖြစ်သူ ချက်ချင်း ပါးစပ်ပိတ်သွားသည်။ ဦးလေးဖြစ်သူ ဟိုတယ်မှာ သုံးရက်တည်းသည့်အတွင်း ဦးလေးအကြောင်း တစ်ဟိုတယ်လုံး သိပြီးဖြစ်၏။

ဦးလေးတို့မြို့ကို လာလည်သွားသော အပျိုကြီးမမနှင့် ဦးလေး ဘာဘာညာညာ ဇာတ်လမ်းလေးတွေ ဖြစ်သွားကြသည်။

အမျှဉ်မပြတ်နိုင်သော ဦးလေးက ထိုဇာတ်လမ်းကို ဆက်က,ရန်အတွက် ရန်ကုန် ရောက်လာခဲ့ခြင်း ဖြစ်၏။

ရန်ကုန် ရောက်သည်နှင့် သုံးရက်စလုံး အပျိုကြီးမနှင့် ဟိုတယ်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ချိန်းတွေ့တာ သူ မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။

ဒီအကြောင်းတွေအား ဦးလေးက မမေတို့အား သိစေချင်မည် မဟုတ်။ ဒါကြောင့်လည်း အိမ်မှာမတည်းတာ ဖြစ်မည်။

www.burmeseclassic.com



နောက်တစ်ခါ ခင်နှင့်တွေ့ရချိန်သည် သူ့အတွက် အတော်ကြီး အမှတ်တရ ဖြစ်ခဲ့လေသည်။ ထိုနေ့က သူ မသိသော ခင့်မွေးနေ့လည်း ဖြစ်၏။

ထိုနေ့က မနက်စာကို ဟိုတယ်မှာ တစ်ခါမှမကျွေးဖူးသော အစားအသောက်ကောင်းများကို စားရသည်။

ထိုနေ့မနက်က သူနှင့် ဂိတ်စောင့်ဦးလေးကြီး ထမင်းစားခန်းထဲမှာဆုံပြီး မုန့်အတူ စားခဲ့ကြသည်။ စားပွဲပေါ်မှာ ပြည့်လျှံနေသော မုန့်အမျိုးမျိုးကြောင့် သူ အံ့အားသင့်စွာ မျက်လုံးပြူးနေခဲ့ရသည်။





"ဦးလေးရေ ... ဒီနေ့ နေအနောက်ဘက်က ထွက်တယ်ထင်တယ်၊ မုန့်တွေ အများကြီးပဲ၊ ဒါမှမဟုတ် သူဌေးထီပေါက်လို့လား မသိဘူး"

"မင်းသူဌေး ဘာထီမှ မပေါက်ဘူး၊ ဒီနေ့က သူ့သမီးမွေးနေ့မို့လို့ တို့ စားရတာ"

"ခင်ဗျာ ... ဒီနေ့က ခင့်ရဲ့မွေးနေ့ ဟုတ်လား"

"ခင်တွေ ခက်တွေ လုပ်မနေနဲ့၊ သူဌေးသိရင် မင်းအသတ်ခံရလိမ့်မယ်"

"ဟာ ... ဦးလေးကလည်း မဦးမချွတ်"

သူ လုံးဝမသိသော ခင့်မွေးနေ့ကို သိလိုက်ရတာကြောင့် ခင့်ကို အမှတ်တရဖြစ်အောင် လက်ဆောင်တစ်ခုခု ပေးချင်မိသည်။ ရုတ်တရက်ဖြစ်သဖြင့် သူ့မှာဘာပစ္စည်းမှလဲ မပါခဲ့။

နောက်တော့ သူ သတိရလိုက်တာက ဟိုတယ်နောက်ဘက်မှာ သူ ပျိုးထားသော နှင်းဆီပင်များဖြစ်၏။ မနေ့က နှင်းဆီပင်ငယ်လေးတစ်ပင် ပန်းပွင့်နေတာကို သူ သတိပြုမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုကြီး ... ငိုကြီး ... မင်း ဘာလို့ ငါ့ကို လိမ်ရတာလဲ"

"ကျွန်တော် ဘာလိမ်လို့လဲ ဦးလေးရဲ့"

"အောင်မယ် ... မင်းကများ၊ မင်း ဘာလိမ်လဲ ဆိုတာ မင်းမသိဘူးလား"

သူ သိလိုက်ပြီ။ ဦးလေးဖြစ်သူက သူထင်သလောက် မတုံး။ သူ့ကို သေချာမှတ်မိသွားပြီဖြစ်၏။

"နေပါဦး ရွှေမြိုင်ရဲ့၊ ငါ့သားက မင်းကို ဘာလိမ်လို့လဲ"

"မမသားလေ ..."

သူက ဆတ်ခနဲပင် ဦးလေးလက်ကို ဖမ်းဆွဲပြီး အလျှင်အမြန်ဦးအောင် သတိပေးလိုက်သည်။

"ဦးလေး ... ဦးလေး ရန်ကုန် ဘာကြောင့်လာတယ်၊ ဟိုတယ်မှာ ဘာကြောင့် တည်းတယ်ဆိုတာ ကျွန်တော် သိတယ်နော်၊ ဦးလေးနဲ့ လမ်းထိပ်က အဒေါ်အပျိုကြီးနဲ့လေ"

"ဟေ့ကောင် ... တော်တော့"





သူ့ရဲ့သတိပေးချက်က ထိရောက်ပါသည်။ ဦးလေးဖြစ်သူ ချက်ချင်း ပါးစပ်ပိတ်သွားသည်။ ဦးလေးဖြစ်သူ ဟိုတယ်မှာ သုံးရက်တည်းသည့်အတွင်း ဦးလေးအကြောင်း တစ်ဟိုတယ်လုံး သိပြီးဖြစ်၏။

ဦးလေးတို့မြို့ကို လာလည်သွားသော အပျိုကြီးမမနှင့် ဦးလေး ဘာဘာညာညာ ဇာတ်လမ်းလေးတွေ ဖြစ်သွားကြသည်။

အမျှဉ်မပြတ်နိုင်သော ဦးလေးက ထိုဇာတ်လမ်းကို ဆက်က,ရန်အတွက် ရန်ကုန် ရောက်လာခဲ့ခြင်း ဖြစ်၏။

ရန်ကုန် ရောက်သည်နှင့် သုံးရက်စလုံး အပျိုကြီးမမနှင့် ဟိုတယ်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ချိန်းတွေ့တာ သူ မျက်မြင်ကိုယ်တွေ့ ဖြစ်သည်။

ဒီအကြောင်းတွေအား ဦးလေးက မေမေတို့အား သိစေချင်မည် မဟုတ်။ ဒါကြောင့်လည်း အိမ်မှာမတည်းဘာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်က နှင်းဆီပန်းအိုးလေးဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး "ချစ်စရာလေး"ဟု တီးတိုးရေရွတ်လေ၏။

"ခင် ကျွန်တော် ဒီရောက်တာ သုံးလကျော်ပြီနော်၊ အခုထိ ကျွန်တော့်ကို အဖြေမပေးသေးဘူးလား"

နှင်းဆီပွင့်ငယ်နှင့်အပြိုင် နီမြန်းသွားသော ခင့်မျက်နှာလေးက ဘဝင်ငြိစရာ။ ဒီကောင်မလေးအတွက်နဲ့ သိက္ခာတွေကျနေပြီဟုလည်း သူ မညည်းညူမိ၊ ပင်ပန်းလိုက်တာဟူ၍လည်း သူ မညည်းညူမိ။

တစ်နေ့လျှင် စက္ကန့်ပိုင်းလောက် သူမမျက်နှာလေးမြင်နေရလျှင်ပဲ သူက ကျေနပ်တင်းတိမ်နိုင်ပြီ။ သူ့အတွက် ဘာမှ မလိုအပ်တော့။ အလုပ်ပင်ပန်းတာတွေ၊ အောက်ကျတာတွေအားလုံး ဘာမှမရှိတော့။

"ရှင် ဒီမှာနေတာ မပင်ပန်းဘူးလား မင်းစည်"

"ပင်ပန်းတာပေါ့၊ ကျွန်တော် ဒါမျိုးအလုပ်တွေ တစ်ခါမှ မလုပ်ဖူးဘူး"





ခင့်မျက်ဝန်းလေးသည် ချက်ချင်းပင် ကရုဏာမျက်ဝန်း ဖြစ်သွားသည်။ အင်း ... ဒီလိုမျက်ဝန်းမျိုးနှင့်သာ နှစ်သိမ့်မှုရခဲ့လျှင် ဓားတောင်တန်းကိုကျော်ပြီး မီးပင်လယ်ကိုဖြတ်မည့် ယောက်ျားတွေ သူ့အပါအဝင် ဒုနဲ့ဒေး ဖြစ်သွားပေလိမ့်မည်။

"ပင်ပန်းရင်လည်း ပြန်ပါ မင်းစည်ရယ်၊ ဒီမှာ ဒုက္ခမခံပါနဲ့၊ ဒီဟိုတယ်မှာက ပင်ပန်းလွန်းလို့၊ ဘယ်အလုပ်သမားမှ မမြဲဘူး"

"ခင်ရှိနေသရွေ့တော့ ကျွန်တော်က ကော်နဲ့ကပ်သလို မြဲနေမှာပဲ"

"ကောင်းပြီလေ၊ ရှင့်ရဲ့ဇွဲကို ဆုချတဲ့အနေနဲ့ ကျွန်မ အဖြေပေးမယ်"

"ဘယ်တော့လဲ ခင်၊ အခုလား"

"ဟင့်အင်း၊ အခုမဟုတ်ဘူး"

"ဘယ်တော့လဲ"

"တစ်ရက်ရက်ပေါ့၊ သေချာတော့ မစဉ်းစားရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင် ပြောသော တစ်ရက်ရက်သည် သေချာမှုမရှိ ပေးကွာလှပေမဲ့ တစ်နေ့နေ့မှာ ရောက်လာပေလိမ့်မည်။ သူ့ဘက် က မျှော်လင့်ချက်ကြီးကြီးနှင့် ယုံကြည်စွာ စောင့်စားဖို့သာလိုသည်။

"ရပါတယ်၊ ဘယ်နေ့ပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ဝေးကွာ ဝေးကွာ ကျွန်တော် စောင့်နေပါမယ်"

ထိုခဏမှာပင် သူတို့နှစ်ယောက်ကြားထဲသို့ မိုးကြိုး ပစ်သလို အသံတစ်ခုက ဝင်ရောက်လာခဲ့သည်။

"ဟေ့ကောင် ... မင်း ဘာလုပ်နေတာလဲ"

သူ့ဘဝမှာ အသံကြားရုံနှင့် လန့်တာ ဒီတစ်ခါပဲ ရှိသေးသည်။ တစ်ကိုယ်လုံး တုန်မတတ် ကြောက်ရွံ့သွားတာ လည်း ဒီတစ်ခါသာ ဖြစ်၏။

မျက်နှာကြီး နီမြန်းကာ ခြေလှမ်းကျဲကြီးနှင့် လျှောက် လာသော ဦးမိုးသစ်ကို ရုတ်တရက် သူ ဘယ်လိုရင်ဆိုင်ရမှန်း မသိ။ ခုနကပဲ သူ တွေးမိခဲ့သေးသည်။ အခု ထိပ်တိုက်ရင်ဆိုင် ရပြီ။





ဒါ သူ မဦးမချွတ် တွေးခဲ့တာကြောင့် ဖြစ်မည်။ ခုနက အတွေးထဲမှာ ထိပ်တိုက်ရင်ဆိုင်တွေ့လျှင် ဘယ်လိုရှောင် တိမ်းရမလဲဆိုတာ မတွေးမိခဲ့။ ဒါကြောင့် လက်တွေ့မှာလည်း ဘယ်လိုရင်ဆိုင်ရမလဲ သူ မသိ။

"မင်းကို ငါမေးနေတယ်လေ၊ မင်း ဘာလုပ်နေတာလဲ"

"ဟိုလေ ... ဟို ..."

မတော်သေးသည့် ယောက္ခထီးလောင်းကို ဒီလောက် ကြောက်နေဖို့ မလိုဟု သူ့ကိုယ်သူ အားပေးသော်လည်း မရ။ မသိမသာ တုန်နေသည့် ဒူးတွေကို မနည်းတည့်မတ်စွာ ထိန်းနေ ရသည်။

မမျှော်လင့်ဘဲ သူ့ရှေ့မှာ ဇီးနပ်နတ်သမီးလေးက ကယ်တင်ရှင် နတ်သမီးလေး ဖြစ်သွားသည်။

"ဒယ်ဒီ သမီး သူ့ကို ပန်းအိုး သယ်ခိုင်းနေတာပါ"

ဒီတော့မှ ဦးမိုးသစ်က ဘဝင်ကျသွားသလို သက် ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအိုးက ဘာလုပ်ဖို့လဲ သမီး"

"ဩော် ... ဒီနေ့ သမီးမွေးနေ့ မဟုတ်လား၊ မှတ်မှတ်ရရ ဖြစ်အောင် နှင်းဆီပင်လေးတစ်ပင် စိုက်ချင်လို့ပါ ဒယ်ဒီ"

"သမီးရယ် ဒါများ ဒယ်ဒီကို ပြောပေါ့၊ ဒယ်ဒီ ပြန်လာတော့ လုပ်ပေးမှာပေါ့။ ဘဲလ်ဘွိုင်း ရပြီ၊ ညွှေသည်ပါလာတယ်၊ ကားပေါ်မှာ အိတ်တွေချပြီး အခန်းကိုးမှာ နေရာချပေးလိုက်"

"ဟုတ်ကဲ့"

အခုမှပဲ သူ့ အသက်ဝအောင် ရှုနိုင်တော့သည်။

"ခိုင်းစရာရှိရင် ဒယ်ဒီကို ခိုင်းပါ သမီးရယ်၊ အလုပ်သမားတွေကို မခိုင်းပါနဲ့၊ ဒယ်ဒီ စိတ်မချဘူး၊ ဖယ် ... ဖယ် အခန်းထဲထည့်မှာ မဟုတ်လား"

ဦးမိုးသစ် ပုံစံကို လှည့်ကြည့်ပြီး မရယ်မိအောင် အတော်ကြိုးစားရသည်။ သူပေးခဲ့သော ပန်အိုးမှန်းသာသိလျှင် ဦးမိုးသစ် တစ်ခုခု လုပ်ပေလိမ့်မည်။





သူက အခုမှ ပြန်လည်ရှင်သန် ထမြောက်လာသော လူတစ်ယောက်လို ကားပေါ်မှ ဆင်းလာသော ညွှေ့သည်ကို အားမာန်အပြည့်နှင့် ကြိုဆိုလိုက်၏။

"မင်္ဂလာပါခင်ဗျာ"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားဝတ်စုံထည့်သည့် ဗီရိုငယ်လေးကို ဖွင့်ပြီး ဝတ်စုံကို ဆွဲထုတ်လိုက်သည်။

သစ်ရွက်ငယ်လေး တစ်ခုက ဗီရိုထဲမှ ဝေ့ဝဲပြီး ကျလာ၏။

သူတစ်ယောက်တည်းသာ သုံးသော အံဆွဲဗီရိုလေးထဲမှ စိမ်းစိုနေသော သစ်ရွက်တစ်ရွက် ထွက်လာသည့်အတွက် သူ ခေါင်းရှုပ်သွားသည်။

ဘယ်လိုလုပ်ပြီး ဒီသစ်ရွက်တစ်ရွက်က ရောက်နေရတာလဲ။ သူ စိတ်မပါ လက်မပါနှင့် ကြမ်းပြင်ပေါ် ကျသွားသော သစ်ရွက်လေးကို ငုံ့ကောက်လိုက်သည်။



သစ်ရွက်မှာ ရေးထားသော စာတန်းငယ်လေး တစ်ခုကြောင့် သူ ဆတ်ခနဲ မျက်လုံးပြူးသွားသည်။

"မောင့်ကို ချစ်တယ်"

"ခင်"

အခုမှပဲ နှင်းဆီသစ်ရွက်ငယ်လေးက သူ့ကို အံ့ဘနန်း ဆွဲဆောင်တော့သည်။ ခင် လာထည့်ထားတာ သူ မသိသလို၊ သူ အမှုမဲ့ အမှတ်မဲ့ သစ်ရွက်လေးကို နင်းခြေလိုက်ပါက ခင် ရေးထားသော စာလေးကိုတွေ့တော့မည် မဟုတ်။

သူ ပျော်ရွှင်လွန်းစွာ ဟေးခနဲအော်ပြီး ခုန်ပေါက်ခ်လိုက်သည်။ ကံကောင်းလွန်းတဲ့ သူပါလား။

ထိုခဏမှာပင် ဘဲလ်သံ ကြားရသည်။ သူ လျင်မြန်သွက်လက်သော ခြေလှမ်းများက ကောင်တာအရှေ့သို့ တစ်ခဏအတွင်း ရောက်သွားသည်။

"ဘဲလ်ဘွိုင်း ဒီခန်းမကို ကြမ်းတိုက်လိုက်ပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် သူက အမြဲအတွန့်တက်နေကျ။ "မနေ့ကမှ တိုက်ထားတယ်လေ"တို့ "ဟာ ... အန်ကယ်လ်က လည်း ပြောင်နေသေးတာပဲ"တို့နှင့် တစ်ခုမဟုတ် တစ်ခု အတွန့် တက်နေကြ ဖြစ်၏။

အခုတော့ သူက လေလေးတချွန်ချွန်နှင့် တစ်ချက် မညည်းဘဲ ကြမ်းတိုက်နေမိသည်။ ပျော်ရွှင်စရာကောင်းသော အိပ်မက်တွေက သူ့ကို လက်ကမ်းကြိုဆိုနေသည့်အတွက် မောလို့ မောမှန်း မသိ။

"ပြီးသွားပြီ အန်ကယ်လ်"

"မင်းဟာက ပြောင်ရော ပြောင်ရဲ့လား"

"အန်ကယ်လ် စိတ်မကျေနပ်ရင် ကျွန်တော် ထပ်တိုက် လိုက်မယ်လေ"

"နေတော့ ... ရပြီ၊ ဒီလောက်ဆို ရပြီ"

သူက ဦးမိုးသစ်ကို ရေရှည်ဆက်ဆံရမည့် ယောက္ခမ လောင်းအနေနှင့် တလေးတစား ဆက်ဆံမိသည်။ ကမ္ဘာဦးက



တည်းက မတည့်ခဲ့ကြသော ယောက္ခမနှင့် သမက် ဇာတ်လမ်းမျိုး ကို သူ မဖြစ်စေလို။

"အဝတ်ဗောင်းထဲမှာ ခန်းဆီးနဲ့ အိပ်ရာခင်း အဟောင်း တွေ ဖြုတ်ထားတယ်၊ လျှော်လိုက်ဦး"

"ဟုတ်ကဲ့"

ကြိမ်ခြင်းကြီးနှင့် သုံးတောင်းအပြည့် အဝတ်တွေကို မြင်သော်လည်း ခါတိုင်းလို စိတ်မပျက်မိ။ ဒီတစ်ခါ ခင်နှင့်တွေ့ လျှင် ဘာစကား စပြောလျှင် ကောင်းမလဲဟု စဉ်းစားရင်း အဝတ်တွေ လျှော်နေမိသည်။ လျှော်ပြီးသွားသည်နှင့် ကောင်တာ ရှေ့ကို သူ ရောက်လာပြန်သည်။

"ပြီးသွားပြီ အန်ကယ်လ်၊ ဘာခိုင်းစရာ ရှိသေးလဲ"

"ဧည့်သည်တစ်ယောက်က သူ့ကား ရေဆေးချင်လို့တဲ့"

"ရတယ် အန်ကယ်လ်၊ ကျွန်တော် ဆေးလိုက်မယ်"

သူက ဦးမိုးသစ် စကားဆုံးအောင်တောင် မစောင့် တော့ ရေပုံးနှင့် အဝတ်စုတ်ကို ပြေးယူလိုက်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုအတွင်းပင် ဦးမိုးသစ်က သူ၏သဘောကောင်းမှုနှင့် လှုပ်ရှားမှုကို ရိပ်မိသွားသည်။

"ဘဲလ်ဘွိုင်း ပြန်လာဦး"

"ခင်ဗျာ ... ကျွန်တော် ကားရေဆေးသွားဆေးလိုက်ဦးမယ် လေ၊ အန်ကယ်လ် ဘာခိုင်းစရာရှိလို့လဲ"

"လာခဲ့ဦး"

သူ့ကို မျက်မှောင်ကြုတ်ပြီး အကဲခတ်နေသော ဦးမိုးသစ်ကြောင့် သူ့ရဲ့ တက်ကြွမှုကို အရှိန်လျှော့လိုက်သည်။ တော်ကြာ အဘိုးကြီး တစ်မျိုးထင်သွားလျှင် ဒုက္ခ။

"ဟုတ်ကဲ့"

"မင်း ဒီနေ့ အလုပ်တွေ ကျုံးလုပ်နေတာ အကြံအစည် တစ်ခုခုတော့ ရှိရမယ်၊ ဟုတ်တယ် မဟုတ်လား"

သူ ထူးခြားနေတာကို ဦးမိုးသစ်က အကင်းပါးစွာ ရိပ်မိသွားသဖြင့် သူ့ကိုယ်သူ ကျိန်ဆဲပစ်လိုက်သည်။ သူကိုက ညံ့တာ၊ တကယ်ဆို သိုသိုသိပ်သိပ် နေဖို့ကောင်းသည်။





"ခင်ဗျာ"

ဦးမိုးသစ်က ငါ သိပါတယ် ဆိုသော ပုံစံမျိုးနှင့် ...

"မင်း လစာပိုတောင်းမလို့ မဟုတ်လား"

သူ ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။ အဘိုးကြီးကတော့ တစ်လွဲထင်နေပြီ။

"ကျွန်တော် လစာပိုတောင်းရင် အန်ကယ်လ်က ပေးမှာ လား"

"ဘယ်ပေးမလဲကွ၊ မင်း အလုပ်ဝင်တာ ဘယ်လောက်ကြာ သေးလို့လဲ"

"လေးလကျော်ပြီလေ အန်ကယ်လ်ရဲ့"

"အေး ... ငါက အနည်းဆုံး နှစ်နှစ်လောက်နေမှ လစာ တိုးပေးတာ၊ ဒီတော့ တိုးတောင်းဖို့ အစီအစဉ်ရှိရင် အဲဒီ အစီအစဉ်ကို ဖျက်လိုက်တော့"

"ဟဲ ဟဲ ... စိတ်မပူပါနဲ့ အန်ကယ်လ်ရယ်၊ ကျွန်တော့် မှာ လစာတိုးတောင်းမဲ့ အစီအစဉ် မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်း ဘာဖြစ်လို့ ဒီလောက် ပျော်နေရတာလဲ"

ထိုခဏမှာ သူက သူ့ရဲ့အပျော်တွေကို မျှဝေပေးချင်လာသည်။ ပြီးတော့ ဒီအချိန်က မျှဝေပေးဖို့ အကောင်းဆုံးအချိန်ဖြစ်၏။ မျှဝေခံစားပေးမဲ့ သူကလည်း သူ့ဘေးနားမှာ ဘယ်သူမှ မရှိ။

အင်းလေ ... နာမည်မပြောရင် ဘယ်သူ သိမှာလဲ။ သူက ဦးမိုးသစ်ကိုပဲ မျှဝေလက်ဆင့်ကမ်းဖို့ ဆုံးဖြတ်လိုက်သည်။

"ပျော်ဆို ကျွန်တော့် ကောင်မလေးဆီက အဖြေရလာလို့ အန်ကယ်လ်ရဲ့"

"မင်း ကောင်မလေးဆီက ဟုတ်လား"

"ဟုတ်တယ် အန်ကယ်လ်ရဲ့၊ သူက ကျွန်တော့်ကို ချစ်တယ်တဲ့"

"ဟုတ်လား ... ကောင်းတယ်၊ ကောင်းတယ်၊ မင်းကောင်မလေးကို ပြောလိုက်၊ ကျေးဇူးတင်တယ်လို့"





သူ့အပျော်တွေက ဦးမိုးသစ်ဆီ ကူးစက်သွားသည်။ ဦးမိုးသစ်က ယောကျ်ားချင်းသာ နားလည်သော အမူအရာမျိုးနှင့် လက်မထောင်ပြီး အားပေး၏။

"ဘာဖြစ်လို့ သူ့ကို ကျေးဇူးတင်တာလဲ အန်ကယ်လ်"

ခင် မှန်းသာ သိလျှင် ဦးမိုးသစ် အခုလို အားပေးနိုင်ပါဦးမလား။

"မင်းကောင်မလေးက အဖြေပေးတော့ မင်း ပျော်တယ်၊ မင်း ပျော်တော့ ငါ့အလုပ်တွေ မြန်မြန်ပြီးတယ်လေ၊ ဒါကြောင့် မင်းကောင်မလေးကို ကျေးဇူးတင်တာလေ"

"အန်ကယ်လ် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ကွာ"

ခင့်ကိုသာ ပြန်ပြောလျှင် ရယ်လေမလား။ ဒါမှ ပောက် စိတ်ဆိုးမလား။

"နေဦး ... မင်းကောင်မလေးက ချောရဲ့လား"

"ချောတာပေါ့ အန်ကယ်လ်ရဲ့၊ ချောမှချော"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်ဆိုးလို့လဲ၊ မင်းကိုကြိုက်တဲ့သူ ရှိသားပဲ"

ဦးမိုးသစ် ပြောပုံက သူ့ရုပ်က နှစ်ပြားမတန်သည့်နယ်။ ပြောပါစေ၊ ပြောပါစေ။ ယောက်ျားမလောင်း တစ်ယောက်အနေနှင့် သူ ခွင့်လွှတ်သင့်ပါသည်။ တသိမ့်သိမ့်နှင့် စည်းချက်မှန်မှန် ခုန်နေသော နှလုံးသားသည် ဘာကိုမှ အပြစ်မမြင်နိုင်။

"ကျွန်တော့် ကောင်မလေးက ဗီးနပ်နတ်သမီးလို လှပပြီး မဟာကရုဏာရှင်လိုပဲ ကြင်နာခြင်း အပြည့်ရှိတယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း အရမ်းချစ်တယ်"

ခင်က သူမအဖေကို ဆန့်ကျင်ပြီး သူ့အပေါ်ချစ်ခဲ့သည့်အတွက် ခင့်အချစ်ကို သူ အထင်မသေးရဲပါ။ သူတို့နှစ်ယောက်ကြားမှာ ရှိနိုင်တာက ညီမျှသော ချစ်ခြင်းသာဖြစ်၏။

"ဟုတ်ပါပြီကွာ၊ ဟုတ်ပါပြီ၊ ငါမှာ နားရှိတော့လည်း ကြားရတာပေါ့၊ ဟုတ်လား၊ ရပြီ ... ရပြီ၊ မင်း လစာတိုးမတောင်းရင် ပြီးတာပဲ ဘဲလ်ဘွိုင်း၊ မင်းအလုပ် မင်းသွားလုပ်တော့"

❦ ○ ❦





မှတ်မှတ်ရရ ခင်နှင့် ချစ်သူဘဝ သက်တမ်းခြောက်လမှာ သုံးခါလောက်သာ စကားပြောဖူးသည်။ ထိုသုံးခါကလည်း ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်။ လက်ပြခြေပြနှင့် စကားသုံးလေးခွန်း ပြောရုံသာဖြစ်၏။

ခင်နှင့် တွေ့ရတာ ပျော်ဖို့ကောင်းသလို၊ ရင်ခုန်လှုပ်ရှားဖို့လည်း ကောင်း၏။ မနက်ပိုင်း ခင် မန်းဆိုးထိုးသည့်အချိန်မှာ သူက ကြမ်းတိုက်ရင်း လေးငါးခါလောက် ဖြတ်လျှောက်ကာ ခင့်ကို ခိုးခိုးပြီး လှမ်းငေးရသည်။

ဦးမိုးသစ် ရှိလျှင်တော့ သူက မော့တောင်မကြည့်ရဲတော့။ ထို့အတူ ခင်ကလည်း မပြုံးရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင့် နှစ်ယောက်တည်းတွေ့ဖို့ သူ့မှာ အချိန် အတော်ကြာ စိတ်စဉ်လိုက်ရသည်။ ခင့်ရဲ့ ပင်တိုင်ဘော်ဒီဂတ်ကြီးကို ငွေအမြောက်အမြားပေးပြီး စည်းရုံးလိုက်ရသည်။ ဘော်ဒီဂတ် အဒေါ်ကြီးက အခုချိန်ထိ သူ့ကို ဆရာဟု ထင်နေဆဲဖြစ်၍ သူနှင့် ခင့်မှာ ရယ်ရသေးသည်။

နောက်ဆုံးတော့ သူ့ရဲ့ မရိုးသားသော အကြံဉာဏ်တွေကို ခင့်ကို ပြောပြ၊ ခင်ကတစ်ဆင့် သူမဒယ်ဒီဆီ ဖွင့်ပြောပြီး ခွင့်ပြုချက် ရယူခဲ့ပါသည်။

ဘော်ဒီဂတ် အဒေါ်ကြီးကလည်း ခင့်ဒယ်ဒီကို အတော်ကြောက်ရွံ့ရှာ၏။

"ဖြစ်ပါ့မလား ဆရာရယ်၊ သူ့အဖေသိရင် ကျွန်မတို့ သတ်မှာ"

"စိတ်ချပါ ဒေါ်ကြီးရဲ့၊ ခင်က သူ့အဖေကို သေချာပြောပြီးသားပါ၊ ယတြာချေမယ်၊ တရားထိုင်မယ်၊ အနည်းဆုံး နှစ်နာရီ သုံးနာရီလောက် ကြာမယ်လို့ သေချာပြောပြီးသား





စိတ်မပူနဲ့၊ ဒေါ်ကြီး ဒီကပဲစောင့်၊ ကျွန်တော်တို့ နှစ်နာရီ အရောက်ပြန်လာခဲ့မယ်"

"ကျွန်မပါ လိုက်မယ်လေ ဆရာ"

ဘော်ဒီဂတ်အဒေါ်ကြီးက အဲဒီလို အလိုက်သိသည်။

"ဟာ ... ဒေါ်ကြီးကလည်း လိုက်လို့ ဘယ်ရမှာလဲ၊ လက်မှတ်က နှစ်စောင်တည်း ဝယ်ထားတဲ့ဟာကို"

အဒေါ်ကြီး ကျန်ခဲ့တော့လည်း သူတို့နှစ်ယောက် ရုပ်ရှင်မကြည့်ဖြစ်။ ရုပ်ရှင်ကြည့်ရင်း အချိန်ကုန်သွားမှာကို နှမြောသဖြင့် အအေးဆိုင်မှာ အအေးသောက်ပြီး စကားပြောဖို့ သဘောတူလိုက်ကြသည်။

"ဒယ်ဒီကတော့ မောင့်ကို စိတ်ဆိုးနေမှာပဲနော်"

"ဟုတ်တယ် ခင်၊ ကျွန်တော် မနက်က ခွင့်တိုင်တုန်းက ကျွန်တော့်ကို ဆူနေတယ်"

ခင်နှင့် သေချာချိန်းပြီးပြီ ဆိုသည်နှင့် သူကဖုန်းသက်ပြီး ရှောင်တခင်ခွင့် ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကြိုမပြောတော့ ငါက ဘာလုပ်ရမှာလဲ၊ မင်း အလုပ်တွေကို ငါ တစ်ယောက်တည်း အကုန်လုပ်ရမှာလား၊ မရဘူး၊ မင်း အခုလာခဲ့"

"ကျွန်တော် တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ကိုက်ခဲပြီး ဖျားနေတယ် အန်ကယ်လ်၊ ထတောင် မထနိုင်ဘူး၊ ကျွန်တော် ဘယ်လိုလာရမလဲ"

ဦးမိုးသစ် သူ့ကို ဆဲဆူပြီး ဖုန်းချသည့်အထိ သူ မစောင့်တော့ဘဲ ဦးအောင်ဖုန်းချပစ်လိုက်သည်။ ခင့်ရဲ့အချစ်ကို ရပြီဆိုတော့ အလုပ်ပြုတ်လည်း အရေးမကြီးတော့။

"အင်း ... ဒယ်ဒီတော့ သနားပါတယ်၊ အလုပ်တွေအားလုံး တစ်ယောက်တည်း လုပ်နေရပြီ ထင်တယ်"

"တစ်ရက်တော့ လုပ်ပါစေ ခင်ရယ်၊ မနက်ဖြန်ကျရင် မောင် ပြန်လုပ်ပါ့မယ်"

"မောင့်ကိုလည်း မလုပ်စေချင်ဘူး၊ ဒယ်ဒီ့ကိုလည်း မလုပ်စေချင်ဘူး၊ ဒယ်ဒီကလည်း အလုပ်သမားများများ ခန့်ပါဆို မခန့်ဘူး၊ ဘာဖြစ်လို့ ကပ်စီးနည်းမှန်း မသိဘူး"





"ခင့်ကို စိတ်မချလို့ ဖြစ်မှာပေါ့"

"ဟုတ်မယ်၊ ဒယ်ဒီက ခင့်ကို ဘယ်လိုစိတ်မချမှန်း မသိဘူး၊ ခင်လည်း ဒယ်ဒီ စိတ်ဆင်းရဲအောင် တစ်ခါမှမလုပ်ဖူးပါဘူး၊ မောင်နဲ့တွေ့မှပဲ"

အချစ်၏ သဘောသည် အရာရာကို ဆန့်ကျင်နိုင်၏။ ပစ်ပယ်နိုင်၏။ သို့တိုင်အောင် ခင်သည် ထိုသဘောသဘာဝကို လက်မခံရသေး။

"သြော် ... ခင်ရယ်၊ နောက်တော့လည်း အန်ကယ်လ် နားလည်လာမှာပါ"

"ပြန်ကြရအောင် မောင်၊ ရုပ်ရှင်လည်း ပြီးလောက်ပြီပေါ့"

သူတို့နှစ်ယောက် ရုပ်ရှင်ရုံဘက်မှ ကွေ့ပတ်ပြီး လျှောက်လာခဲ့သည်။ အခုချိန်ဆို ဘော်ဒီဂတ်အဒေါ်ကြီး မျှော်နေလောက်ပြီ။

ရုပ်ရှင်လွှတ်သည့် အချိန်နှင့် သွားတိုးသဖြင့် ကားငှားရတာ အဆင်မပြေပြန်။

www.burmeseclassic.com



"ခင်ရာဆွေ"

ဖျတ်ခနဲ ကျော်လွှားဝင်ရောက်လာသော အသံ။ သူ့လက်ကို ဆုပ်ကိုင်ထားသော ခင့်လက်သည် အေးခနဲ ဖြစ်သွားသလို ခင့်ခန္ဓာကိုယ်လည်း မတ်ခနဲ တောင့်တင်းသွားသည်ကို သူ ခံစားလိုက်ရသည်။

"ခင် ဘာဖြစ်လဲ"

သူက အခုချိန်ထိ ဘာမှ မကြားသေး။

"ဒယ်ဒီ"

ခင့်နှုတ်မှ တီးတိုးရေရွတ်သံကြောင့် သူလည်း တုန်လှုပ်သွားသည်။ မျက်နှာချင်းဆိုင်ကို လှမ်းကြည့်မိတော့ ဦးမိုးသစ်။

သူ့နောက်မှာ ဆော်ဒီဂတ် အခေါ်ကြီး။

ခင်သည် အခြေအနေ အရပ်ရပ်ကို သဘောပေါက်စွာ သူ့လက်ထဲမှ သူမလက်ကို ရုန်းထွက်လိုက်သည်။ သူသည် နမြောတသနိုင်စွာ ခင့်လက်လေးကို လွှတ်ပေးလိုက်သည်။





"ငါ မသက်သာလို့ လိုက်လာတာ၊ ကြည့်စမ်း ... ထင်တဲ့အတိုင်းပဲ"

ဦးမိုးသစ်က ဒေါသမိုးကြိုးကို ကိုယ်နှင့်မကွာ သယ်ဆောင်လာသည်။ ခင် တစ်ယောက် ထိတ်လန့်ကြောက်ရွံ့ရှာပေထိမ့်မည်။

"အန်ကယ်လ် ... ခင့်ကို မဆူပါနဲ့၊ ခင့်အပြစ် မရှိပါဘူး၊ ကျွန်တော့် အပြစ်ပါ၊ ကျွန်တော့်ကို ဆူပါ ဆဲပါ ပြောပါ"

"ဟေ့ကောင် ... မင်း ဝင်မပါနဲ့၊ ငါ ဆွဲထိုးမိလိမ့်မယ်"

ဦးမိုးသစ် ဒေါသက သူ့အပေါ်မှာလည်း စူးစူးစိုက်စိုက်။ နည်းနည်းမှ လျော့မသွား။ ပြင်းထန်လွန်းသော ဒေါသတွေသာ ဖြန့်ကျက် စိုးမိုးထားသည်။

"ထိုးပါ အန်ကယ်လ်၊ အန်ကယ်လ် စိတ်ပြေမယ်ဆိုရင် ကျွန်တော့်ကို ဆွဲထိုးပါ၊ ခင့်အပေါ် ဒေါသတွေ ပုံမချရင် ရပါပြီ"

သူက မမျှော်လင့်ဘဲ သူ့ရဲကောင်း လုပ်မိသွားသည်။ သူ့ရဲကောင်း လုပ်မိသည့် အကျိုးဆက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်စောင် လျှာရှည်တဲ့ကောင်၊ ကဲကွာ ... ခွပ်"

မေးရိုးဆီမှ နာကျင်မှုနှင့်အတူ သူ နောက်ပြန်လဲကျသွားသည်။ သူ၏နာကျင်မှုသည် ခင့်ရဲ့မျက်ရည်များ ဖြစ်သွားသည်။ မငိုပါနဲ့ ခင်ရယ်။

"မလုပ်ပါနဲ့ ဒယ်ဒီရယ်"

တိုးမျှင်လွန်းသော တားမြစ်သံက စမ်းရေပေါက်နယ်စီးဆင်းလာကာ သူ့ကို ဖြေသိမ့်လိုက်သည်။

"တိတ်စမ်း ... ဘာမှမပြောနဲ့၊ ငါ့မှာတော့ သမီးလေးတစ်ယောက်တည်း ရှိတယ်ဆိုပြီး အလိုလိုက် ချစ်လိုက်ရတာ နင်ကတော့ အမိုက်စော်ကားဖို့ ကြံစည်တယ်ပေါ့၊ ဟုတ်လား"

ခွေးနှစ်ကောင် ကိုက်လျှင်တောင် ဝိုင်းကြည့်တတ်သော လူတွေ၏ ထုံးစံအတိုင်း ခဏအတွင်း လူတွေက ဝိုင်းလာသည်။ မြေဝိုင်းပြဇာတ် ခင်းကျင်းပြသနေသည်များ ထင်နေကြသလား မသိ။





သူ ချက်ချင်းပြေးပြီး စိုးရိမ်မိတာက ခင့်ရဲ့သိက္ခာဖြစ်၏။

ဘာမှမဟုတ်သော လူတွေပါးစပ်ဖျားထဲမှာ ခင့်ရဲ့သိက္ခာ မနစ်မွန်းစေချင်။

"အန်ကယ်လ် ပြန်ပါတော့၊ အန်ကယ်လ် မကျေနပ်ရင် ကျွန်တော် လိုက်လာခဲ့ပါမယ်၊ အဲဒီတော့မှ အန်ကယ်လ် ပြောချင်သလိုပြော၊ သတ်ချင်တယ် ဆိုရင့်လည်းသတ်၊ အန်ကယ်လ် ကျေနပ်သလို လုပ်ပါ"

ဒီလူအုပ်ကြီးကြားမှဲ ခင့်ကို လွှတ်မြောက်စေချင်လှပြီ။

"မင်း လိုက်လာစရာ မလိုဘူး ဟေ့ကောင်၊ မင်း သေချာမှတ်ထား၊ မင်းကို ဒီနေ့ကစပြီး အလုပ်ထုတ်ပစ်လိုက်ပြီ၊ မင်း လာစရာမလိုတော့ဘူး၊ နားလည်လား၊ ခင်ရာဆွေ ကားပေါ်တက်စမ်း၊ မငြိမ်း သူ့ကို သေသေချာချာတွဲထား လက်မဖြုတ်နဲ့"



www.burmeseclassic.com

ပျက်ပြယ်သွားသော မြေဝိုင်းပြဇာတ်နှင့်အတူ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ မြေကြီးပေါ်မှာ ထိုင်ရက်သားရှိနေသေးသော သူ့ကို လူတချို့က သနားသလိုလို ကြည့်နေကြသေးသည်။

သူ စိတ်အချဉ်ပေါက်ပေါက်နှင့် အော်ဟစ်ပစ်လိုက်သည်။

"ဘာကြည့်နေကြတာလဲ၊ မမြင်ဖူးဘူးလား"



တစ်ညလုံး အိပ်မပျော်သည့်အတွက် ညတာက ရှည်လျားလွန်းနေခဲ့သည်။ လလည်းမသာ ကြယ်စင်လည်း မရှိသော ကောင်းကင်က မည်းမှောင်ကာ အထီးကျန်လွန်းနေ၏။

အခုချိန်ဆို ခင် တစ်ယောက် ဘာလုပ်နေမလဲ။ နာကျင်ဝမ်းနည်းမှုတွေနှင့် အိပ်ပျော်နိုင်ပါ့မလား။ အိပ်ပျော်အောင် အိပ်ပါခင်ရယ်။ ကိုယ်တို့နှစ်ယောက် ဆုံစည်းရမဲ့နေ့တွေ ရောက်ရှိလာမှာပါ။

အခန်းတံခါးခေါက်သံကို ကြားရသည်။ တစ်ရေးနိုးချိန် တစ်ခုခု ထစားတတ်သော အဖေက သူ့အခန်းမှ မီးရောင် သဲ့သဲ့ကို မြင်သွားခဲ့ပုံ ပေါ်သည်။

www.burmeseclassic.com



"သား ... မင်းစည်၊ မအိပ်သေးဘူးလား"

"ဟုတ်ကဲ့ ... ကျွန်တော် အိပ်မပျော်လို့ပါ အမေ"

အခန်းဝမှာ အမေ ရပ်နေသေးသည်ကို တွေ့လိုက်ရသဖြင့် သူ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ကော်ဖီခွက်ကိုင်ပြီး ရပ်နေသော အမေက သူ့ကို ကော်ဖီခွက်လှမ်းပေးကာ_

"အိပ်မပျော်ရင် ကော်ဖီတစ်ခွက် အရင်သောက်လိုက်၊ ပြီးမှ အိပ်ပေါ့"

"ဟုတ်ကဲ့"

"သား မနက်ကျရင် စောစောသွားဦးမှာလား"

"မသွားတော့ဘူး အမေ"

သွားစရာလည်း မလိုတော့။ သူ ဒုက္ခခံပြီး အလုပ်လုပ်ချင်ရင်တောင် လုပ်စရာအလုပ် မရှိတော့။ ခင်နှင့်အလွတ်တကူ တွေ့နိုင်သော အလုပ်တစ်ခု သူ ဆုံးရှုံးခဲ့ပြီ။

အမေက သူ့ကို ဘာမှထပ်မမေးသော်လည်း အမေ့အပြုံးက အားမာန်အပြည့်နှင့် သူ့ကို နစ်သိမ့်နေ၏။ ချက်ချင်းပင် အမေ့အပေါ် ယုံကြည်အားကိုးစိတ်တွေ ဖြစ်တည်လာသည်။





"ကျွန်တော် တစ်ခုလောက် မေးလို့ရမလား အမေ"

"မေးလေ သား၊ ဘာမေးချင်လို့လဲ"

သူ မေးသင့် မမေးသင့် စဉ်းစားပြီးမှ မေးချလိုက်သည်။

"အချစ်က လူကို နာကျင်စေသလား၊ တွေဝေစေသလား၊ ဝမ်းနည်းစေသလား၊ အထီးကျန်စေသလား အမေ"

တောက်ပစွာ ပြုံးလိုက်သော အမေ့အပြုံးကို မြင်ရသည်။ သူ မြင်ဖူးသမျှထဲမှာတော့ အဓိပ္ပာယ်အရှိဆုံး အပြုံးဖြစ်၏။

"အဲဒါတွေအားလုံး ဖြစ်နိုင်ပါတယ် သား"

သူ အထီးကျန်စွာ ဝမ်းနည်းနေတာကို အမေ ရိပ်မိသွားသလားဆိုပြီး သူ မလုံမလဲ ဖြစ်သွားသေးသည်။

"ဒါပေမဲ့ ဘာဖြစ်လို့ အဲဒီလို တွေးမှာလဲ သားရဲ့၊ အချစ်ဆိုတာ နွေးထွေးပါလားလို့ တွေးလိုက်၊ အခု မနွေးထွေးလည်း နွေးထွေးခဲ့ဖူးပါလားလို့ ဖြေသိမ့်လိုက်၊ ဒီလို ကောင်းသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အဲဒီလောက် မလွယ်ကူပေမဲ့ အဖေ့အဖြေကိုတော့ ကျေနပ်မိသည်။ ဘယ်အရာမဆို အကောင်းမြင်တတ်သော အဖေသည် အချစ်ကိုလည်း အကောင်းဘက်က ကြည့်မြင်ပေးသွားခဲ့သည်။

"ကျေးဇူးပါပဲ အဖေ"

"ကော်ဖီသောက်ပြီး အိပ်လိုက်တော့ သား၊ အိပ်ရာကနိုးလာရင် ဘာလုပ်ရမလဲဆိုတာ သား သိလာပါလိမ့်မယ်"

အဖေသည် သူ ဖြစ်ပျက်နေတာ ဘာမှမသိသော်လည်း သိနေသကဲ့သို့ ပြောသွားခဲ့သည်။ အဖေ ပြောသည့်အတိုင်းပင် ကော်ဖီသောက်ပြီး သူ အိပ်ပျော်သွားခဲ့သည်။ အိပ်ရာကနိုးတော့ ဘာလုပ်ရမလဲ ဆိုတာ အားအင်ပြည့်ဝစွာပင် အလိုလို သိနေမိသည်။

အိုအေစစ်ဟိုတယ်ကို ခြေချမိသည်နှင့် ဘာမှမသိရှာသေးသော ဂိတ်စောင့် ဦးလေးကြီးက သူ့ကို ခါတိုင်းလိုပင် နှုတ်ဆက်၏။





"ဟော့ကောင်လေး ဒီနေ့ နောက်ကျလှချည်လား၊ မင်းတော့ မုန့်တိုင်းမိတော့မှာပဲ၊ မြန်မြန်သွား"

"မုန့်တိုင်းမိရုံတင် မကဘူး မိုးကြိုးပါ အပစ်ခံရတာ ဦးလေးရေ"

"ဟုတ်မယ် ... ဟုတ်မယ်၊ သွား ... သွား"

ဂိတ်စောင့်ဦးလေးကြီးက တစ်ခဏအတွင်းမှာပင် ထုံးစံအတိုင်း ပြန်လည်ငိုက်မြည်းသွား၏။

ဟိုတယ်ခန်းမထဲ ဝင်လိုက်သည်နှင့် ကောင်တာမှာ အဝတ်စုတ်တစ်ခုနှင့် အလုပ်ရှုပ်နေသော ဦးမိုးသစ်က သူ့ကို ရှုတ်ခနဲ လှမ်းကြည့်ကာ ...

"သြော် ... မင်း ရောက်လာပြီကိုး"

ဒါ သူ့ကို မျှော်လင့်ထားသည့်ပုံစံ။ သူ လာလိမ့်မည်ဟု ကျိန်းသေတွက်ထားသည့်ပုံစံ ဖြစ်၏။

အင်းလေ ... သူကလည်း အရာရာ ရင်ဆိုင်ရဲသည့် သတ္တိ ရှိနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ စကားပြောရအောင် အန်ကယ်လ်"

"ဘာမှ ပြောစရာ မရှိဘူး၊ ဒီမှာ မင်းလခ၊ တစ်ခါတည်း ထုတ်သွား၊ ဘယ်တော့မှ ပြန်မလာနဲ့"

ကောင်တာပေါ် ချပေးလိုက်သော စာအိတ်လေးကို သူ ကိုင်တောင်မကြည့်မိ။ ဦးမိုးသစ်က သူ့ကို ဆက်မကြည့်တော့ဘဲ အဝတ်စုတ်တစ်ခုနှင့် ဆက်ပြီး အလုပ်ရှုပ်နေသည်။

"ကျွန်တော် ခင့်ကို တကယ်ချစ်တာပါ အန်ကယ်လ်"

"မင်း ဘာမှဆက်မပြောနဲ့၊ ပြန်တော့"

သူသာ ပါးစပ်ပိတ်ပြီး ပြန်သွားလျှင် ခင်နှင့် သူ တစ်သက်လုံး ဝေးရပေလိမ့်မည်။ သူ့ရဲ့ဗီဇက အရှုံးပေးတတ်သည် မဟုတ်။

"အန်ကယ်လ် ကျွန်တော့်ကို ခင်နဲ့ သဘောတူပေးပါ အန်ကယ်လ်"

"ပြန်တော့၊ ပြန်တော့လို့ ငါ ပြောနေတယ်"

"ကျွန်တော် မပြန်နိုင်ဘူး အန်ကယ်လ်"





ဦးမိုးသစ်က အဝတ်စုတ်ကို ဒေါသတကြီး လွှင့်ပစ်ကာ သူ့ကို တည့်တည့်ရင်ဆိုင်လာသည်။ ကိစ္စမရှိ။ သူက ဒါကို ဝဲ လိုချင်ခဲ့တာဖြစ်၏။

"မင်း ခေါင်းမာလှချည်လား"

"ကျွန်တော့်ကို ခင်နဲ့ သဘောတူပေးပါ အန်ကယ်လ်"

"မင်းကို ဘာအကြောင်းပြချက်နဲ့ သဘောတူပေးရမှာလဲ"

အချစ်၏ နောက်ဆုံးပန်းတိုင်ဖြစ်သော ဆုံစည်းခြင်းမှာ အကြောင်းပြချက် မရှိသလို အကြောင်းပြချက် ပေးစရာလည်း မလိုပါ။

"ကျွန်တော်ကလည်း ခင့်ကို ချစ်တယ်၊ ခင်ကလည်း ကျွန်တော့်ကို ချစ်တယ်၊ ဘာအကြောင်းပြချက်မှ ပေးစရာ မရှိပါဘူး အန်ကယ်လ်"

"ကြီးကြီးကျယ်ကျယ်တွေ၊ အရည်မရ အဖတ်မရတွေ လာမပြောနဲ့၊ မင်းလိုကောင်မျိုးနဲ့ သဘောတူစရာ အကြောင်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အန်ကယ်လ်၊ ကျွန်တော်က ဆင်းရဲလို့လား"

"အေး ... ဟုတ်တယ်"

ဦးမိုးသစ် အမြင်မှာတော့ သူသည် ဘုန်းကြီးကျောင်းသား အလုပ်သမား တစ်ယောက်သာ ဖြစ်၏။

"ဆင်းရဲတော့ရော ဘာဖြစ်လဲ အန်ကယ်လ်၊ ကျွန်တော်ခင့်ကို ဝမ်းဝအောင် ကျွေးပြီး၊ ခါးလှအောင် ဆင်နိုင်ပါတယ်၊ ပြီးတော့ အချစ်မှာ ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာ ထည့်မတွက်တတ်ကြပါဘူး အန်ကယ်လ်"

လျှောင်ပြုံးတစ်ခုက သူ့ဆီ ပျံ့ဝဲလာသည်။ အတော်ခံရခက်သော အပြုံးဖြစ်၏။ ကမ္ဘာဦးကတည်းက ယောက္ခမနဲ့သမက် ဘာကြောင့် မတည့်လဲဆိုတာ အခုတော့ သူသိပြီ။

ယောက္ခမဆိုတာ သမက်နှင့်တွေ့လျှင် အင်မတန်ဘုကျပြီး ကန့်လန့်တိုက်တတ်သော လူတစ်ယောက်အဖြစ် အသွင်ပြောင်းသွားတတ်ကြသည်။



"မင်းလို ဆင်းရဲတဲ့ကောင်ကို ယူတော့ ငါ့သမီး စားချင်တာ မစားရ၊ ဝတ်ချင်တာ မဝတ်ရတော့ စိတ်ညစ်မှာပေါ့၊ နေ့တိုင်း နေ့တိုင်း ငွေနည်းနည်းလေးနဲ့ မီးဖိုချောင်စရိတ်ကို ဘယ်လိုလောက်အောင် သုံးရမလဲဆိုပြီး ငါ့သမီးခေါင်းခြောက်အောင် စဉ်းစားရလိမ့်မယ်၊ ဝယ်ချင်တာတွေ မဝယ်နိုင်တဲ့အခါ သူ ဝမ်းနည်းလိမ့်မယ်၊ အိုကွာ ... ပိုက်ဆံမရှိရင် လောကကြီးမှာ ဘာမှအဆင်မပြေနိုင်ဘူး၊ အဲဒီလိုဘဝမျိုးထဲ ငါ့သမီးကို မထည့်နိုင်ဘူး နားလည်လား"

ဦးမိုးသစ်ရဲ့ အကြောင်းပြချက်က သူ့အတွက် ပေါ်ပေါ်လွင်လွင်သည်။

ဘာမှမဟုတ်။ ဒီအကြောင်းပြချက်လောက်ကို သူက ရှုမြင်လွယ်တကူ ချေဖျက်နိုင်ပါသည်။

"အဆုံးသတ်ကျတော့ ကျွန်တော်က ဆင်းရဲလို့ပေါ့၊ ဟုတ်လား အန်ကယ်လ်"

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ခြင်းနှင့် ဝန်ခံသော စကားတစ်ခွန်းကို သူ မမေ့။ ဟန်ပါပါ ပြုံးလိုက်သော သူ့အပြုံးကို ဦးမိုးသစ် နားလည်မည် မထင်။

အခုလောလောဆယ် သူ ပြောနိုင်တာက ...

"ကျွန်တော် ပြန်လာခဲ့မယ် အန်ကယ်လ်"





"ဦးလေး ... နေကောင်းလား"

သူက ကားဟွန်းကို ခပ်ကျယ်ကျယ် တီးလိုက်တာကြောင့် အိပ်ငိုက်နေသော ဦးလေးကြီး ထခုန်မိမတတ် လန့်သွားရှာသည်။

"ဟာ ... ဟောကောင်လေး၊ မင်း ဘယ်လိုဖြစ်တာလဲ၊ မင်းကို အလုပ်ထုတ်ပစ်လိုက်ပြီဆို၊ ဒီကားကြီးက ဘယ်သူ့ကားလဲ၊ မင်းကားလား"

"ဟုတ်တယ် ဦးလေး"

"မင်း ထီပေါက်တာတော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ထိပေါက်ရင်တောင် ဒီလိုကားမျိုး မဝယ်နိုင်ဘူးဆို တာ ဦးလေးကြီး သိရှာမည် မဟုတ်။

"မဟုတ်ပါဘူး ဦးလေးရာ၊ ဒါ အရင်ကတည်းက ကျွန်တော့် ကားပါ၊ ဒါနဲ့ ဦးမိုးသစ် ရှိတယ်မဟုတ်လား"

"ရှိတယ် ... ရှိတယ် ... သွား၊ မင်းနေရာမှာ အလုပ်သမား အသစ်လည်း ရောက်နေပြီ"

ဟိုတယ်ရှေ့မှာ ကားကို ထိုးရပ်လိုက်တော့ အလုပ် သမားတစ်ယောက်က ပြေးထွက်လာပြီး ...

"မင်္ဂလာပါ ခင်ဗျာ၊ အိုအေစစ်ဟိုတယ်က ကြိုဆိုပါတယ်"

ဒါ အရင်က သူလုပ်ခဲ့ရသော အလုပ်တွေဖြစ်၏။ ဒီအလုပ်သမားသစ်လေးကိုလည်း ဦးမိုးသစ်က ဘဲလ်ဘွိုင်းဟု ခေါ်ပေလိမ့်မည်။

"မင်းစည် ... မင်းဟာကွ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ဦးလေးရာ၊ စိတ်ချစမ်းပါ၊ ဦးလေး သေချာရှင်းပြပေးရင် အဆင်ပြေသွားမှာပါ"





သူက ကနဦးမှာ အဆင်ပြေစေရန်အတွက် အိမ်မှာ သောင်တင်နေသော ဦးလေးဖြစ်သူကို ခေါ်လာခဲ့သည်။

ပြီးတော့ သူ့ဦးလေးက ဒီဟိုတယ်မှာ တည်းရင်း ဦးမိုးသစ်နှင့် ခင်မင်နေပြီ ဖြစ်သဖြင့် သူ့အတွက် အခက်အခဲ မရှိနိုင်။

ဟိုတယ်ထဲ လှမ်းဝင်လိုက်တော့ ထုံးစံအတိုင်း အလုပ်ရှုပ်နေသော ဦးမိုးသစ်ကို တွေ့ရ၏။ ခန်းဆီးနောက်ကွယ်မှ ခင်များ ထွက်လာလေမလားဟု သူ မရဲတရဲ မျှော်လင့်မိသော် လည်း ဝိုးတဝါးအရိပ်တောင် မတွေ့ရ။ သူ ရင်မောစွာ သက်ပြင်း သာချလိုက်သည်။

"ဟာ ... ကိုရွှေမြိုင်၊ ပြန်ရောက်လာပြီလားဗျ"

ဦးမိုးသစ်က ဦးလေးဖြစ်သူနှင့်အတူ တစ်ခါတည်း ဝင်လာသော သူ့ကို သတိပြုမိတော့ မျက်နှာက ချက်ချင်းပင် တင်းမာကျော့သွား၏။

"မင်း ဘာလာလုပ်ပြန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးသစ် ... သူက ကျွန်တော့်ရဲ့တူ မင်းစည်ပါ၊ ဝိုင်အိုင်တီနဲ့ ဘွဲ့ရပြီးသားပါ၊ အရင်ကတော့ ကိုမိုးသစ်ဆီမှာ အလုပ်လုပ်တယ်ဆိုတာ သိမှာပါ၊ ဒါကလည်း တခြားကြောင့်တော့ မဟုတ်ဘူး၊ ကိုမိုးသစ် သမီးလေးကို ကျွန်တော့်တူက မေတ္တာရှိလွန်းလို့ပါ"

ဦးလေး စကားကို နားထောင်နေသော ဦးမိုးသစ် မျက်နှာက ဘာမှထူးထူးခြားခြား ပြောင်းလဲမှု မရှိသေး။

သိပြီးသား အရာတစ်ခုကို ပြန်နားထောင်နေသည့်သို့သာ ဖြစ်၏။

"ပြီးတော့ ကျွန်တော့်တူလေးရဲ့ မိဘတွေကလည်း နယ်မှာ ရရ မဟုတ်ပါဘူး၊ ရတနာဆိုင်ကြီးနှစ်ဆိုင် ဖွင့်ထားတယ်၊ မင်းစည်ကိုလည်း သီးသန့်ကုမ္ပဏီတစ်ခု ဖွင့်ပေးထားနေပါတယ်"

"နေဦး ... နေဦး ... ခဏလေး နေဦး၊ ကိုရွှေမြိုင်က ဘာကိုဆိုလိုချင်လို့ ဒါတွေ ပြောနေတာလဲ"



သူက မကြားခင်မှာ ကြားရတော့မည့် ငြိမ်းချမ်းရေး စကားလုံးတွေကို ကြားယောင်ရင်း စိတ်ပေါ့ပါးနေမိသည်။

"ကျွန်တော် ပြောချင်တာက ကျွန်တော့်တူလေးကို ကိုမိုးသစ်သမီးနဲ့ သဘောတူပေးပါ၊ လူငယ်ချင်းလည်း မေတ္တာမျှနေကြတော့ ကျွန်တော်တို့ လူကြီးတွေက ဝတ္တရားအရ စီစဉ်ပေးချင်ပါတယ်"

ဦးလေးဖြစ်သူ ဒီလောက် ပြေပြေပြစ်ပြစ် ပြောတတ်လိမ့်မည်ဟု သိပ်မထင်ခဲ့။ အခုတော့ ချီးကျူးစရာပင်။ ဝမ်းနည်းစရာ ကောင်းတာက ဦးလေးဖြစ်သူ၏ အချစ်ရေးက လမ်းတစ်ဝက်မှာပင် ရပ်ဆိုင်းသွားခဲ့သည်။

"အားနာလိုက်တာ ကိုရွှေမြိုင်ရယ်"

ဟော ... တွေ့ပြီ။ ယောက္ခမလောင်း အချိုးပြောင်းလာတာကို တွေ့ရပြီ။ သူ ကျိတ်ပြုံးခိုက်ပင် ...

"ဒါပေမဲ့ ကျွန်တော့်သမီးနဲ့ ပေးစားဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး"

သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ ဒါ သူမျှော်လင့်ထားသော စကားမဟုတ်။

"တစ်မျိုးတော့ မထင်ပါနဲ့ ကိုရွှေမြိုင်ရယ်၊ ကျွန်တော့်အနေနဲ့ ဒီသူငယ်နဲ့ ပေးစားစရာ အကြောင်းကို မရှိပါဘူး"

ရုက်ရွံ့သိမ်ငယ်မှုနှင့်အတူ မခံချင်စိတ်က ကြီးထွားလာသည်။

သူ့မှာ ဘာအပြစ်တွေ ရှိလို့လဲ။ ပညာရေးရော၊ စီးပွားရေးရော၊ အကျင့်စာရိတ္တအားလုံး ပြည့်စုံသည်။ သူ့ကိုယ်သူလည်း အဘက်ဘက်က ပြည့်စုံသည်ဆိုပြီး ယုံကြည်စိတ်ချခဲ့သည်။

တစ်ခဏအတွင်းမှာပင် သူ့ရဲ့ ယုံကြည်ချက်တွေအားလုံးက ပြိုကျပျက်စီးသွားခဲ့သည်။

"ဘာဖြစ်လို့လဲ အန်ကယ်လ်၊ ကျွန်တော် ဆင်းရဲလို့ သဘောမတူဘူးဆို၊ အခုတော့ ..."





"အေးလေ ... မင်း ချမ်းသာရင် သဘောတူမယ်လို့ ငါပြောခဲ့လို့လား"

"ဒါကတော့ အန်ကယ်လ် စကားကို သက်သက်ကပ်ပြောတာပဲ"

ဒါကြောင့်လည်း လူကန့်လန့်၊ လူ့ခွစာ ဆိုသောနာမည်တွေနှင့် ဦးမိုးသစ် နာမည်ကျော်တာ ဖြစ်မည်။ သူ့ကိုအမင်သက်သက် နှပ်ချလိုက်တာမျိုးတော့ မခံချင်။

"ဘာဖြစ်လို့လဲ အန်ကယ်လ်၊ ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို အကြောင်းပြချက်ပေးပါ၊ ကျွန်တော် ကျေနပ်လောက်တဲ့အဖြေမျိုးပေါ့"

"မင်း ကျေနပ်တာ မကျေနပ်တာကို ငါ ဂရုမစိုက်ဘူး၊ အေး ... အကြောင်းပြချက်လည်း ဘာမှမရှိဘူး၊ မင်း ချမ်းသာလို့ သဘောမတူဘူးကွာ"

သမီးရှင်တစ်ယောက်၏ မာန်မျိုးနှင့် ဦးမိုးသစ် ဆိုတော့ သူ့မှာ ဘာအင်အားမှ မရှိတော့။ အရင်ကတော့ မင်းရဲ့

www.burmeseclassic.com



လို့၊ အခုတော့ ချမ်းသာလို့။ ဘာအကြောင်းပြချက်မဲ့ဖြစ်ဖြစ် နောက်ဆုံးတော့ ဦးတည်ချက်က တစ်ခုသာရှိသည်။ သဘောမတူပါတဲ့။

"ချမ်းသာတာကော အပြစ်ပဲလား အန်ကယ်လ်"

မင်း နုပါသေးတယ် ဆိုသော အပြုံးမျိုးနှင့် အကြည့်ခံရတော့ သူ ဆောင့်သက်သက် ဖြစ်သွားသည်။ အင်မတန် ချမ်းခင်မြတ်နိုးဖွယ်ကောင်းသော ခင့်မျက်နှာသာ ထောက်ထားစရာ မရှိလျှင် သူ နည်းနည်းလေးမှ လှည့်ကြည့်ဖြစ်တော့မည် မဟုတ်။

"သူများအတွက်တော့ မသိဘူး၊ ငါ့အတွက်ကတော့ အပြစ်ပဲ"

"အဓိပ္ပာယ် မရှိဘူး အန်ကယ်လ်"

"အဓိပ္ပာယ် ရှိတယ်၊ မင်းက ချမ်းသာတော့ အပေါင်းအသင်း များမယ်၊ ဒီတော့ အပေါင်းအသင်းတွေနဲ့ သွားမယ် လာမယ် စားမယ် သောက်မယ် ဆိုတော့ အသောက်အစားကလည်း ပါလာပြီ၊ အသောက်အစား ပါလာပြီဆို





တော့ အိမ်အပြန် နောက်ကျတော့မယ်၊ မိန်းမကိုလည်း ဂရုစိုက်နိုင်တော့မှာ မဟုတ်ဘူး၊ မိုဆိုးရင် ကာရာအိုကေဆိုင်က ကောင်မလေးတွေနဲ့ ဘာလိုလို ညာလိုလို ဖြစ်ပြီး ဇာတ်လမ်းတိုတွေ ဇာတ်လမ်းရှည်တွေ ဖြစ်နိုင်သေးတယ်၊ ဒီတော့ ငါ့သမီးက စိတ်ဆင်းရဲရော၊ လောကကြီးမှာ ပိုက်ဆံရှိရင် ဘာမဆိုဖြစ်တဲ့အထဲမှာ ပျက်စီးဖို့က ပိုလွယ်တယ်"

အရင်က ဆင်းရဲသော ဆိုးကျိုးကို တသီတတန်းကြီး ပြောခဲ့ပြီး အခုတျပြန်တော့ ငွေရှိသော ဆိုးကျိုးကို တစ်နံတစ်လျား ပြောကာ ငြင်းမယ်ပြန်၏။

အဘိုးကြီး စိတ်ကူးထဲမှာ သူက အမြဲတမ်းလူဆိုးဖြစ်နေရသည့်အတွက် သူ မကျေနပ်နိုင်။

"ဒါက အန်ကယ်လ် စိတ်ကူးထဲမှာ ဖြစ်တာပါ၊ အပြင်မှာ ဒါမျိုး မဖြစ်နိုင်ဘူးလို့ ကျွန်တော် အာမခံရဲပါတယ်"

"လောကကြီးမှာ မဖြစ်သေးတာပဲ ရှိတယ်၊ မဖြစ်နိုင်တာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာချာ"

သူ အတော်ကြီး စိတ်ပျက်သွားသည်။ ယောက္ခမ လောင်းကို သူ နိုင်အောင် မပြောနိုင်တော့။

"ကိုရွှေမြိုင်ရာ အားတော့ နာပါတယ်၊ ဒီကိစ္စနဲ့ဆိုရင် ပြန်ကြပါတော့၊ ကျွန်တော်လည်း အလုပ်တွေ ရှိသေးတယ်၊ အဲလှတ်ချိုင်း လာဦး၊ ဒီမှာ လျှော်စရာတွေ ရှိသေးတယ်"

ဦးမိုးသွစ်က အလုပ်ရှုပ်ပြလိုက်တော့ သူတို့တွဝရီး နှစ်ယောက် ဆက်နေ၍ မဖြစ်နိုင်တော့။ သူ စိတ်ပျက်စွာ သက်ပြင်းချမိသည်။ အခုချိန်ထိ ဒီမီးတောင်တန်းကြီးကို သူ ကျော်မဖြတ်နိုင်သေး။





ကြယ်ဝေးသောည၊ လဝေးသောည ဖြစ်သဖြင့် ညသည် အထီးကျန်စွာ မှောင်မည်းခြောက်သွေ့လျှန်းနေ၏။ ခပ်လှမ်းလှမ်းမှ သံချောင်းခေါက်သံ ဆုယှဉ်နှစ်ချက်ကို ကြားရသည်။

မီးရောင်ခပ်မှိန်မှိန်အောက်မှာ ဟိုတယ်ငယ်လေးသည် ငြိမ်ဝပ်နေ၏။

ခဏနေလျှင် ထိုနေရာလေးမှ ခင် ထွက်လာပေလိမ့်မည်ဟူသော အသိနှင့် သူ မျက်တောင်တောင်မခတ်ရဲ။

သူငယ်ချင်း ကျော်နိုင် ပါလာ၍သာ တော်သေးသည်။ တော်ရုံတန်ရုံ သတ္တိမျိုးနှင့်တော့ ဒီလိုညမျိုးကို တစ်ယောက်တည်း ဖြစ်ကျော်ဖို့ဆိုတာ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစည် ... မင်း ကောင်မလေးက လာပါဦးမလား"

"လာမှာပါကွာ၊ ခင့်အဖေက ညဆယ့်နှစ်နာရီမှ အိပ်တာဆိုတော့ အိပ်ပျော်တဲ့အထိ စောင့်ရဦးမှာပေါ့"

ဒီတစ်ခါတော့ သူက ဂိတ်စောင့်ဦးလေးကြီးက ဒို ပြလိုက်သည်။

"ဦးလေးကြီးရယ် ကျွန်တော့်ကို ကယ်ပါဦး၊ ဦးလေးမှ မကယ်ရင် ကျွန်တော်တော့ အဝေျက်ပါပြီ" ဘာညာ ငိုပြလိုက်တော့ ဦးလေးကြီးက သူ့ကို တော်တော်လေး သနားသွားခဲ့သည်။

"မင်းကို ကူညီရမှာ မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ၊ ဦးမိုးသစ်သိရင် ငါ အလုပ်ပြုတ်မှာ၊ မင်း အလုပ်ပြုတ်တာ အရေးမကြီးဘူး၊ မင်းက သူဌေး၊ ငါ အလုပ်ပြုတ်ရင် ငါကချေးဖြစ်မှာ"

"စိတ်ချပါ ဦးလေးရာ၊ ဦးလေး အလုပ်ပြုတ်ရင် ကျွန်တော် အလုပ်သစ် ရှာပေးမယ် မပူပါနဲ့"





"မလုပ်ချင်ပါဘူးကွာ၊ ဒီအလုပ်မှာက ငါ ကောင်းကောင်းငိုက်လို့ရတယ်၊ တခြားအလုပ်သစ်မှာ အဲဒီလို ငိုက်ချင်မှ ငိုက်လို့ရမှာ"

ဦးလေးကြီးက ဟိုတယ်လေးရဲ့ အလုပ်ကို အဲဒီလို နည်းလမ်းနှင့် မြတ်နိုးခင်တွယ်ရှာသည်။ ဒါနဲ့ပဲ ဦးလေးကြီးသည် သူနှင့် ခင့်ကြားမှာ မြားနတ်မောင် တစ်ပိုင်းသမားကြီး ဖြစ်ခဲ့သည်။

စာပေးစာယူ လေးခေါက်မြောက်မှာတော့ သူက ခင့်ကို ခိုးပြေးဖို့ ဆုံးဖြတ်ခဲ့ပြီး ခင်ကလည်း သဘောတူခဲ့သည်။ ခင့်စာအရတော့ ဒီနေ့ ဒီအချိန်ပါပဲ။

"ကျော်နိုင် ငါ့ကို ဝိုင်းကြည့်ပေးဦးလေကွာ၊ တော်ကြာ ခင် ထွက်လာတာ မမြင်ဘဲ နေဦးမယ်"

ကားပေါ်မှာ စိတ်ချလက်ချ မှိန်းနေသော ကျော်နိုင်ကို မကျေမနပ် ဆိုမိသည်။ အားစိုက်ပြီး ကြည့်ရလွန်း၍ အမြင်အာရုံက သိပ်ပြီး မကြည်လင်ချင်တော့။

"ဟော ... ခင် ထွက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်စောင့်ဦးလေးကြီးက ကြိုတင် ခွင့်သုံးရက်ယူသွားသဖြင့် ခင် အလွယ်တကူ ထွက်လာနိုင်ခဲ့သည်။ ခင့်လက်ထဲ၌ အဝတ်အနည်းငယ် ထည့်ထားသော အိတ်ငယ်လေးမှလွဲ၍ ဘာမှ မပါသဖြင့် သူ ကျေနပ်သွားသည်။

"ခင် ... မောင် ဒီမှာ၊ မြန်မြန်လာ၊ မြန်မြန်"

ခင် ထွက်လာသည်နှင့် စိုးရိမ်စိတ်က ချက်ချင်း ပျောက်ရှိလာသည်။

ဒီနေရာကနေ အမြန်ခွာမှ ဖြစ်မည်။ ဒါမှ စိတ်အေးရမည်။

"လန့်လိုက်တာ မောင်ရယ်၊ ဒီနေ့ တစ်နေ့လုံး ဘယ်မှာနေရမှန်း၊ ဘယ်လိုနေရမှန်းကို မသိဘူး၊ အရမ်းကြောက်တာပဲ သိလား"

"မကြောက်ပါနဲ့ဗျာ၊ နောက်ဆိုရင် ဟောဒီက မင်းစည်ကြီးက မခင်ရာဇွေ့ကို တစ်သက်လုံး စောင့်ရှောက်မှာပါ၊ မကြောက်နဲ့ ... မကြောက်နဲ့"





အခုတော့ သူက လူဆိုးတွေနဲ့ မောင်တိုင်ပင်ပြီး ခင့်ကို ခိုးပြေးခဲ့ပြီ။ လဝေးသောညမှာ လတစ်စင်း ထပ်မံပေါ်ထွန်းခဲ့ပြီ။

ခင့်လက်ကိုဆွဲပြီး ကားဆီအလာမှာပင် ဈေးရှုလွန်းသော မီးတန်းက သူ့မျက်နှာပေါ်သို့ ဖြာကျလာသည်။ ဒီအချိန်ကြီး ဘယ်က ကားမီးရောင်လဲကွာ။

သို့သော် တစ်ခဏအတွင်းမှာပင် သူ့အထင် မှားသွားပြီဆိုတာ သိလိုက်ရသည်။

သူ့မျက်နှာပေါ် ဖြာကျလာတာက လက်နှိပ်ဓာတ်မီးမီးရောင်ဖြစ်၏။

ပြီးတော့ ထိုလက်နှိပ်ဓာတ်မီးကို ကိုင်ဆောင်လာသူက သူရော ခင်ပါ လုံးဝမမျှော်လင့်ထားသောသူ ဖြစ်နေသည်။

"ဒယ်ဒီ"

ခင့်လက်ထဲမှ ပိုက်ဆံအိတ်ငယ်လေးသည် ဖုတ်ခနဲ ပြုတ်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသစ် ...။ သူသည် နာကျင်ခံရခက်စွာ ဦးမိုးသစ်ကို လှမ်းကြည့်မိတော့ ...

"မင်း ဦးနှောက်လောက်နဲ့ ငါ့ကို ယှဉ်ချင်တယ်၊ ရမယ်လို့ မင်း ထင်လား"

ဦးမိုးသစ်က အေးဆေးသော ခြေလှမ်းများနှင့် သူတို့နှစ်ယောက်ဆီ လျှောက်လှမ်းလာပြီး သူ့လက်ထဲမှ ခင့်ကို ခပ်ကြမ်းကြမ်း ဆွဲယူလိုက်သည်။

"ဒယ်ဒီ သမီးတို့ကို မခွဲပါနဲ့ ဒယ်ဒီရယ်"

"ခင်ရာခွေ ... ညည်းက အခု ဒယ်ဒီ့ကိုတောင် ဒါမျိုး လုပ်ရက်ပြီပေါ့၊ ဟုတ်လား"

ဦးမိုးသစ် လေသံက လုံးဝမတူ။ သူ့အပေါ်သုံးသော လေသံနှင့် ခင့်အပေါ်သုံးသော လေသံကမတူ။

ခက်ထန်မာကျောသော လေသံနှင့် ပျော့ပျောင်းညင်သာသော လေသံကို တစ်ပြိုင်နက်တည်း သုံးစွဲနိုင်တာ အံ့ဩစရာ။





"သမီးကို ဒယ်ဒီ တစ်ယောက်တည်း ဘယ်လောက်ထိ ဒုက္ခခံပြီး ပြုစုစောင့်ရှောက်ခဲ့လည်း ဆိုတာ သမီးသိပါတယ်၊ သမီး ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ဒယ်ဒီ ရင်ကွဲပြီး ကျန်ရစ်မှာကို သမီး ကြည့်ချင်တယ်ပေါ့၊ ဟုတ်လား။ ကောင်းပြီလေ ... သမီးအနေနဲ့ ဒယ်ဒီ စိတ်ဆင်းရဲတာကို ကြည့်ချင်တယ် ဆိုရင် အခုချက်ချင်း ဒီကောင့်နောက်ကို လိုက်သွားပါ၊ ဒယ်ဒီ မတားဘူး"

ခင့်ပုံစံသည် ချက်ချင်းပင် နောင်တရသော ယုန်ငယ်လေးတစ်ကောင်လို ဖြစ်သွား၏။

"သမီး မှားပါတယ် ဒယ်ဒီ"

ဘယ်သားသမီးက ကိုယ့်အဖေရှေ့မှာ လင်နောက်လိုက်ရဲမှာလဲ။

ဒါကိုသိသော ဦးမိုးသစ်က ဓာမင်သက်သက် အကျွတ်ဆို ဖိနှင်းပစ်လိုက်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းတိုင်ကို ရောက်ခါနီး ဆဲဆဲမှ သူ့ခြေထောက်ကို ဖျက်ခနဲ အရိုက်ခံလိုက်ရသလို သူ ရှုံးနိမ့်သွားသည်။

"မင်း တွေ့တယ် မဟုတ်လား၊ သမီးက မှားမှန်းသိသွားပြီ၊ မင်း နောက်ထပ် ဘာမှမကြိုးစားနဲ့တော့၊ ကြိုးစားလည်း ရမှာမဟုတ်ဘူး၊ ငါ ငယ်ရာက ကြီးလာတာကွ၊ မင်းတို့ ခြေလှမ်းတွေ အားလုံးကို သိတယ်"

ခံပေရော့။

အခုအချိန်မှာတော့ သူ့ဘက်က အခံဘက်ကချည်း ဖြစ်၏။

ဦးမိုးသစ် လက်ထဲမှာ အရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာ ငိုရှိုက်နေသော ခင့်ကို လှမ်းကြည့်မိသည်။

ခင့်မျက်ဝန်းထဲမှ သံယောဇဉ်တွေကို သူ လှမ်းမြင်နေရသည်။

သူတို့နှစ်ယောက်ကြားမှာရှိသော သံယောဇဉ်တွေက စကားတစ်ခွန်းတည်းနှင့် ပြတ်တောက်ရမယ်တဲ့လား။





"အန်ကယ်လ် ခင့်မှာ ခံစားတတ်တဲ့ နှလုံးသား ရှိတယ် ဆိုတာ မမေ့ပါနဲ့၊ ခင့်ရဲ့ နှလုံးသားကို အန်ကယ်လ်ရဲ့ အတ္တတွေနဲ့ မသတ်ပစ်ပါနဲ့"

"မင်း စကားကြီး စကားကျယ်တွေ လာမပြောနဲ့၊ ငါ့သမီး မှားမှန်းသိရင် ငါ ကျေနပ်ပြီ၊ သူ ဘာအမှားပဲလုပ်လုပ် ငါ ခွင့်လွှတ်တယ်၊ မင်းသာ ဝင်မပါနဲ့"

"ကောင်းပြီလေ အန်ကယ်လ်၊ ဒါဆိုရင် ခင့်ကို ကျွန်တော် မေးပါရစေ၊ ခင်ကသာ ကျွန်တော့်ကို လက်လျှော့လိုက်ပါတော့လို့ တစ်ခွန်းတည်းသာ ပြောလိုက်၊ ကျွန်တော် နောက်ဆုတ်လိုက်မယ်"

သူကလည်း အကြံနှင့်။ ခင့်နှုတ်ခမ်းက ဒါမျိုး ယ်တော့မှ ပြောထွက်မည် မဟုတ်။ ထိုအခါ ဦးမိုးသစ်ကြီး ချင့်မရဲနှင့် အရှက်ကွဲပေလိမ့်မည်။

"ကဲ ... သမီး ပြောလိုက်၊ ဒီကောင် ကြားချင်တဲ့စကား ကို ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ"

ခင်က အသနားခံသလို သူ့မဒယ်ဒီကို မော့ကြည့်၏။ ပြီးတော့ သူ့ကို လှမ်းကြည့်သည်။ ဒီတော့မှ အကျဉ်းအကျပ်ထဲ ရောက်နေသော ခင့်ကို သနားမိသည်။ ခွင့်လွှတ်ပါ ခင်ရယ်၊ ဒီတစ်ခါတည်းပါပဲ၊ ဒီတစ်ခါလောက်တော့ ကိုယ့်ဘက်က လိုက်ပေးပါ ခင်ရယ်။

"ပြောလိုက်ပါ သမီးရယ်၊ ဒယ်ဒီကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဖူးလို့ သမီး ကတိပေးထားတယ် မဟုတ်လား"

ခင်သည် သူ့ကို မကြည့်ဘဲ တိုးတိမ်စွာပြော၏။

"ခင့်ကို မေ့လိုက်ပါတော့ မောင်"

တစ်ခဏအတွင်းမှာပင် တွင်းနက်နက်ထဲ ကျသွားသလို ခံစားလိုက်ရသည်။ သူ့ကိုယ်သူ ရပ်တည်နေသည်ကိုမှ မထင်ရအောင် ဆောက်တည်ရာမရ ဖြစ်သွားသည်။

ဘာဖြစ်လို့ ပြောခဲ့တာလဲ ခင်ရယ်၊ ဘာဖြစ်လို့ ပြောခဲ့တာလဲ။



"မင်း ကြားတယ်နော်၊ သွားစို့ သမီး"

သူ့ဘဝထဲမှ ထွက်ခွာသွားသော ခြေလှမ်းတစ်စုံသည် သူ့နှလုံးသားကို နင်းခြေသွားခဲ့သည်။

ကြယ်ဝေး၊ လဝေးသော ညမှာ သူ့နှလုံးသားအသတ်ခံခဲ့ရသည်။

❦ ○ ❦

www.burmeseclassic.com



သူ့နှလုံးသား အသတ်ခံရသည့်နေ့ကစ၍ သူ ဘာမှ မလုပ်နိုင်တော့။ သူ့အတွက် အချိန်တိုင်းသည် ဆုံးရှုံးစရာ၊ ကြေကွဲစရာနှင့်သာ ပြည့်နှက်နေ၏။

သူနှင့် ခင် ဒီလိုနှင့် ဝေးသွားကြမှာကိုတော့ သူ လက်မခံနိုင်။

လွယ်လွယ်နှင့် မချစ်နိုင်သလို လွယ်လွယ်နှင့် မေ့ပစ်စရာ အကြောင်းလည်း မရှိ။

နောက်ဆုံးတော့ သူငယ်ချင်းနှစ်ယောက်ကို အိုအေစစ်ဟိုတယ်ငယ်လေးဆီသို့ တည်းခိုပြီး အခြေအနေ စုံစမ်းရန် အကူအညီ တောင်းရသည်။ သူငယ်ချင်းတွေက စိတ်ချရန်ပြော





ပေမဲ့ သူက စိတ်မချနိုင်။ သူနှင့် ခင် အဆက်အသွယ် ပြတ်နေခဲ့သည်မှာ တစ်လကျော်ပြီ။

ဂိတ်စောင့်ဦးလေးကြီးဆီကလည်း ဘာအကူအညီမှ မရနိုင်တော့။

ခင့်ကို ကြည့်ရှုဖို့အတွက် အမျိုးသမီးကြီးအသစ်တစ်ယောက်ကို ငှားရမ်းလိုက်ကြောင်း ဂိတ်စောင့်ဦးလေးကြီးမှတစ်ဆင့် သူ သိရသည်။

ထိုအမျိုးသမီးကြီးသည် မျက်နှာထား အလွန်တင်းပြီး အပိုမပြောတတ်ကြောင်း၊ တာဝန်အလွန်ကျေကြောင်း ညဘက် အိပ်လျှင်တောင် အခန်းသော့ကို လည်ပင်းမှာချိတ်ပြီး အိပ်တတ်ကြောင်း သိရသည်။

ကြားရသော သတင်းတွေက တစ်ခုမှ မကောင်း။ သူ သိချင်သော အခြေအနေကို ဘာမှမသိနိုင်ခဲ့။ အခုလည်း ဟိုတယ်မှာတည်းပြီး ပြန်လာမည့် သူငယ်ချင်းတွေကို ထိုင်စောင့်ရင်း စိတ်မရှည်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"လာမှာပေါ့ကွာ၊ မင်းကလည်း ငြိမ်ငြိမ်ထိုင်နေစမ်းပါ၊ ကြည့်ရတာ မျက်စိတောင် နောက်လာပြီ"

ကျော်နိုင်ကို ဦးမိုးသစ် မြင်ဖူးသဖြင့် ကျော်နိုင်က သူနှင့် အဖော်အဖြစ် ကျန်ရစ်ခဲ့လေသည်။

"ငါ ထိုင်လို့ မရဘူးကွာ၊ ဒီကောင်တွေကလည်း ဘာဖြစ်လို့ ကြာနေမှန်းကို မသိဘူး"

"ညည်းမနေနဲ့ ဟိုမှာ လာပြီ"

အိမ်ထဲ လှမ်းဝင်လာသော သူငယ်ချင်းနှစ်ယောက်က သူ့ကို အမြင်မှာ ခေါင်းခါပြလေသည်။

"ဇော်ဝင်း ဘယ်လိုလဲ၊ ခင်နဲ့ တွေ့ခဲ့လား၊ သူ ဘာပြောလိုက်လဲ၊ ငါပေးလိုက်တဲ့စာကိုရော ပေးလိုက်လား"

ဇော်ဝင်းက ရူးခနဲ သက်ပြင်းမှုတ်ထုတ်ပြီး သူ ပေးလိုက်သော စာအိတ်အဖြူလေးကို ပြန်ထုတ်ကာ ကမ်းပေး၏။ သဘောက မပေးလိုက်ရဘူးဆိုသည့် သဘော။





"မတွေ့ခဲ့ဘူးလား"

"မတွေ့ခဲ့ပါဘူးကွာ၊ အဘိုးကြီးနဲ့ပဲ တွေ့ခဲ့တယ်"

"အဘိုးကြီးကို ဘာလုပ်ရမှာလဲ"

"အေးလေ … ငါလည်း တွေ့တာကို ပြောတာပဲ၊ ငါတို့လည်း ညှိခန်းမှာ စကားပြောချင်ယောင်ဆောင်ပြီး အကဲခတ်နေတာ၊ အေး … ထောင်ထောင်မောင်းမောင်း မိန်းမကြီးတစ်ယောက်တော့ တွေ့တယ်၊ ထမင်း ဟင်းတွေယူပြီး အတွင်းခန်းထဲ ပြန်ဝင်သွားတာ တွေ့တယ်"

"အဲဒါ နောက်အသစ်ခန့်လိုက်တဲ့ ဘော်ဒီဂတ်အဒေါ်ကြီး ပဲ ဖြစ်မယ်"

ကျော်နိုင် ဝင်ပြီး ဆွေးနွေးနိုင်သော်လည်း သူ ဝင်မပြောနိုင်။

သူ့တစ်ကိုယ်လုံးမှာ ဘာအင်အားမှ မရှိတော့။ သူ့အင်အားတွေ အားလုံးအား ခင်က ဆောင်ယူသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါလည်း အဲဒီလိုထင်တာနဲ့ အဘိုးကြီးအလစ်မှာ စကားရော ဖောရောနဲ့ မေးကြည့်သေးတယ်၊ ပြောရမှာ တောင်ရှက်ပါတယ်ကွာ၊ အဲဒီမိန်းမကြီးက ငါတို့နှစ်ယောက် ကြားကို ခပ်ကြီးကြီးတုတ်တစ်ချောင်းနဲ့ ပစ်ထည့်လိုက်တာ၊ ငါတို့နှစ်ယောက်လည်း ဘာမှ ဆက်မမေးရဲတော့ဘူး"

ချွေးတွေ ရွှဲနစ်နေသော ဇော်ဝင်းနှင့် တင့်နိုင် ပုံစံက တကယ့်ကို ထိတ်လန့်စရာ ကြုံခဲ့သည့်နှယ် သနားစဖွယ် ကောင်းနေ၏။

"ငါတို့ အထင်တော့ ရှိတော့ ရှိတယ်၊ ဒါပေမဲ့ အပြင် ပေးမထွက်ဘူး ထင်တယ်၊ မင်း စိတ်လျှော့လိုက်ပါတော့ မင်းစည်ရာ၊ အဘိုးကြီး ကြည့်ရတာ သူ့သမီးကို ဘယ်သူ နဲ့မှ သဘောတူမှာ မဟုတ်ဘူးကွ၊ မင်း စိတ်လျှော့လိုက် ပါတော့"

အခြေအနေကတော့ ထိုအတိုင်းပင် ဖြစ်နေပြီ။ လူက လျှော့ချင်ပေမဲ့ အချစ်ကတော့ မလျှော့နိုင်။



"ဘယ်လိုလုပ်ပြီး လျှော့နိုင်မှာလဲ၊ မလျှော့နိုင်ဘူး၊ ခင့်ကို ငါက တကယ်ချစ်တာကွ၊ ဘယ်လို အကြောင်းမျိုးနဲ့မှ နောက်မဆုတ်ချင်ဘူး"

"ကြာရင် မင်း ရူးလိမ့်မယ်"

မိန်းမတစ်ယောက်ကို ချစ်၍ ယောကျ်ားတစ်ယောက် ရူးနိုင်ပါ့မလား။

သူ မပြောတတ်ပါ။

အကြောင်းမှာ ခင့်ကိုချစ်၍ အခုထက်ထိ သူ မရူး သေးသောကြောင့်ဖြစ်၏။

"မင်းတို့ ငါ့ကို တစ်ခုတော့ ကူညီကွာ"

"ဘာကူညီရမှာလဲ ပြော"

"ခင်တို့အိမ်ရှေ့မှာ ငါ သီချင်းသွားဆိုချင်တယ်၊ မင်းတို့ အဖော်လိုက်ပေးကွာ"

"မင်းဟာက အိမ်ရှေ့မှ မဟုတ်တာ၊ ဟိုတယ်လေကြီး၊ ကြောင်တောင်တောင်နဲ့ မဖြစ်ဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက မဖြစ်ဘူးထင်ကာ ဝိုင်းဖျက်ကြသော်လည်း သူ့ရဲ့အတင်းတောင်းဆိုမှုကြောင့် သဘောတူလိုက်ကြသည်။

ဟိုတယ်ယော်လေး ခြံရှေ့မှာ ထိုင်ပြီးဆိုဖို့ အဆင်မပြေတာကြောင့် အမိုးဖွင့်ထားသော ကားနောက်ခန်းမှာပဲ ဂီတဝိုင်းလေးတစ်ခု ဖွဲ့စည်းပစ်လိုက်သည်။

ဒီနေ့ညက ခေါင်ကို ဗိုပြီးလွမ်းဆွတ်လောက်အောင်ပင် အဖော်လှနေ၏။ ကြယ်စင် ကြယ်ခက် ကြယ်နွယ်တွေက ဖြိုးဖြိုးဖြက်ဖြက်နှင့် ကောင်းကင်၏ အလှကို ဖြည့်စွက်ပေးထား၏။

"ကဲ ... ပြော၊ ဘာသီချင်း ဆိုမှာလဲ"

သူက ဂစ်တာကို သိပ်ပြီးကျွမ်းကျွမ်းကျင်ကျင် မတီးတတ်။ ဂစ်တာတီး ကျွမ်းကျင်တာက လုံးဝမထင်ရသော ကျော်နိုင် ဖြစ်၏။

"အသည်းကွဲရောဂါ"



ခဏကြာတော့ ပြောင်မြောက်လှပသော ဂစ်တာသံက ညကို ဖောက်ထွက်လာ၏။ သူက သံစဉ်အလိုက် သီချင်းကို ဆိုလိုက်သည်။

"စမ်းသပ်မမြင်နိုင်တဲ့ ရောဂါ ...
စက်နဲ့ရှာဖွေလည်း မတွေ့ပါ ..."

အချိန်လေးနည်းနည်း ရလာတော့ ဖော်ဝင်းတို့ကပါ သူနှင့်အတူ လိုက်ဆိုကြသည်။ သူတို့၏ ဂီတာသံလေးက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို ဖုံးလွှမ်းထား၏။

"ဘာထပ်ဆိုဦးမလဲ"

သူ သီချင်း စဉ်းစားနေခိုက်မှာ ကျော်နိုင်က လှပသော သံစဉ်တစ်ခုကို တီးခတ်နေ၏။ ငြိမ်သက်နေသော ဟိုတယ်ယော်လေးကိုကြည့်ပြီး သူ ဝမ်းနည်းနေမိသည်။ သူတို့အားလုံး ကျော်နိုင် တီးခတ်သော သံစဉ်အောက်မှာ ငြိမ်သက်နေခိုက်မှာပင် "ဒေါက်"ခနဲ အသံတစ်ခုက ထွက်ပေါ်လာသည်။

"ကားကို ဘာထိတာလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ့ဂစ်တာကို လာမှန်တယ်"

"လောက်စလုံး မင်းစည်ရေ၊ လောက်စလုံး၊ မင်း ယောက္ခမ လောင်းကြီး ပစ်နေပြီ ထင်တယ်"

အမှောင်ထဲကနေ ဘယ်ကလာမှန်း မသိသော လောက်စလုံးတွေက သူတို့ဘေးနား တဖွဲဖွဲ ကျနေသည်။

"မဖြစ်ဘူး မင်းစည်၊ ပြန်မှဖြစ်မယ်၊ ကြာရင် တို့တွေ အားလုံး ဒုက္ခိတ ဖြစ်ကုန်လိမ့်မယ်"

"ပြန်မယ် ... ပြန်မယ်၊ မောင်း ... မောင်း မြန်မြန်မောင်း"

မပြန်ချင်သေးသော်လည်း အားလုံးကို ငဲ့ညှာပြီး ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"ပြန်ကြမယ်လေ"

သူတို့ကား မောင်းထွက်သွားတော့ အရာရာသည် ဆိတ်ငြိမ်စွာ ကျန်ရစ်ခဲ့သည်။

❦ ○ ❦



ဘယ်တော့မှ ခြေမချတော့ဘူးဟု ထင်ထားသော ဒီနေရာလေးကို မထင်မှတ်စွာပင် ပြန်လည်ခြေချခွင့် ရရှိခဲ့သည်။

ဦးမိုးသစ်က သူ့ကို ဖုန်းဆက်ပြီး ခေါ်သည်တဲ့။ ဆိုနိုင်စရာပင်။

ခေါ်တာကလည်း ခပ်ပြတ်ပြတ်ပင်။

"မင်း လာခဲ့ဦး"တဲ့။

သူငယ်ချင်းတွေကလည်း ဝိုင်းဖျက်ကြသည်။ ဟို ...နေ့ညက ဂစ်တာသွားတီးသည့် ကိစ္စကို အပြစ်ပြောလိမ့်မည် [illegible]

သူ အမှန်ပင် တွေဝေသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သွားမယ်ဆို သွား၊ ဒါပေမဲ့ ညနေမှ မင်းပြန်မရောက်ရင်တော့ ငါတို့ ရဲစခန်း တိုင်လိုက်မယ်၊ ဒီအဘိုးကြီး မင်းကို တစ်ခုခုလုပ်မှာ သေချာတယ်"

သူငယ်ချင်းတွေက ဦးမိုးသစ်ကို အဲဒီလို အထင်ကြီးကြသည်။ သူကတော့ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် သွားဖို့ ဆုံးဖြတ်ပြီးသား။

"ငါကတော့ သွားမှာပဲ"

"အေးသွား ... အရေးအကြောင်းဆိုရင် ဖုန်းဆက်နော်။ ငါတို့ စောင့်နေမယ်၊ ညနေအထိ မရောက်ရင်တော့ ငါတို့ ရဲစခန်းတိုင်မယ်"

"အဲဒီလောက် မလိုပါဘူးကွာ"

နာရီဝက်အတွင်းမှာပင် အိုအေစစ်ဟိုတယ်ငယ်လေးဆီသို့ သူ ရောက်သွားသည်။ ဒီတစ်ခါတော့ ဦးမိုးသစ် အလုပ်ရှုပ်မနေ၊ သူ့ကို အေးအေးဆေးဆေးပင် ဆေးလိပ်တစ်လိပ် ထိုင်ဖွာရင်း စောင့်နေလေ၏။





"ကျွန်တော် ရောက်ပါပြီ အန်ကယ်လ်"

"ထိုင် ... ထိုင်"

ဦးမိုးသစ်က စကားမစသေးဘဲ သူ့ကို စိုက်ကြည့်နေသဖြင့် သူ အနေရခက်လာသည်။ သူ့ကို ဘာမှမပြောဘဲ တစ်ချိန်လုံး ဒီအတိုင်း ထိုင်ကြည့်နေလျှင် ခက်မှာ။

"ပြောစရာရှိတာ ပြောပါ အန်ကယ်လ်"

"အင်း ... ပြောမယ်၊ မနေ့က သမီးနဲ့ စကားပြောဖြစ်တယ်"

သူ ထိတ်ခနဲ ရင်ခုန်သွားသည်။ ခင်နှင့် သူ့အဖေ စကားပြောတာ အဆန်းမဟုတ်ပေမဲ့ သူ့အကြောင်း ပြောလိမ့်မည်ဆိုတာ စဉ်းစားမိသဖြင့် ရင်ထိတ်သွားခြင်းဖြစ်၏။

"သမီးက မင်းနဲ့ မခွဲနိုင်ဘူးတဲ့"

သူ ထခုန်ပြီး လက်ခမောင်းတောင် ခတ်ပစ်လိုက်ချင်သည်။ သူ့ကို ခင်နဲ့ ပေးစားဖို့ ခေါ်တွေ့တာပဲ ဖြစ်ပေလိမ့်မည်။ ကျေးဇူးတင်လိုက်တာ ခင်ရယ်။ ဒီတစ်ခါတော့ ခင့်ရဲ့သတ္တိက ဂုဏ်ယူစရာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ပေးစားဖို့ မင်းကို ခေါ်တွေ့တာ မဟုတ်ဘူး၊ လျှောက်တွေးမနေနဲ့"

"ခင်ဗျာ"

မဟုတ်ဘူးတဲ့။ ခုနက မိုးတိမ်အိပ်မက်လေးက မိုးတိမ်လိုပင် လေနှင့်အတူ မျောလွင့်သွားသည်။ ပျော်စရာလေးတွေ အတောင်ပံပေါက်သွားသည်။

"သမီးကြောင့် မင်းကို ခေါ်လိုက်ရတာ"

ဘာကြီးမှန်းကို မသိ။ သူနဲ့ပေးစားဖို့လည်း မဟုတ်တဲ့။

"မင်းနဲ့ ပတ်သက်ပြီး သမီးနဲ့ ငါ အလောင်းအစား တစ်ခု လုပ်လိုက်တယ်"

"ဘာအလောင်းအစားလဲ အန်ကယ်လ်"

"အလောင်းအစားအကြောင်း မပြောခင် ရလဒ်ကို အရင်ပြောမယ်၊ အကယ်၍ ဒီပြိုင်ပွဲမှာ ငါ နိုင်ရင် သမီးက ကြည်ကြည်ဖြူဖြူနဲ့ မင်းကို တစ်သက်လုံး မေ့ပစ်လိမ့်





မယ်၊ အေး... ငါ ရှုံးရင်တော့ မင်းကို သမီးလေးနဲ့ပေးစားမယ်"

အခုချိန်ထိ သူ ဘာမှန်းမသိသေးသလို၊ ဘာမှလဲ နားမလည်သေး။ သို့ပေမဲ့ ရလဒ်က စိတ်ဝင်စားစရာ၊ ဦးမိုးသစ် ရှုံးရင် သူ့ကို ခင်နဲ့ ပေးစားမယ်တဲ့။

"ကျွန်တော် စိတ်ဝင်စားပါတယ် အန်ကယ်လ်"

ဦးမိုးသစ်က တွန့်ခနဲ ပြုံးရင်း ...

"နေပါဦး၊ မင်းက ဘာသိလို့ စိတ်ဝင်စားတယ် ပြောရတာလဲ"

"ခင်နဲ့ ပတ်သက်တာဆိုရင် ကျွန်တော် ဘာမဆို စိတ်ဝင်စားပါတယ်"

"ကောင်းပြီလေ၊ ဒါဆိုရင် ပြိုင်ပွဲအကြောင်း ပြောမယ်၊ မင်း ငါနဲ့ အတူတူ တစ်လတိတိ နေရမယ်၊ ငါနဲ့အတူ အိပ်ရမယ်၊ ငါနဲ့အတူ စားရမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာပြိုင်ပွဲကြီးလဲ။ ယောက္ခမလောင်းကြီးနှင့် တစ်လ တိတိ နေရမယ် ဆိုတာနှင့်ပင် သူ ကျောတွန့်သွားသည်။

"အဲဒီ တစ်လအတွင်းမှာ မင်းကို ငါ လှေလာမယ်၊ မင်းကို ငါသဘောကျတယ်ဆိုရင် မင်း နိုင်တယ်၊ မင်းကို ငါ သဘောမကျဘူးဆိုရင် မင်း ရှုံးတယ်၊ ဒီပြိုင်ပွဲက သမီးနဲ့ ငါ့အတွက် အလောင်းအစားတစ်ခု ဖြစ်သလို မင်းနဲ့ငါ့ အတွက်လည်း ပြိုင်ပွဲတစ်ခုပဲ၊ ဘယ်လိုလဲ"

စဉ်းစားကြည့်လျှင်တော့ နည်းနည်းမှ တရားမျှတမှု ရှိမည်မထင်။ သူ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား အဘိုးကြီး နှုတ်ဖျားက မင်းကို သဘောမကျဘူး တစ်ခွန်းသာပြောလိုက်၊ အလိုလိုနေရင်း သူ ရှုံးပြီ။

ဒီပွဲမှာ ဖြေဆိုသူ၊ မေးခွန်းထုတ်သူ၊ အမှတ်ခြစ်သူ က တစ်ယောက်တည်း ဖြစ်နေသည်။ တစ်ခါမှ မမြင်ဘူးသော မေးခွန်းတစ်ခုကို အစိမ်းသက်သက် ဖြေဆိုရမည့် သူ့အတွက်က ရင်လေးစရာ။



ဘယ်ဘက်ကပဲကြည့်ကြည့် တရားမျှတမှု မရှိသော ပြိုင်ပွဲတစ်ခုသို့တိုင်အောင် သူ ဝင်ပြိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ အန်ကယ်လ်၊ ဒီပြိုင်ပွဲကို ကျွန်တော် လက်ခံပါတယ်"

"မင်း သေချာစဉ်းစားပြီးပြီလား၊ ဒီပြိုင်ပွဲမှာ ငါက ဆုံးဖြတ် မှာနော်"

"ဟုတ်ကဲ့ ... ကျွန်တော် သေချာစဉ်းစားပြီးပါပြီ"

"မင်း ... ငါ့ကို ယုံကြည်လို့လား"

သူက ခိုင်မာသောအပြုံးတစ်ခုနှင့် ပြန်ဖြေလိုက်သည်။

"ခင် တောင်မှ အန်ကယ့်လ်ကို ယုံကြည်သေးတာပဲ၊ ကျွန်တော် မယုံကြည်လို့ ဖြစ်မလား အန်ကယ်လ်၊ ကျွန်တော် အန်ကယ့်လ်ကို ယုံကြည်ပါတယ်"

သူတို့နှစ်ယောက် ကြားထဲမှာ အတော်ကြာအောင် တိတ်ဆိတ်သွားသည်။ တစ်ယောက်ကို တစ်ယောက် အားမနာ သော အကြည့်များသည် ထူးဆန်းစွာ ပျောက်ဆုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ပြိုင်ပွဲက မနက်ဖြန်စမယ်၊ မနက်ဖြန်ကျ ရင် အဝတ်အစားတွေ ထည့်ပြီး လာခဲ့၊ မင်း ဒီမှာ အလုပ် ပဲ လုပ်ရမှာနော်"

"ခင်ဗျာ"

ဝင့်ကျော်ပြီဟု ထင်ထားသော ဘဝကို ပြန်လည် ရောက်ဦးမည် ဆိုတာ တွေးမိတော့ စိတ်ပျက်လက်ပျက်။

"ဟုတ်တယ်လေ၊ ငါ အလုပ်လုပ်ရင် မင်းလည်း လုပ်ရမှာ ပေါ့"

"လစာကော ရမှာလား"

ဘဲလ်ဘွိုင်း ဆိုသော အသံကို ပြန်လည်ကြားယောင် မိသည်။

လုံးဝမနားရသော ဘဝတစ်ခုကို ပြန်လည်ပိုင်ဆိုင် ရဦးမည်။

"ဘယ်လိုလုပ် ရမှာလဲ၊ မင်းကိုလည်း ခန့်တာမှမဟုတ် တာ၊ စမ်းသပ်နေတာလေ"





"ဒါဆိုရင်လည်း အန်ကယ်လ် ကျွန်တော့်ကို ဘဲဘွိုင်းလို့ မခေါ်ပါနဲ့"

"မရဘူး၊ ငါ နှုတ်ကျိုးနေပြီ"

ဦးမိုးသစ် ပုံစံက ဘာမျှ အလျှော့ပေးနိုင်မည့်ပုံစံ မဟုတ်။ နောက်ဆုံးတော့ သူကပဲ ထုံးစံအတိုင်း အလျှော့ပေးရ ပြန်၏။

"အန်ကယ့်လ် သဘောပါပဲ"

ထိုခဏမှာ သူ့ တောင့်တမိတာက ခင့်ရဲ့ အပြုံးတစ် ဖွင့် ဖြစ်သည်။ သူမ၏ အပြုံးကို အင်အားတစ်ခု အနေနှင့် မျှော် လင့်မိသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာရင်းတွေ အားလုံးပေါင်းပြီး ဒီဘက်စာအုပ်ထဲ ပြန်ကူးထည့်"

"ခင်ဗျာ ... ဒါတွေအားလုံးလား အန်ကယ်လ်"

"ဟုတ်တယ်လေ၊ ဒါတွေ ပြီးရင်တော့ မင်း အိပ်လို့ရပြီ၊ အပေါ်ထပ်က ငါ့အခန်းကို သိတယ် မဟုတ်လား၊ အဲဒီမှာ လာအိပ်"

"ဟုတ်ကဲ့"

ကူးရမည့် စာရင်းတွေကိုကြည့်ပြီး သူ စိတ်ပျက်သွားသည်။ သို့သော် ခင်မျှား သူ့ကို လာတွေ့လေမလားဆိုသည့် မျှော်လင့်ချက်နှင့် သူ မငြင်းပယ်မိ။





"ငါ အိပ်တော့မယ်"

"ဟုတ်ကဲ့"

"ပြီးတော့ ငါ့သမီးကို ရှာမနေနဲ့၊ သူ ဒီမှာမရှိဘူး"

ဦးမိုးသစ်က သူ့စိတ်ကူးထဲက အကြံဉာဏ်တွေ အားလုံး သိနှင့်နေသည့်အတွက် သူ အောင့်သက်သက် ဖြစ်သွားသည်။ စာရင်းစာအုပ်ကို ဆွဲလှန်ပစ်လိုက်သည်။ ကြိုးဝိုင်းတစ်ခုထဲ ရောက်နေပါလား ဆိုသည့် အသိစိတ်နှင့် စာရင်းတွေကို ကူးရေးနေရသည်။

အလုပ်တွေ အားလုံးပြီးတော့ ဆယ်နှစ်နာရီထိုးလုလု။ သူလည်း အိပ်ချင်လှပြီ။ အပေါ်ထပ်မှာရှိသော ဦးမိုးသစ် အခန်းသို့ တက်လာခဲ့သည်။

အမြဲတမ်း သော့ပိတ်ထားလေ့ရှိသော ဦးမိုးသစ် အခန်းကို အရင်က သူ မမြင်ဖူးပါ။ သူ အခန်းတံခါးကို အသာတွန်းဖွင့်လိုက်သည်။ ကျဉ်းကျပ်သော အခန်းအနေအထားကို စိတ်မသက်သာစွာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ရှိတာက တစ်ယောက်အိပ် ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ထိုင်ခုံတစ်လုံး ဒါပဲဖြစ်၏။

သူ့ကိုအခန်းထဲမှာ လာအိပ်ပြောပြီး အိပ်စရာနေရာ ရှာမတွေ့။

သူ့ဘယ်မှာ အိပ်ရမှာလဲ။ ဦးမိုးသစ်က တဝါးဝါး သမ်းပြီး တစ်ရေးနိုးလာပုံနှင့် ...

"မင်း အလုပ်ပြီးသွားပြီလား၊ လာ ... ဒီမှာ လာအိပ်"

"ဒီနေရာမှာ ... ဟုတ်လား အန်ကယ်လ်"

"ဟုတ်တယ်လေ၊ လာအိပ် ... လာအိပ်"

ဦးမိုးသစ်က သူ့ဘေးနားမှာ ပိုနေသော နှစ်ထွာခန့် နေရာသေးသေးလေးကို ညွှန်ပြပြီး တစ်ဖက်သို့ စောင်းကာ ပြန်အိပ်သွား၏။

တစ်ယောက်အိပ်ခုတင် သေးသေးလေးမှာ နှစ်ယောက်အိပ်ရမည့်အပြင် ဦးမိုးသစ် ခန္ဓာကိုယ်ကြီးက သူ့နှစ်ဆ ရှိလေသည်။ မတတ်နိုင်တော့။ သူလည်း အရှမ်းပင်ပန်းနေပြီ။





ဦးမိုးသစ် နံဘေးမှာပဲ ကျုံ့ကျုံ့လေးနှင့် ခွေခွေလေး ဝင်ကွေးလိုက်သည်။ သူ အိပ်ပျော်ခါနီး အချိန်မှာပင် လွင့်စဉ်ကျ သွားသော နာကျင်မှုနှင့်အတူ လန့်နိုးလာသည်။

သတိပြုမိတော့ သူက ခုတင်အောက်မှာ ခွေခွေလေး။ ဦးမိုးသစ်က တစ်ခဏအတွင်း လူးလဲထလာပြီး ...

"ဆောရီးကွာ၊ ငါ ယောင်ပြီး မင်းကို ကန်မိတယ်ထင်တယ်"

အငြိုးနှင့် လုပ်နေသလား ထင်ရအောင် ကြမ်းပြင်နှင့် လှလှကြီး မိတ်ဆက်မိတာကြောင့် သူ့ အတော်ကို နာကျင်သွားခဲ့သည်။ သူ ဘာပြောနိုင်မှာလဲ။

"ကဲ ... ကဲ ... လာပြန်တက်အိပ်"

"ဟုတ်ကဲ့"

သူ ခုတင်ပေါ်တက်ပြီး ပြန်အိပ်ပျော်မလို့ရှိသေး ဦးမိုးသစ်ဆီမှ ဟောက်သံကြားနေရပြီ။ ပထမတော့ ခပ်တိုးတိုး၊ နောက်တော့ တဖြည်းဖြည်း ကျယ်လာသည်။ ကျယ်လာတာမှ စည်တီးဝိုင်းလား အောက်မေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သူ ပေတောပြီး အိပ်ကြည့်သေးသည်။ မရ။ စည်းချက်ညီညီနှင့် အောင်မြင်စွာ ထွက်လာသော ဟောက်သံက သူ့ကို ကြီးစွာသော အနှောင့်အယှက် ဖြစ်စေသည်။ ဒီပုံအတိုင်းဆို သူ အိပ်ရတော့မည် မဟုတ်။

"အန်ကယ်လ် ... အန်ကယ်လ် ... အရမ်းမဟောက်ပါနဲ့ဗျာ၊ ကျွန်တော် အိပ်လို့မရဘူး"

"ဟောက်တာပဲကွာ၊ ငါ ဘယ်လိုလုပ်ပြီး သိမှာလဲ။ မကျေနပ်ရင် မင်းလည်း ဟောက်ပေါ့"

ရှင်းရော ... မကျေနပ်ရင် မင်းလည်းဟောက်ပေါ့တဲ့။ သူ ဘယ်လိုလုပ်ရမလဲ။ ရူးတောင် ရူးချင်လာပြီ။ သူ ငုတ်တုတ်ထထိုင်လိုက်သည်။ ပြီးတော့ ခေါင်းရင်းစားပွဲပေါ်မှာတွေ့သော ဂွမ်းထုပ်ထဲမှ ဂွမ်းအချို့ကို အသုံးချလိုက်သည်။

ကဲ ... အေးရော။ ဟောက်ချင်သလောက်သာ ဟောက်တော့။ သူ စိတ်ချလက်ချ အိပ်နိုင်ပြီ။ အောင်မြင်စွာ အိပ်ပျော်ခါနီးမှာပင် အရှိန်နှင့် လွင့်ကျသွားပြန်သည်။





အားလားလား ... နာလိုက်တာ။ သူ့ဘာသာ ပြုတ်ကျတာလား၊ ဦးမိုးသစ် ကန်ချတာလား ဆိုတာတောင် မခွဲခြားနိုင်တော့။

"ဒီတစ်ခေါက် မင်းဘာသာ ပြုတ်ကျတာနော်၊ ငါနဲ့မဆိုင်ဘူး"

သူ ပြုတ်ကျတိုင်း ဦးမိုးသစ် နိုးထလာတာတော့ အံ့သြစရာ။

ခုတင်ပေါ်သို့ ကြိုးစားတက်ပြီး ပြန်အိပ်လိုက်သည်။ ခဏကြာတော့ ပြန်ပြုတ်ကျပြန်သည်။

ဒီညတော့ သူ အိပ်ရမည် မထင်တော့။

"ကျွန်တော် အောက်မှာပဲ အိပ်တော့မယ် အန်ကယ်လ်"

"ရပါတယ်ကွာ၊ လာ ... အပေါ်တက်အိပ်ပါ"

ဦးမိုးသစ် ရွှေ့ပေးသော်လည်း နေရာက ပိုပြီးမတိုးလာခဲ့။ နစ်ထွာလောက်သော နေရာလေးကို စိတ်ပျက်စွာကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အောက်မှာပဲ အိပ်လိုက်တော့မယ် အန်ကယ်လ်၊ အန်ကယ်လ် အပေါ်မှာပဲ လွတ်လွတ်လပ်လပ် အိပ်ပါ၊ ရပါတယ်"

"အောက်မှာအိပ်မယ်ဆိုတော့ အိမ်သာနဲ့ နီးနေပြီ၊ ဖြစ်ရဲ့လား"

အခုချိန်မှာ သူ့အတွက် အရေးကြီးဆုံးက အိပ်ရေးဝဝ အိပ်စက်ဖို့သာ ဖြစ်၏။ ဘယ်နေရာဖြစ်ဖြစ် အရေးမကြီးတော့။

"ဖြစ်ပါတယ် အန်ကယ်လ်၊ ဖြစ်ပါတယ်၊ စိတ်ချပါ"

ခေါင်းအုံးနှင့် စောင်ကို ဆွဲချပြီး ကြမ်းပြင်ပေါ်မှာ နေရာယူလိုက်သည်။ သူ့ရဲ့ မျက်နှာချင်းဆိုင် တည့်တည့်မှာက အိမ်သာဖြစ်၏။ အာအနံ့မှ မရှူရှိုက်မိစေဖို့ ဆုတောင်းရင်း သူ မှေးခနဲ အိပ်ပျော်သွားသည်။

ခဏလေးမှ ခဏလေးဖြစ်၏။ အိပ်မက်ထဲတွင် သူ ချောက်ကမ်းပါးထဲ ခုန်ချဖို့ ဟန်ပြင်နေစဉ် ခြေသလုံးမှ မခံမရပ်နိုင်အောင် နာကျင်လာ၏။





"အား"

နာကျင်မှုနှင့်အတူ သူ အော်မိစဉ် အပြင်ဘက်သို့ အသံထွက်ကာ ခြေသလုံးကလည်း မတန်တဆ နာကျင်နေ၏။ ဖျတ်ခနဲ မီးအလင်းရောင်နှင့်အတူ ဦးမိုးသစ်ကို ထီးထီးကြီး တွေ့လိုက်ရသည်။

"ဆောရီးကွာ၊ မင်းကို ငါ တက်နင်းမိတယ် တူတယ်၊ ဆောရီး ... မင်းရှိနေတယ်ဆိုတာ ငါ မေ့သွားတယ်၊ ခါတိုင်းလိုပဲထင်ပြီး ထလိုက်တာ"

ဆောရီးတစ်ခွန်းတည်းနှင့် သည်းခံရတာကတော့ လုံးဝမတန်။ ဦးမိုးသစ်က မထူးဆန်းသလို ဒါပဲပြောပြီး အိမ်သာထဲ ဝင်သွားသည်။

အရာရာငြိမ်သက်သွားချိန်မှာ ဒါမျိုးက ထပ်ဖြစ်ပြန်သည်။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ သုံးခါတိုင်တိုင် ဖြစ်၏။ တောင်းပန်စကားကလည်း ဒါပဲဖြစ်၏။

"ဆောရီးကွာ ... ငါ မေ့သွားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးကွာ ... ငါ မမြင်လို့"

တောင်းပန်စကား မပြောက်သော တောင်းပန်စကား တွေက သူ ခံဖို့ချည်းသာ ဖြစ်၏။ ဒီညတော့ သူ အိပ်ပျော်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့။

"အန်ကယ်ယ် ဂန်ဖလားရှိရင် ယူထားလိုက်ပါလား၊ အဆင် ပြေတာပေါ့"

"အေး ... အေး ... ယူထားလိုက်မယ်"

ဒီတစ်ခါတော့ သူ သေချာအိပ်ရပြီ။ ဦးမိုးသစ်ကို လည်း မသိတော့။ ဂန်ဖလားကိုလည်း မသိတော့။

မနက်မိုးလင်းတော့ လက်နှစ်ဖက်ကို ခေါင်းရင်း ဘက် ဆန့်တန်းပြီး အကြောဆန့်လိုက်တော့ သူ့လက်က တစ်ခုခု တစ်ခုနှင့် သွားပြီးခိုက်မိ၏။

သူ မော့ကြည့်လိုက်တော့ ယောင်ယမ်းပြီး ထခုန် မိသွားသည်။ သူ့ခေါင်းရင်းမှာ မိန့်မိန့်ကြီး နေရာယူနေတာက ဦးမိုးသစ်၏ ဂန်ဖလားကြီးဖြစ်၏။





အချိန်ကိုက်ပင် သူ့ရဲ့နှိုးစက်ဖြစ်သော ဦးမိုးသစ်၏ အသံကို ကြားရသည်။

"ဘဲလ်ဘွိုင်း"

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်ရေးမဝပေမဲ့ မနက်မိုးလင်းတော့ အလု[...] လုပ်ဖို့ အသင့်ဖြစ်နေရသည်။

ပုံစံနှင့် စားရသည့် ကြက်ဥတစ်လုံး၊ ပေါင်မုန့်နှ[...] ချပ်ကိုစားပြီး ကော်ဖီတစ်ခွက် သောက်လိုက်တော့ သူ့ရဲ့မနက်[...] က ပြီးဆုံးသွားသည်။

ခါတိုင်းလို မီးဖိုချောင်ပြတင်းပေါက်ကနေ ခင်မျှ[...] ပေါ်လာလေမလားဟု ယောင်ယမ်းပြီး မျှော်လင့်မိသေးသည်။

ဟိုတယ်ဧည့်ခန်းမှာ ဆူညံပွက်ညံကြားတော့ ကော်[...] တစ်ခွက်နှင့် သူ နှပ်မနေနိုင်တော့။ ဟိုတယ်ခန်းမရှေ့သို့ အပြ[...] ထွက်လာခဲ့မိသည်။





"မပေးနိုင်ဘူးကွာ၊ မင်း အလုပ်ဝင်တာ ဘယ်လောက်မှ မရှိသေးဘူး၊ ကြိုထုတ်မပေးနိုင်ဘူး"

"လုပ်ပါ ဦးလေးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

အခြေအနေ ဘာမှန်းမသိသေးပေမဲ့ ပွဲမလှမှန်းတော့ [...]မိသည်။

သူ့ကိုမြင်တော့ ဘဲလ်ဘွိုင်အသစ်လေးက အားကိုး[...]ကြီး ပြေးလာကာ ...

"အစ်ကို ကျွန်တော့်ကို ကူပြီးပြောပေးပါဦး အစ်ကို"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်အမေ နေမကောင်းဘူးလို့ ဖုန်းဆက်တယ် အစ်ကို၊ အဲဒါ ကျွန်တော် ရွာခဏပြန်ချင်တယ်၊ လစာလည်း တစ်လစာ ကြိုထုတ်သွားချင်တယ် အစ်ကို၊ ကူညီပြီး သူဌေးကို ပြောပေးပါဦး"

ဘဲလ်ဘွိုင်း အသစ်လေး ဆင်းရဲတာကို သူ သိ[...]ကြောင့် စာနာသနားသွားသည်။ သူ မခံစားခဲ့ဖူးသော ဆင်းရဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဒီကောင်လေးမှာ အပြည့်ရှိနေသည်။ ဒါကြောင့်လည်း ကိုယ်ချင်းစာကာ သနားမိခြင်း ဖြစ်၏။

"အစ်ကို ကူညီပါနော်"

အားကိုးတကြီး တိုင်တည်နေသော ကောင်လေး ကြောင့် အလိုလိုနေရင်း သူ့ရဲကောင်း ဝင်လုပ်မိသွားသည်။

"ဟုတ်ပါတယ် အန်ကယ်လ်ရယ်၊ ကြို့ထုတ်ပေးလိုက်ပါ"

"ဟာ ... မင်းနဲ့ ဘာဆိုင်လို့လဲကွ"

ဦးမိုးသစ်က မဆီမဆိုင် သူ ဝင်ပါလာသည့်အတွက် ဒေါသထွက်သွားပုံ ပေါ်သည်။ မတတ်နိုင်တော့။ လူလူချင်း စာနာထောက်ထားရမည့် သဘောတရားအရ ကောင်လေးဘက်မှ ရပ်တည်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်နဲ့တော့ မဆိုင်ပါဘူး အန်ကယ်လ်၊ ဒါပေမဲ့ သူ့မှာလည်း သူ့အမေ ရောဂါဖြစ်နေတယ်ဆိုတော့ ထေး ချင်မှာပေါ့၊ ကြို့ထုတ်ပေးလိုက်ပါ အန်ကယ်လ်ရာ"





"ကြို့ထုတ်ပေးလိုက်လို့ ပြန်မလာရင် ဘယ်လိုလုပ်မလဲ၊ ငါ ဟိုတယ် ထောင်စားလာတာ အနှစ်လေးဆယ်ရှိပြီ၊ အလုပ်သမား အများကြီးလည်း ကြုံခဲ့ပြီးပြီ၊ ဒီလိုမျိုးပဲ မိုက်ဆံကြို့ထုတ်ပြီး ပြန်မလာတဲ့သူတွေ အများကြီးပဲ"

"ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်လ်ရယ်၊ ကျွန်တော့်အမေ နေမကောင်းလို့ပါ၊ ကျွန်တော် ဆက်ဆက် ပြန်လာမှာပါ"

ကိုယ့်ရဲ့ အလုပ်သမားအပေါ်တောင် စာနာထောက်ထားမှု မရှိသော ဦးမိုးသစ်ကို သူ ကြည့်ပြီး စိတ်ပျက်လာသည်။ အလုပ်ရှင် အလုပ်သမား ရှုထောင့်ကပဲကြည့်ကြည့် လူမှုရေး ရှုထောင့်ကပဲကြည့်ကြည့် ထောက်ထားစရာသာ ဖြစ်၏။

"ထုတ်ပေးလိုက်ပါ အန်ကယ်လ်၊ သနားပါတယ်၊ တခြား လူလည်း မဟုတ်ဘူး၊ ကိုယ့်ရဲ့အလုပ်သမားပဲဟာ၊ ပြီးတော့ သူ့မှာလည်း လောလောဆယ် အားကိုးစရာဆိုလို့ အန်



www.burmeseclassic.com

www.burmeseclassic.com



ကယ်လ် တစ်ယောက်ပဲ ရှိတာပါ၊ သူ အန်ကယ့်လ်ဆီကမှ မရရင် ဘယ်လိုလုပ်မလဲ၊ ဓားပြသွားတိုက်ရမှာလား၊ ဒါမှမဟုတ် သူများ ပစ္စည်းသွားခိုးရမှာလား"

မကျေနပ်စိတ်နှင့် သူ့လေသံက ပြင်းသထက် ပြင်းလာသည်။

အခုချိန်မှာ အလုပ်ရှင် ဆိုတာလည်း မရှိတော့၊ ယောက္ခမလောင်းဆိုတာလည်း မရှိတော့၊ သူ့ကို သဘောကျမကျ လက်တွေ့ စမ်းသပ်နေတာလည်း မရှိတော့။

"လူ့စိတ်ဆိုတာ ပြောလို့မရဘူး အန်ကယ်လ်၊ ထွက်ပေါက်မရှိရင် ရတဲ့နည်းနဲ့ ထွက်ပေါက်ရှာကြမှာပဲ၊ ကိုယ်နည်းနည်းလောက် ကူညီပေးရုံနဲ့ သူ့ဘဝလည်း လှသွားမယ်၊ လောကကြီးလည်း လှသွားမယ်၊ ကူညီပေးလိုက်ပါ အန်ကယ်လ်"

"နေပါဦး၊ မင်းက ငါ့ကို အမိန့်ပေးနေတာလား"





ဦးမိုးသစ် မျက်နှာကိုကြည့်ပြီး သူ လေသံပြင်းထန်သွားပြီဆိုတာ သတိပြုမိလိုက်ကာ အတတ်နိုင်ဆုံး လေသံလျှော့ချလိုက်သည်။

"ကျွန်တော် အန်ကယ့်လ်ကို အမိန့်မပေးရဲပါဘူး အန်ကယ်လ်"

"နေဦး ... နေဦး၊ ခုနက ကျော်ထွေးကို မိုက်ဆံကြိုထုတ်ပေးဖို့ အတွေးတစ်ချက် ဝင်သေးတယ်"

"ကောင်းတာပေါ့ အန်ကယ်လ်"

သူ ဝမ်းမြောက် ဝမ်းသာ ဩဘာပေးလို့တောင် ခဆုံးသေး။

"ဒါပေမဲ့ ချက်ချင်းပဲ မပေးဖို့ ဆုံးဖြတ်လိုက်တယ်၊ ဘာကြောင့်လဲ သိလား၊ မင်းကြောင့်၊ ငါပေးလိုက်ရင် မင်းက သူ့ရဲကောင်းဝင်လုပ်လို့၊ ဆရာကြီးဝင်လုပ်လို့ ပေးလိုက်ရတယ် ထင်လိမ့်မယ်၊ ဒါကြောင့်မို့လို့ မပေးဘူး၊ လုံးဝမပေးဘူး၊ မင်း ဆရာကြီးလုပ်တာကို ခံရအောင် ငါက ခပ်ညံ့ညံ့



www.burmeseclassic.com

www.burmeseclassic.com



ကောင် မဟုတ်ဘူး၊ နားလည်လား"

သွားပြီ။ ခုတ်ရာတခြား ရှရာတခြား ဖြစ်သွားပြီ။ သူ့ရဲ့စကားကြီး စကားကျယ်တွေကြောင့် ကောင်လေးတစ်ယောက် ဘာမှရတော့မည် မဟုတ်။

သူ လွန်သွားပြီဆိုတာ သိလိုက်တာကြောင့် ဘာမှ ထပ်မပြောဘဲ ငြိမ်ကုပ်နေလိုက်သည်။

"နောက်ပြီး မင်း သေချာမှတ်ထား၊ နောင်ကို စကားကြီး စကားကျယ်တွေ ငါ့ကို လာမပြောနဲ့၊ နားလည်လား"

ဒေါသတကြီး လှည့်ထွက်သွားသော ဦးမိုးသစ်ကို ကြည့်ပြီး သူ စိတ်မသက်မသာ ဖြစ်သွားသည်။ ဒီလိုလူမျိုးကို ယောက္ခမတော်ပြီး အတူနေရလျှင် သူ ဆက်ပြီးမတွေးဝံ့တော့။

"စိတ်မပျက်ပါနဲ့ ကျော်ထွေးရာ၊ မင်းလိုတဲ့ပိုက်ဆံ ငါပေးပါမယ်၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် အစ်ကိုရာ၊ တကယ် ကျေးဇူးတင်တာပါ"





ကျေးဇူးတင်စကားတွေ ဘာတွေ သူက အာရုံမဝင်။ အဘိုးကြီး ကျေနပ်အောင် အစွမ်းကုန် ကြိုးစားပြီး နေထိုင်ပြမည် စိတ်ကူးပြီးမှ ဆန့်ကျင်ပြသလို ဖြစ်သွားသည့်အတွက် သူ့ကိုယ် သူ မချင့်မရဲ ဖြစ်သွားသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ ရပ်နေသော ဦးမိုးသစ်က အထုပ်အပိုး တွေနှင့်။ သူ နားမလည်နိုင်စွာ မော့ကြည့်မိတော့ ...

"ငါ သုံးရက်လောက် ခရီးထွက်မယ်၊ ဒီဟိုတယ်မှာ မင်း မန်နေဂျာ ခဏလုပ်၊ စာရင်းအင်းတွေ သေချာလုပ်၊ ပြန် လာရင် ငါ အကုန်ပြန်စစ်မှာနော်၊ ငွေတစ်ပြားတောင် မကွာစေနဲ့"

"ဟုတ်ကဲ့ စိတ်ချပါ အန်ကယ်လ်"

ဒီတစ်ခါတော့ သူ သွက်သွက်လက်လက် ကတိ ပေးလိုက်သည်။ သူ့ကို စောင့်ကြည့်နေသော လူတစ်ယောက် မရှိတော့ဘူးဆိုသော အသိနှင့် ပေါ့ပါးလွတ်လပ်သွားသည်။





သို့သော် သူက တစ်စုံတစ်ခုကို တွေးမိသလို ဖျတ် ခနဲ လှမ်းမေးလိုက်၏။

"ဒါနဲ့ အန်ကယ်လ် ... အန်ကယ်လ် ခင့်ဆီ သွားမှာ လား"

"မင်းနဲ့ ဘာဆိုင်လဲ"

တုံ့ပြန်မှုကလည်း မြန်ဆန်သည်။ ဦးမိုးသစ်က ချက်ချင်း သူ့ကို လှမ်းဟောက်သည်။ သို့တိုင်အောင် မဝံ့မရဲနှင့် ဆက်ပြောမိသွားသည်။

"ခင့်ကိုတွေ့ရင် ပြောပေးပါ အန်ကယ်လ်၊ ကျွန်တော်က သတိရပါတယ်လို့"

"......"

ဦးမိုးသစ်က သူ့ကိုပွစိ ပွစိ ဆဲရေးရင်း ထွက်သွား တော့ သူ ပြုံးလိုက်သည်။ အခုလောလောဆယ်တော့ သူက ဒုတိယဦးမိုးသစ် ဖြစ်သွားသည်။ သူ့ပဲ မန်နေဂျာ၊ သူပဲ အလုပ် သမား။



www.burmeseclassic.com

www.burmeseclassic.com



ဘာပြဿနာမှ မရှိဘဲ တစ်နေ့တာ ကုန်ဆုံးချိန်မှာတော့ ပြဿနာက မဖိတ်ခေါ်ဘဲ ရောက်လာခဲ့လေ၏။ ပြီးတော့ ထိုပြဿနာကို သယ်ဆောင်လာသူသည် အင်မတန် လှပသော အမျိုးသမီး ဖြစ်နေခဲ့သည်။

"အိုအေစစ်ဟိုတယ်က ကြိုဆိုပါတယ် ခင်ဗျာ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

အိတ်တစ်လုံးဆွဲပြီး ဟိုတယ်ထဲ ဝင်လာသော အမျိုးသမီးသည် ဘာအပြစ်မှ ပြောစရာမရှိအောင် လှပကာ ဆွဲဆောင်မှုအပြည့်ရှိသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်လေ၏။

"မ ... အခန်းတစ်ခန်းလောက် လိုချင်ပါတယ်"

"ရပါတယ် ခင်ဗျာ၊ အစ်မ တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်၊ မ,တစ်ယောက်တည်းပါ"

ဒီဟိုတယ်မှ လုပ်လာသော သက်တမ်းတစ်လျှောက်မှာတော့ အမျိုးသမီးငယ်ငယ် တစ်ယောက်တည်း လာတည်းတာ မကြုံဖူးခဲ့သေး။





"အစ်မ အမျိုးအိမ်တွေ ဘာတွေ မရှိဘူးလား၊ ရှိရင် အဲဒီမှာ သွားတည်းပါလား"

"မင်းကလည်းကွယ်၊ မင်းဟိုတယ် ပိုက်ဆံရတာတောင် မ,ကို ငြင်းချင်သေးလား"

"မဟုတ်ပါဘူး အစ်မရယ်၊ မိန်းမလေးတစ်ယောက်တည်း မသင့်တော်ဘူး ထင်လို့ပါ၊ အစ်မ တည်းမယ်ဆိုလည်း ကျွန်တော် အဆင်ပြေအောင် စီစဉ်ပေးပါမယ်"

"ကျေးဇူးတင်ပါတယ် မောင်လေးရယ်"

ချိုချိုနွဲ့နွဲ့ အသံလေးက စမ်းချောင်းလေး တစ်ခု စီးဆင်းနေသလို အေးအေးငြိမ့်ငြိမ့်။ သူကတော့ ခင် ရှိနေပြီဖြစ်သဖြင့် ဘယ်မိန်းကလေးမှ ထပ်ပြီး စိတ်ဝင်စားလို့ မရတော့။

"ဒါနဲ့ မောင်လေးကကော ဒီဟိုတယ်မှာ အိပ်တာလား"

"ဟုတ်ကဲ့"

"ဒါဆိုရင် မကို မောင်လေးနဲ့ ကပ်လျက်အခန်း ပေးပါ"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နီဗွေးဗွေး နှုတ်ခမ်းအစုံနှင့် ပြုံးလိုက်ပုံက ပိုင်ပိုင်နိုင်နိုင် ရှိလှသည်။ မိန်းမတစ်ယောက်၏ အပြုံးကို ဝေဖန်ဖို့ဆိုတာထက် အဆိုးမြင်ဝါဒနှင့် မပြောချင်သဖြင့် သူ နှုတ်ဆိတ်သွားသည်။

"ဩော် ... မောင်လေးအခန်းဘေးမှာ ဆိုတော့ မ,အတွက် စိတ်ချရတာပေါ့ မဟုတ်ဘူးလား"

"ဟိုလေ ... ကျွန်တော့်ဘေးက အခန်းလေးက အရမ်းကျဉ်းတယ်၊ အစ်မအတွက်ဆိုရင် အဆင်ပြေမှာ မဟုတ်ဘူး၊ အစ်မအတွက် အဆင်ပြေတဲ့အခန်း စီစဉ်ပေးပါ့မယ်"

"ကျဉ်းတာက အရေးမကြီးပါဘူးကွယ်၊ လုံခြုံစိတ်ချဖို့က အရေးကြီးပါတယ်၊ မောင်လေး ရှိနေရင် မ,အတွက် လုံခြုံမယ်လို့ ထင်ပါတယ်"

ညီသည် ဆလိုရှိနေသော အခန်းကို ပေးဖို့တာဝန်ရှိသဖြင့် တောင်းဆိုသော အခန်းကိုပင် ပေးလိုက်ရသည်။

သူက အခန်းသော့ကို လှမ်းပေးရင်း ...





"ကောင်းသောညပါ အစ်မ"

"သင့်ခ်ယူပါကွယ်"

ညဆယ့်တစ်နာရီထိုးတော့ သူ့အလုပ် အားလုံးပြီးဆုံးသွားပြီဖြစ်သဖြင့် အခန်းထဲ ဝင်အိပ်လိုက်သည်။ အိပ်ရာပေါ် လှဲခါစ ရှိသေးသည်။ အခန်းတံခါးခေါက်သံက ထွက်ပေါ်လာ၏။

ဘယ်သူများလဲဆိုသော အတွေးနှင့် တံခါးကို ထဖွင့်တော့ ညီ့သည်မမ ဖြစ်နေ၏။

"ဘာဖြစ်လို့လဲ အစ်မ"

"ဟိုလေ ... အခန်းထဲက ဘာသံလဲမသိဘူး၊ ကြားရတယ်၊ မ,ကြောက်လိုက်တာ မောင်လေးရယ်"

"အစ်မ စိတ်ထင်လို့ပါ၊ ကျွန်တော်တို့ ဟိုတယ်မှာ ဘာမှမရှိပါဘူး၊ အစ်မ စိတ်ချလက်ချသာ အိပ်ပါ၊ ဘာမှမဖြစ်စေရပါဘူး"

သူ့ဘက်က ခံဝန်ကတိတွေ ပေးနေစေမဲ့ ညီ့သည်မမက ကြောက်ရွံ့နေသော ပုံစံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အိုး … မ,ကြောက်တယ်၊ တစ်ယောက်တည်း မအိပ်ရဲဘူး၊ မောင်လေး အခန်းထဲမှာ ဝင်အိပ်ပါရစေနော်"

အခုမှပဲ အနီးကပ်ဆုံး အန္တရာယ်ကို သူ မြင်တွေ့ရသည်။ ရေမွှေးနံ့ ခပ်သင်းသင်းနှင့် ညဝတ်အင်္ကျီပါးပါးနှင့် မိန်းမလှတစ်ယောက်။ အနိုက်အတန့်မှာတော့ သူက ကံအကောင်းဆုံးယောက်ျား ဖြစ်နေ၏။

"နော် … မောင်လေးနော်၊ မ,မနက်အစောကြီး ထပြန်မှာပါ၊ ဘယ်သူမှ မသိစေရပါဘူး၊ စိတ်ချပါ၊ မ,တကယ်ကြောက်လို့ပါ မောင်လေးရယ်"

နူးညံ့သော လက်တစ်ဖက်က သူ့ပခုံးကို လာရောက်ပွတ်သပ်၏။ သို့သော် သူက အလကားရတာကော ငွေပေးရတာပါ ဘာမှအလိုမရှိ။ ခင့်အပေါ် သစ္စာရှိမည်ဟု ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကို ဘာနှင့်မှ အတိမ်းအစောင်း မခံနိုင်။

"စိတ်မရှိပါနဲ့ အစ်မ၊ မသင့်တော်ပါဘူး၊ အစ်မ တကယ်မအိပ်ရဲဘူးဆိုရင် ညှော်ခန်းမှာ သွားအိပ်ပါ၊ ကျွန်တော် ကောင်တာထိုင်ပြီး စောင့်ပေးပါ့မယ်"





ဒါ ညှော်သည်တစ်ယောက် အပေါ် သူ့ဘက်က အတတ်နိုင်ဆုံး လိုက်လျောပေးထားခြင်း ဖြစ်၏။

စိတ်ဆိုးမာန်ဆိုး မျက်စောင်းတစ်ခုနှင့်အတူ တံခါးဆောင့်ပိတ်သံ။ သူ ဘာမှမတတ်နိုင်တော့သလို ပခုံးတွန့်လိုက်သည်။

ထိုခဏလေးမှာ သူ့ တမ်းတမိတာက ဦးမိုးသစ် အမြန်ပြန်လာဖို့ဖြစ်၏။

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကြတော့ ဦးမိုးသစ်က သုံးရက်မက တစ်ပတ် ကြာသွားခဲ့သည်။ ဦးမိုးသစ် သွားတုန်းက လွတ်လပ်ပြီဆိုပြီး သူ ပျော်ရွှင်ခဲ့သလောက် ပြန်လာတော့လည်း ဘာတာဝန်မှ မရှိတော့သလို ပေါ့ပါးသွား၏။

ဦးမိုးသစ်က ပြန်ရောက်ရောက်ချင်းပင် စာရင်းစစ်၏။ စာရင်းစာအုပ်ကြီးကို မျက်မှန်ကြီးနှင့် သေချာကြည့်နေပုံက စာရင်းစာအုပ်ထဲ ဖောက်ဝင်သွားမလား အောက်မေ့ရသည်။

“အန်ကယ်လ်ရယ် နားပါဦးလား၊ ပြီးမှ အေးအေးဆေးဆေးကြည့်လည်း ရပါတယ်၊ ကျွန်တော်လည်း ထွက်မပြေးဘူး၊ စာရင်းတွေလည်း အတောင်ပံ မပေါက်ပါဘူး”





“မနားတော့ဘူး၊ ကားပေါ်မှာ နားခဲ့ပြီးပြီ၊ နေပါဦး ... စာရင်းထဲမှာ ရေးထားတာက ဧည့်သည် ရှစ်ယောက်၊ ဗိုက်ဘုတ်မှာ ရေးထားတာက ကိုးယောက်၊ ဘယ်လိုဖြစ်လို့ ကွာနေရတာလဲ”

“ဟုတ်တယ် အန်ကယ်လ်၊ တစ်ယောက်က ပိုက်ဆံမရတဲ့ ဧည့်သည်မို့လို့ စာရင်းထဲ မထည့်ထားတာပါ အန်ကယ်လ်”

“ပိုက်ဆံမရတဲ့ ဧည့်သည်၊ ဟုတ်လား”

“ဟုတ်ကဲ့”

သူက ဘာမှမဖြစ်လောက်ဘူး အထင်နှင့် ရဲရဲဝံ့ဝံ့ပင် ဝန်ခံလိုက်သည်။

မနေ့က လိပ်စာမှားရောက်လာသော လူတစ်ယောက်ကို သူ လက်ခံထားခဲ့မိသည်။ ထိုလူမှာ မြောင်းမြဘက် ရွာတစ်ရွာမှလာသော လူဖြစ်ပြီး အသိဘုန်းကြီးကျောင်းကို ရှာကာ မှားလည်လာခြင်းဖြစ်၏။

www.burmeseclassic.com



ထပ်ရှာဖို့ ဆိုတာလည်း ညဘက်ကြီး ဖြစ်နေသဖြင့် အဆင်မပြေပြန်။ ပိုက်ဆံပေးနိုင်မှုလည်း မပေါ်သော ထိုလူကြီးကို သူကပဲ ဒီမှာ အခကြေးငွေ မယူဘဲ တည်းစေခဲ့တာဖြစ်၏။

အချိန်ကိုက်ပင် သူ အခမဲ့တည်းခိုစေခဲ့သော လူကြီးကလည်း အခန်းထဲမှထွက်လာကာ သူ့ကို နှုတ်ဆက်လေ၏။

"မောင်ရင်လေး … ဦးလေး ပြန်တော့မယ်"

"ဟုတ်ကဲ့ ဦးလေး၊ ညက အိပ်ပျော်ရဲ့လား"

"ပင်ပန်းလို့လား မသိပါဘူးကွယ်၊ အိပ်လိုက်တာ တုံးခနဲပဲ၊ ဘာမှမသိဘူး၊ မိုးအလင်း တစ်ရေးပဲ"

"ကောင်းတာပေါ့ ဦးလေးရယ်၊ အားရှိတာပေါ့"

"ကျေးဇူးတင်ပါတယ် မောင်ရင်လေးရယ်၊ မင်းသာမကူညီရင် ညက ဦးလေး လမ်းဘေးမှာ အိပ်ရမှာ၊ မင်းကူညီလို့ ဦးလေး အေးအေးဆေးဆေး အိပ်ရတာ တကယ်ကျေးဇူးတင်ပါတယ်ကွာ၊ ရန်ကုန်မြို့မှာ မင်းလိုလူမျိုး ရှိသေးတာ ဦးလေး တကယ်အံ့ဩတယ်၊ သွားတော့မယ်နော်"





"ဟုတ်ကဲ့ ဦးလေး၊ ဂရုစိုက်ပြီး သွားနော်"

ညွှသည် ဦးလေးကြီး ထွက်သွားသည်နှင့် သူ ဦးမိုးသစ်နှင့် ထိပ်တိုက် ရင်ဆိုင်ရတော့သည်။

"နေပါဦး၊ မင်းကတော့ ကျေးဇူးတွေရလိုက်တယ်၊ ငါက ဘာရလဲ"

"ဟဲ ဟဲ … ဦးလေးလည်း ကုသိုလ်ရပါတယ်"

"ဘယ်လိုလုပ် ရမှာလဲကွ၊ ငါမှ မကျေနပ်တာ"

"ဒါဆိုရင် ကျေနပ်လိုက်ပါ ဦးလေးရာ၊ ကုသိုလ်ရပါတယ်"

"အပိုတွေ ပြောမနေနဲ့၊ ဒီကိစ္စ ဘယ်လိုရှင်းမှာလဲ"

"ဘာရှင်းရဦးမှာလဲ အန်ကယ်လ်ရဲ့"

ဦးမိုးသစ်က သူ့ကို စိတ်ပျက်သလို ကြည့်ပြီး "ကျွတ်"ခနဲလုပ်ကာ …

"မင်းကို ငါပြောမယ်၊ ငါ ဟိုတယ်ဖွင့်ထားတာ ကယ်ဆယ်ရေးဂေဟာ ဖွင့်ထားတာ မဟုတ်ဘူး၊ အခမဲ့ တည်းတာတွေ ဘာတွေ လက်မခံနိုင်ဘူး၊ နားလည်လား"

"တစ်ခါတလေပါ အန်ကယ်လ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"အစရှိရင် နောက်နောင်တဲ့၊ အဲဒီလူ နောက်တစ်ခါ ထပ်လာရင် မင်း ဘယ်လိုရှင်းမလဲ"

သူ မဖြေနိုင်။ သူပိုင်သော ဟိုတယ် မဟုတ်သဖြင့် အဖြေခက်နေသည်။

"ဘယ်လိုလဲ၊ မဖြေနိုင်ဘူး မဟုတ်လား၊ အခန်းခယူရ အခွက်ါမယူရအခက် ဖြစ်နေတယ် မဟုတ်လား၊ အလကား တည်းလို့ ရပါတယ် ဆိုပြီး ရွာက ဆွေမျိုးတွေ တစ်အုပ်ကြီး ခေါ်လာရင်ကော မင်း ဘယ်လိုရှင်းမလဲ"

"အဲဒါက ... ဟိုလေ ..."

"ဦးနောက်သုံးစမ်းပါ၊ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်မှပေါ့၊ မတော်လို့ ဒီလူကြီးက ငါ့ဟိုတယ်မှာ သေသွားရင်ကော၊ ဘယ်ကလာမှန်းလဲ မသိ၊ ဘယ်လိုလူမှန်းလဲ မသိနဲ့၊ ဘုန်းကြီးအမှု ရွာမပတ်ရင် ကံကောင်း"

ဦးမိုးသစ်၏ အကယ်၍တွေက များလွန်းနေသော်လည်း သူ့မှာ ထိုအကယ်၍ကို ချေပနိုင်သော စကားမရှိ။





ယောက္ခမလောင်း သဘောကျအောင် နေရမည်ဆိုသော အသိက ခေါင်းထဲစွဲနေသည်။

အချိန်ကလည်း နောက်နှစ်ပတ်သာ ကျန်တော့သဖြင့် သိပ်မရှိလှတော့။ ကျန်သည့် အချိန်လေးမှာ ဦးမိုးသစ် သဘောကျနေထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် မှားပါတယ် အန်ကယ်လ်"

"အေး ... ဒါဆိုရင် ပြီးရော၊ ဟိုတယ်မှာ အလုပ်လုပ်နေတာ၊ ကယ်ဆယ်ရေးဂေဟာမှာ အလုပ်လုပ်နေတာ မဟုတ်ဘူးဆိုတဲ့ အချက်ကိုတော့ သေချာမှတ်ထား"

"ဟုတ်ကဲ့"

သို့တိုင်အောင် ဦးမိုးသစ် မျက်နှာပေါ်၌ ကျေနပ်သော အပြုံးကို မတွေ့ရ။ တကယ်နားလည်ရခက်တဲ့ အဘိုးကြီးပဲ။ သူ ရင်မောစွာ သက်ပြင်း အသာချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်အတွင်းပိုင်း ဆေးတွေက အတော့်ကိုပျက်စီးနေပြီ။ အဖြူရောင်ဆေးတွေ ဝါကျင့်ကျင့် အရောင်ပြောင်းပြီး တချို့က ကွာကျနေပြီဖြစ်၏။ နည်းနည်းလေးမှ ကြည့်မကောင်းတော့။

အပြင်ဘက်မှ ကြည့်လျှင် ဟောင်းနွမ်းနေသော ဟိုတယ်အဆောက်အအုံက အထဲဝင်ကြည့်တော့ ပိုဆိုးသည့်အနေအထားမျိုး ဖြစ်နေ၏။

အိပ်ခန်းတွေထဲမှာ ထည့်ထားသော ပရိဘောဂတွေကလည်း အတော်ကြီးကို ဟောင်းနွမ်းဆွေးမြည့်နေပြီ။ တချို့ ခုတင်တွေဆိုလျှင် ခြစားပြီး ခုတင်တိုင်တွေတောင် မညီညာတော့။



သူက လဲလှယ်ရမည့် အခြေအနေနှင့် ပြင်ဆင်ရမည့် အနေအထားကို အသေးစိတ် လိုက်ကြည့်နေမိသည်။ ရေပိုက်ခေါင်းနှင့် ဘေစင်တွေကလည်း ခေတ်မမီတော့ အတော်ကြီးကို ဒီတ်အောက်နေပြီ။

အိမ်သာတွေကိုလည်း ဘိုထိုင်အသွင်ပြောင်းမှ ကြည့်ပျော်ရှုပျော် ရှိပေလိမ့်မည်။

စာကြည့်စားပွဲတွေကလည်း ဘာအရောင်မှ မရှိတော့။ ပေါ်လစ်ပြန်တင်မှ ဖြစ်မည်။

ဒီဟိုတယ် အခြေအနေမျိုးနှင့် ဆိုလျှင်တော့ တစ်ခါတည်းပြီးလျှင် နောက်တစ်ခါ ပြန်လာဖို့ဆိုတာ မလွယ်ကူတော့။ ညှိုသည်ဝင်တစ်ချက် မဝင်တစ်ချက် ဖြစ်နေသော ဟိုတယ်ငယ်လေး၏ အခြေအနေက ခပ်ယိုင်ယိုင်။

နောက်တစ်ပတ် ဦးမိုးသစ် ခရီးထွက်သည့်အချိန်မှာတော့ သူက အားလုံးကို ပြောင်းလဲပစ်လိုက်လေသည်။ ဟိုတယ်ကို ခဏာပိတ်ကာ ဆေးအသစ် ပြန်သုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိဘောဂအားလုံးကို ပြင်သင့်တာပြင်၊ အသစ်လဲသင့်တာ လဲပစ်လိုက်သည်။ အိမ်သာတွေ၊ ဘောစင်တွေ၊ ရေပိုက်ခေါင်းတွေ အားလုံးကို အသစ်ပြောင်းတပ်ကာ ခြံဝင်းအတွင်းကိုလည်း ပန်းများနှင့် လှပစေလိုက်သည်။

ဟိုတယ်ကြော်ငြာနှင့် ပတ်သက်သော လက်ကမ်းစာစောင်တွေကိုလည်း အလုပ်သမားတွေငှားပြီး လိုက်ဝေခိုင်းသည်။

ထိုနေ့က ဦးမိုးသစ် ပြန်လာတော့ ကားနောက်ခန်းမှာ ခင် ပါလာသည့်အတွက် သူ ဝမ်းသာပျော်ရွှင်သွားသည်။

ခင့်ကို လွမ်းဆွတ်သတိရနေခဲ့တာ အတော်ကြာခဲ့ပြီမို့ သူမ မျက်နှာလေးကို မက်မောတမ်းတစွာ စိုက်ကြည့်မိသည်။

"ဟာ ... ဒါက ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်သွားတာလဲ"

ဦးမိုးသစ်က ကားပေါ်မှဆင်းပြီး တအံ့တဩ ဆိုတော့ သူ ကျေနပ်စွာ ပြုံးလိုက်မိသည်။ ဒီဟိုတယ်လေးကို ကိုယ့်ရဲ့ကိုယ်ပိုင်အရာလေးလို ပြောင်းလဲပစ်နိုင်လိုက်သည့်အတွက် သူ ကျေနပ်၍မဆုံး။





"ကျွန်တော် လုပ်လိုက်တာပါ အန်ကယ်လ်"

"ဟော့ ... မင်းကို ဘယ်သူလုပ်ခိုင်းလို့လဲ၊ ငါခိုင်းခဲ့လို့လား"

"မခိုင်းခဲ့ပါဘူး၊ ကျွန်တော့်သဘောနဲ့ ကျွန်တော် လုပ်တာပါ"

နေရာတကာ ကန့်လန့်တိုက်တတ်သော ဦးမိုးသစ်ကို ထိပ်တိုက်ရင်ဆိုင်ဖို့ သူ အဆင်သင့် ပြင်ပြီးသား ဖြစ်၏။ ကောင်းသောရလဒ်နှင့်အတူ ဒီဟိုတယ်ငယ်လေး အောင်မြင်စေချင်တာ သူ့ရဲ့စေတနာဖြစ်၏။

"ငါ မခိုင်းဘဲနဲ့ မင်း ဘာလို့ လုပ်ရတာလဲ"

"ဩော် ... အန်ကယ်လ်ရယ်၊ ဈေးကွက်စီးပွားရေးတွေက ကျယ်ပြန့်လာပြီလေ၊ အခုလို ပြုပြင်ပြောင်းလဲတာမျိုးမှ မလုပ်ရင် နောင်ဆိုရင် အန်ကယ့်လ်ဟိုတယ် တည်းမဲ့သူတောင် ရှိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသစ်က ဘာမှမပြောသေးဘဲ ဟိုတယ်လေးကို တွေတွေကြီး စိုက်ကြည့်နေလေ၏။ သူ့ကို အပြစ်တင်ဖို့အကြောင်း ရှာနေတာပဲ ဖြစ်မည်။

"အန်ကယ်လ် ကျွန်တော့်ကို အပြစ်တင်ချင်ရင် တင်ပါ၊ ရပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဘာလုပ်ထားလဲ ဆိုတာ အန်ကယ်လ် လိုက်ကြည့်ပါဦး"

"မင်း ဘာတွေလုပ်ထားလဲ"

"လာ ... အန်ကယ်လ်၊ ကျွန်တော် လိုက်ပြမယ်"

ခင် ရှိနေသည်ဆိုသော အသိစိတ်နှင့် သူက ဂုဏ်ယူဝင့်ကြွားစွာပင် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ပြမိလေ၏။

"အခန်းတိုင်းကို ဆေးသုတ်ပြီး ဝေါပေပါတွေ ကပ်လိုက်တယ် အန်ကယ်လ်၊ ခုတင်တွေကတော့ ပုံစံတုံးနေပြီဆိုတော့ အားလုံး အသစ်လဲပစ်လိုက်ရတယ်၊ စားပွဲတွေကတော့ ပေါ်လစ်ပြန်တင်ထားတာပါ"

"ဟာ ... မင်းက အဲဒီယားကွန်းတွေပါ တပ်လိုက်တာလား"





"ဟုတ်ကဲ့ အန်ကယ်လ်၊ အခန်းတိုင်းတော့ မဟုတ်ပါဘူး၊ အခန်းဖွားတဲ့ အခါကျတော့ အဲယားကွန်းပါတဲ့ အခန်းဆိုပြီး ဈေးကွာသွားတာပေါ့၊ အန်ကယ်လ် ကြည့်ပါ၊ ပိုင်ရှင် တစ်ယောက်အနေနဲ့ မဟုတ်ဘဲ ဧည့်သည်တစ်ယောက် အနေနဲ့ ကြည့်ပါ"

"မကြိုက်ဘူးကွာ၊ လုံးဝမကြိုက်ဘူး"

"ကောင်းပါတယ် ဒယ်ဒီရဲ့ ဘာဖြစ်လို့လဲ၊ သမီးတောင် ဒယ်ဒီ့ဟိုတယ်ကို စိတ်ဝင်စားသွားပြီ"

"သမီး ဝင်မပါနဲ့၊ ဒယ်ဒီ ဒီကောင့်ကို ပြောနေတာ၊ ပြောစမ်းပါဦး၊ မင်း ဘယ်ကငွေနဲ့ လုပ်လဲ"

ဒီတစ်ခါတော့ သူ့လေသံက ဂုဏ်ယူဝင့်ကြွားခြင်း မရှိတော့။ တိုးတိမ်ဖျော့တော့လွန်းလှသည်။

"ဆေးသုတ်တာကတော့ ဟိုတယ်ကရတဲ့ ပိုက်ဆံနဲ့ပဲ ပြီးသွားတယ် အန်ကယ်လ်၊ ရေချိုးခန်းဝစ္စည်း ဝယ်တာနဲ့ ဝိုရိုဘာဂဝယ်တာတော့ အကြွေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အကြွေး ... ဟုတ်လား"

"ဟုတ်ကဲ့ ... အားလုံး အန်ကယ့်လ်နာမည်နဲ့ အကြွေးယူထားပါတယ်"

"ဘာ ... ဘာပြောတယ်၊ ငါ့နာမည်နဲ့ အကြွေးယူထားတယ် ဟုတ်လား"

"ဟုတ်ကဲ့"

အလိုမကျခြင်းတွေ ဖုံးလွှမ်းသွားတော့လည်း သူ နှုတ်ဆိတ်နေလိုက်သည်။

ခင်ဂှာ ဦးမိုးသစ် အနောက်ကနေ တိတ်တိတ်နေဖို့ လက်ဟန်ခြေဟန်နှင့် ပြနေတာကြောင့် သူ ကျေနပ်စွာ သဘောတူလိုက်သည်။

"မင်းကွာ ... အတော်လျှာရှည်တဲ့ကောင်၊ ငါ့သဘောတူညီချက် မရဘဲ ဟိုတယ်ကို ပြင်တယ်၊ ပြီးတော့ ငါ့တောင် မသိလိုက်ဘူး၊ ငါ့နာမည်နဲ့ အကြွေးဝယ်ထားတယ်၊ ပြောစမ်းပါဦး၊ မင်းလုပ်တာ ကောင်းရဲ့လား"



ခင်နဲ့သူ မျက်လုံးချင်းဆုံပြီး အသံတိတ် စကားပြောနေတာကြောင့် ဦးမိုးသစ် စကားတွေက နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။

ဦးမိုးသစ် ဘာအပြစ်ပြောပြော ခင့်မျက်နှာ မြင်ရတာနှင့်ပင် ကျေပြီ။

"ဟေ့ကောင် ... မင်းကို ငါဆူနေတာ၊ ဘာပြုံးနေတာလဲ"

"ခင့်ကို အရမ်းလွမ်းတာပဲ"

"ခင်လည်း မောင့်ကို အရမ်းလွမ်းတယ်"

သူတို့နှစ်ယောက် အသံတိတ်စကားတွေကို ဦးမိုးသစ် ကြားမည်မထင်။ ထိုနည်းတူ ဦးမိုးသစ် စကားတွေကိုလည်း သူ မကြား။

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

"ဟေ့ကောင် ... ငါပြောတာ ဒါမဟုတ်ဘူး၊ ဘာကောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟိုတယ်ပြင်လိုက်တာ ကောင်းတယ်လို့ ပြောတာပါ၊ အခုဆို အခန်းဘွတ်ကင်တွေ အားလုံးပြည့်နေလို့ နောက်ထပ်ဧည့်သည်တွေတောင် လက်မခံနိုင်တော့ဘူး"

ဦးမိုးသစ် နှုတ်ဆိတ်သွားသော်လည်း တစ်ခဏသာ ဖြစ်၏။ ပြီးတော့ ထုံးစံအတိုင်း ပွစိပွစိနှင့် ဗျစ်တောက်ဗျစ်တောက် ပြောပြီး ထွက်သွား၏။

"အလကား ... ဘာတွေလျှောက်လုပ်နေမှန်း မသိဘူး ကြည့်ရတာ အချိုးကို မပြေဘူး၊ ပိုက်ဆံကုန်ပေါက်ပဲ ရှာနေတယ်"

သူ ချက်ချင်း အားငယ်သွားသည်။ သူက စေတနာနှင့် အားတက်သရော နေ့ညမနားဘဲ လုပ်ခဲ့ပေးရသည်။ ဒါက ရလဒ်လား။

"သမီး ခင်ရာဆွေ ရပ်ပြီး ဘာလုပ်နေတာလဲ၊ လာခဲ့စမ်း"

"သွားတော့မယ်နော် မောင်"





ခင် ခပ်တိုးတိုး နှုတ်ဆက်သွားတာကြောင့် သူ ကျေနပ်သွားသည်။ ဒီပုံစံအတိုင်းဆို သူ့အတွက် မျှော်လင့်ချက် သိပ်မရှိ။ ဘယ်လိုလုပ်ရမလဲ ခင်ရယ်။ ဝေးကြရမှာလား။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ခင် ဝေးရမှာလား။ ဒါမှမဟုတ် နီးရမှာလား။ ပဟေဠိနှစ်ခုနှင့် သူ လွင့်မျောနေသည်။ ဦးမိုးသစ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံခဲ့မိတာ မှားပြီ။

ဒီတစ်ကြိမ်မှာ သူ ရှုံးသွားလျှင် သူ့မှာ ဘာအခွင့်အရေးမှ မရှိတော့။

ခင်က သူ့ကို မေ့ပစ်ပါမည်ဟု ကတိပေးပြီးသား။ သူတို့နှစ်ယောက် ပြန်ဆုံခွင့် မရှိအောင် ဝေးသွားနိုင်သည်။ အတွေးလေးတစ်ချက်နှင့်ပင် သူ့မှာ ရင်နာရသည်။

"မောင် ဘာတွေ စဉ်းစားနေတာလဲ"

"ခင်"





ခင်သည် သူ့နံဘေးမှာ ပြုံးပြုံးလေး ရပ်နေ၏။ ဇီးနပ်နတ်သမီး၏ အပြုံးကို သူ မမြင်ဘူးသော်လည်း ခင့်အပြုံးသည် ဇီးနပ်နတ်သမီး၏ အပြုံးကို မီပေလိမ့်မည်။

"ခင့် ဒယ်ဒီရော"

"ရှိတယ်"

"ဒါဆိုရင် ..."

သူ ဖျတ်ခနဲ ဝမ်းသာသွားသည်။ ဦးမိုးသစ် သဘောတူလိုက်ပြီလား။

"ဒယ်ဒီက ပြောတယ်၊ မောင်နဲ့ နောက်ဆုံးအကြိမ် သွားတွေ့ချင်ရင် သွားတွေ့ပါတဲ့"

"နောက်ဆုံးအကြိမ်"

သူ ဝမ်းနည်းနာကျင်စွာ ရွတ်ဆိုမိသွားသည်။ သူ ဘယ်လောက်ပဲ ကြိုးစားခဲ့ ကြိုးစားခဲ့ နောက်ဆုံးရလဒ်ကတော့ သူ ရှုံးသည်ပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်၊ သန်ဘက်ခါကျရင် တစ်လပြည့်ပြီ လေ၊ အဖြေက ဘာမှန်း မသိသေးပေမဲ့ မောင်နဲ့ ကျွန်မ ဝေးရင်လည်း ဝေးသွားနိုင်တယ်၊ နီးရင်လည်း နီးလာနိုင်တယ်၊ အဖြေက ဘာမှန်းမသိတော့ မောင်နဲ့ကျွန်မ တစ်ကြိမ်လောက်တော့ တွေ့ဖို့လိုအပ်တယ်ထင်လို့ ဒယ်ဒီက ပေးတွေ့တာ"

ခင်သည် ဘာမှမသိဘဲပင် ရီးသားစွာဆို၏။ အဖြေကရှင်းနေပြီ။ ရလဒ်က ထွက်လာပြီ။ ခင်နှင့် သူ့ကို နောက်ဆုံးအကြိမ် တွေ့ခိုင်းသည် ဆိုကတည်းက ဘာအဖြေလဲ ဆိုတာ ရိပ်မိနေပြီ။

"ခင့် ဒယ်ဒီက ဒါ အဖြေပဲလို့ မပြောလိုက်ဘူးလား"

"ဟင့်အင်း မောင်၊ ဘာဖြစ်လို့လဲ"

ခင့်ကို စိတ်မညစ်စေချင်တော့။ သန်ဘက်ခါအထိ မျှော်လင့်ချက်နှင့် ပျော်ရွှင်ပါစေတော့။

"ခင့်အဖေက ဘယ်လိုလူမျိုးလဲ"





"ဒယ်ဒီလား ... ဒယ်ဒီက ဖြောင့်မတ်မှန်ကန်ပြီး သဘောကောင်းတယ်၊ ကျွန်မကိုလည်း ပျော်ရွှင်စေတယ်၊ ပြီးတော့ ကျွန်မကိုလည်း ချစ်ခင်ကြင်နာတယ်၊ အင်း ... ဒယ်ဒီသာ ရှိရင် လုံခြုံစိတ်ချမှု ရှိတယ်လို့ ကျွန်မ အမြဲခံစားမိတယ်"

မနာလိုစရာ ကောင်းလောက်သည့် မှတ်ချက်တွေဖြင့် အပြည့်ဖြစ်နေသည်။ သူ့အမြင်မှာတော့ ဦးမိုးသစ်သည် ခင်ပြောတာနှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏။

ကပ်စီးနည်းပြီး ကိုယ်ချင်းမစာတတ်၊ လူလူချင်းစည်း ညာတာထောက်ထားမှုမရှိ၊ ဒါအပြင် တစ်ဖက်စွန်းလည်းရောက်လွန်းသေးသည်။

"ခင်က ခင့်ဒယ်ဒီကို တော်တော်ချစ်တယ်နော်"

"ဟုတ်တယ်လို့ ပြောရမှာပဲ မောင်၊ မာမိက ခင် ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့တာ၊ ဒယ်ဒီကလေ ခင့်ကို လူငှားနဲ့တောင် ထားတာမဟုတ်ဘူး၊ သူကိုယ်တိုင် ခင့်ကို ပြုစုစောင့်ရှောက်ခဲ့တာ၊ ခင် မူလတန်း တက်တုန်းကဆို



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ်တိုင် ကျောင်းရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေခဲ့တာ၊ ဒယ်ဒီ့ကျေးဇူးတွေ ခင့် အပေါ်မှာ အများကြီးပဲ"

သူသည် ခင်တို့သားအဖ နှစ်ယောက်ကြားမှာ လူပိုသက်သက် ဖြစ်နေပြီလား မသိ။ ခင့်ကို တစ်ယောက်တည်း ဆွဲခွာထုတ်သွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့။

"အကယ်၍ မောင်တို့ ဝေးကြရင်ကော ခင်"

ခင်သည် သူ့ကို တိုးတိတ်ညင်သာစွာ မော့ကြည့်သည်။ ခင့်မျက်ဝန်းများ ဝမ်းနည်းနာကျင်နေကြသည်။

အဖြေသည် သူ့နှလုံးသားကို တိုက်ရိုက်ထိမှန်လေ၏။

"ကျွန်မ ဒယ်ဒီအတွက် အသက်ဆက်ရှင်ပေးပြီး မောင့်ကို တစ်သက်လုံး သတိရနေပါမယ်"

❦ ○ ❦





တိတ်ဆိတ်လွန်းသော ညမှာ ကြယ်တွေနှင့်အတူ သူ ငြိမ်သက်နေမိသည်။

မနက်ဖြန်ဆိုလျှင် တစ်လတိတိပြည့်ပြီ။ သူ နားခိုခဲ့ရာ ဒီဟိုတယ်လေးမှ ခွဲခွာရတော့မည်။

ဘာမှန်းမသိသော အဖြေတစ်ခုကို ရင်တထိတ်ထိတ်နှင့် စောင့်မျှော်ရဦးမည်။ ဘာဖြစ်လဲကွာ၊ သူ ယောကျ်ားပဲ၊ ဘာ အဖြေပဲဖြစ်ဖြစ် လက်ခံနိုင်ရမည်။

"ဘဲလ်ဘွိုင်း"

"ဟုတ်ကဲ့ အန်ကယ်လ်၊ ဘာခိုင်းစရာ ရှိသေးလဲ"

"ငါ နေမကောင်းဘူးကွာ၊ ဆေးခန်းလိုက်ပို့စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပူနေလား အန်ကယ်လ်၊ အဖျားတိုင်းပြီးသွားပြီလား"

"အေး … တိုင်းပြီးသွားပြီ၊ အဖျားက သိပ်မရှိပါဘူး၊ တစ်ရာလောက်ပဲ ရှိတာပါ၊ မနက်ဖြန် လုပ်စရာတွေရှိလို့ အရှင်းပျောက်မှ ဖြစ်မယ်၊ ရော့ … ဒီမှာ ကားသော့"

သူ ကားထုတ်ပြီး ပြန်လာတော့ ဦးမိုးသစ်က ကားရှေ့ခန်းမှာ တက်ထိုင်ပြီး …

"ငါနေမကောင်းတာ သမီးကို မပြောနဲ့၊ သူသိရင် စိတ်ပူနေဦးမယ်"

"ဟုတ်ကဲ့"

နိုင်ခံ့သော သံယောဇဉ်ကြိုးသည် သူ ထင်ထားတာထက် ရှည်လျားနေ၏။

တဖြည်းဖြည်းနှင့် သူသည် စည်းအမြင့်ဘက် ရောက်လာသလို ခံစားရသည်။

"ဟိုရှေ့မှာ ဘာဖြစ်နေတာလဲ မသိဘူး"





လမ်းမပေါ်ကြီး မရောက်ခင် လမ်းချိုးကွေ့လေးမှာ ကားမီးရောင်နှင့် မြင်ရသည်က ငိုယိုနေသော ကလေးမတစ်ယောက်နှင့် လဲကျနေသော အဒေါ်ကြီးတစ်ယောက်။

သူက အလိုလို နေရင်းပင် ကားကို ထိုးရပ်မိလျက်သား ဖြစ်နေသည်။

"ဟာ … မင်း ဘာလုပ်ဦးမလို့လဲ"

"ဘာဖြစ်တာလဲမသိဘူး အန်ကယ်လ်၊ ဆင်းကြည့်ရအောင်"

သူ ကားပေါ်ကဆင်းတော့ ဦးမိုးသစ်ပါ ကားပေါ်က လိုက်ဆင်းလာသည်။

"ကလေးမ … ဘာဖြစ်တာလဲ"

"မသိဘူး ဦးဦး၊ မူးတယ် မူးတယ် ပြောပြီး လဲကျသွားတာပဲ၊ ကယ်ပါဦး ဦးဦးရယ်၊ မေမေ့ကို ကယ်ပါဦး"

ဘာမှန်းမသိသော အခြေအနေမှာ ငိုယိုနေသော ကလေးရော၊ လဲကျနေသော လူကြီးပါ သနားစရာ။ သူက ချက်ချင်းပင် ဆုံးဖြတ်ချက်ချကာ …



www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာ သမီး၊ ကားပေါ်တက်၊ သမီးမေမေကို ဦးဦး ဆေးရုံပို့ပေးမယ်"

သူက ကလေးမအမေကို ကားပေါ်တင်ပြီး ဇဝေဇဝါ ဖြစ်နေသော ဦးမိုးသစ်ကို လှမ်းပြောလိုက်သည်။

"အန်ကယ်လ် ကျွန်တော် သူတို့ကို ဆေးရုံလိုက်ပို့လိုက် ဦးမယ်၊ အန်ကယ်လ် ဆေးခန်းကို Taxi နဲ့ပဲဖြစ်ဖြစ်၊ ဆိုက်ကားနဲ့ပဲဖြစ်ဖြစ် သွားလိုက်ပါ"

"ဟာ ... ငါ့ကို အရင်လိုက်ပို့လေ၊ ငါလည်း နေမကောင်း ဘူးလေ"

"အန်ကယ်လ်က ဘာမှမဖြစ်ဘူးလေ၊ ဒီမှာက အရေးကြီး တယ်၊ သွားပြီ အန်ကယ်လ်"

အရေးကြီးနေသောအချိန် ဖြစ်သဖြင့် သူ ဘာမှ ဆက်ပြီး မပြောနိုင်တော့။ ကားကို တစ်ရှိန်တိုး မောင်းထွက်လိုက် သည်။ ဦးမိုးသစ် ဆွေ့ဆွေ့ခုန်ပြီး ကျန်ရစ်ခဲ့တာကို ခပ်ဝါးဝါး မြင်နေရသည်။





မနက်ဖြန်အတွက် အဖြေဆိုတာ စဉ်းစားမိတော့ ရင်ထဲ ဟာဆင်းသွားသည်။ လုပ်ခဲ့သမျှ အလုပ်တွေအားလုံးက ဦးမိုးသစ်နှင့် ဆန့်ကျင်ဘက်တွေချည်းပဲ ဖြစ်နှင့်နေ၏။

ခွင့်လွှတ်ပါ ခင်ရယ်၊ ကိုယ်လည်း မင်းလိုပါပဲ၊ ကိုယ်တို့ ဝေးခဲ့ကြရင်တောင် မင်းကို တစ်သက်လုံး ချစ်နေမှာပါ။

ထိုညက ကြယ်စင်အချို့ ကြွေကျပြီး ကြယ်စင် အချို့ ပြန်လည်ရှင်သန် ထမြောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com





## နိဂုံး



သီတင်းကျွတ် အချိန်အခါ ဖြစ်သဖြင့် ခြံဝင်းများ၌ မီးရောင်၊ မီးပုံးများနှင့် လင်းလက်စွာ လှပနေကြသည်။ အိုအေစစ်ဟိုတယ်ငယ်လေးကတော့ အခုချိန်ထိ မည်းမှောင်နေဆဲဖြစ်၏။

လှုပ်ရှားနေသော စိတ်ကို လျှော့ချလိုက်သည်။ သူ ဘာမှ မျှော်လင့်စရာ မရှိတော့။ ဦးမိုးသစ် စိတ်ကျေနပ်အောင် ဘာမှ မလုပ်ပေးနိုင်ခဲ့။

သူ့ကိုယ်သူ သတိထားနေသည့် ကြားမှပင် ဆန့်ကျင်ဘက်တွေချည်း လုပ်ခဲ့မိသည်။





ဒီည..ဒီညမှကွယ်။ ဘာကိုမှန်းမသိ သူ ဝမ်းနည်းနေမိသည်။

ဟိုတယ်ငယ်လေးဆီ ငေးကြည့်နေခိုက်ပင် မီးများ ဖျတ်ခနဲ လင်းလက်လာသည်။ သူ မျှော်လင့်နေသော မီးပုံးငယ်များတော့ မပါသေး။

ခဏနေတော့ သူ့နှလုံးခုန်သံကို သူ ကြားနေရသည်။ သူ မျှော်လင့်စောင့်စားနေသော မီးပုံးငယ်များ တစ်လုံးပြီးတစ်လုံး လှပစွာ ပေါ်ထွက်လာကြသည်။

အစိမ်းရောင်များ ...။

သူ့အား အောင်နိုင်ခြင်း ပန်းတိုင်ဆီသို့ ခေါ်ယူသွားကြသော အစိမ်းရောင် မီးပုံးငယ်များ။

"ဟေး"ခနဲ အော်ဟစ်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

သူ ဘယ်လိုမှ မျှော်လင့်မထားသော အပြုံးတစ်ခုက ဖြန်းခနဲ ပြေးထွက်ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ခနဲ တက်လာသောပျော်ရွှင်ခြင်းများ၊

ယုံကြည်ခြင်းများ၊

ရဲရဲဝံ့ဝံ့ခိုင်မာခြင်းများနှင့် ၃၊ ခြေလှမ်းအစုံသည် ...။

❦ ○ ❦

ဒိုးစွမ်းပြည့်

27-9-2006.

www.burmeseclassic.com